## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
## (၄၀)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်**

**(၂၀၁၅ ခုနှစ်၊ ဧပြီလ ၇ ရက်)**

**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့ကို နံနက် ၁၀း၀၅ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၅။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

### ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦးရှိတဲ့အနက် ၃၅၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၄.၇၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားများရဲ့စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ရွှေကျင်မဲဆန္ဒနယ်မှ ဦးတင်ထွန်း ခွင့် ၁ ရက်၊

(၂) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ ခွင့် ၁ ရက်၊

(၃) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၄ ရက်၊

(၄) သံတွဲမဲဆန္ဒနယ်မှ ဦးရဲထွန်း ခွင့် ၄ ရက်၊

(၅) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း ခွင့် ၁ ရက်၊

(၆) တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ(ခ)ဦးပေါ်ကာ ခွင့် ၁ ရက်၊

**မူကြမ်း**

(၇) မံစီမဲဆန္ဒနယ်မှ ဦးထွန်းသိန်း(ခ)ဦးထွန်းထွန်း ခွင့် ၁ ရက်၊

(၈) ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် ခွင့် ၁ ရက်၊

(၉) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၄ ရက်၊

(၁၀) မိုင်းတုံမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကြည် ခွင့် ၄ ရက်၊

(၁၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်တောက်ထွန်း ခွင့် ၁ ရက်နှင့်

(၁၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင့်ဆန်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅၂ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၂ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၆၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်က အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင် တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ဖြစ်သော ၃၀-၃-၂၀၁၅ ရက်နေ့တွင် လွှတ်တော်သို့ လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ခေါင်းစဉ် နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာဖြစ်ပါတယ်။ ယခု ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်တို့က သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းပြုလုပ်ပြီး လွှတ်တော်ရဲ့ ဆန္ဒသဘောထား ရယူ၍ ဆုံးဖြတ်အတည်ပြုခြင်း၊ ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ခြင်းမပြုသည့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို အတည်ပြုခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် အချက် (၅၀) ချက်ကို ဥပဒေကြမ်းကော်မတီက တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်နဲ့ သဘောတူညီသင့်သည့်အချက် (၅၀) ချက်ကို ကျွန်တော့်အနေနဲ့ တင်ပြသွားမှာဖြစ်ပါတယ်။ အဲဒီလို မတင်ပြခင်မှာ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီအနေနဲ့ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အဆင့်ဆင့်ဆောင်ရွက်ခဲ့မှုများကို အနည်းငယ် လွှတ်တော်အား တင်ပြခွင့်ပြုပါခင်ဗျား။

**မူကြမ်း**

ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအနေနဲ့ အမျိုးသားလွှတ်တော်က ၂၆-၃-၂၀၁၅ ရက်နေ့မှာ အတည်ပြုပြီးတဲ့နောက်မှာ ပြည်သူ့လွှတ်တော်မှာ ၃၀-၃-၂၀၁၅ ရက်နေ့မှာ စတင်ပြီးတော့ ဖြန့်ဝေခဲ့ပါတယ်။ ဖြန့်ဝေတဲ့နေ့မှာပဲ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ကျွန်တော်တို့ လွှတ်တော်ကော်မတီ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွေ့ဆုံပြီးတဲ့နောက်ပိုင်းမှာပဲ ဒီ ၃၀-၃-၂၀၁၅ ရက်ကစတင်ပြီးတော့ ၃၀-၃-၂၀၁၅ ရက်၊ ၃၁-၃-၂၀၁၅ ရက်၊ ၁-၄-၂၀၁၅ ရက်နေ့များမှာ ဥပဒေကြမ်း ကော်မတီနှင့်အတူ ပညာရေးမြှင့်တင်မှုကော်မတီနဲ့ သက်ဆိုင်တဲ့ကော်မတီများဟာ ကျွန်တော်တို့နဲ့ ပူးပေါင်းဆောင်ရွက်ပြီးတော့ ဒီဥပဒေကြမ်းကို လေ့လာစိစစ်ခဲ့ကြပါတယ်။ ဒီလိုစိစစ်ရာမှာလည်း သက်ဆိုင်တဲ့ဥပဒေကျွမ်းကျင်သူ ပညာရှင်များလည်း ပါဝင်တက်ရောက်ခဲ့ကြပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ၂-၄-၂၀၁၅ ရက်နေ့မှာဆိုလို့ရှိရင် ဥပဒေကြမ်းကို အစီရင်ခံနိုင်ခဲ့ပါတယ်။ လွှတ်တော်ကို အစီရင်ခံပြီးတဲ့နောက်မှာ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ပြင်ဆင်ချက်အဆိုများကို ၆-၄-၂၀၁၅ ရက် နေ့အထိ တောင်းခံခဲ့တဲ့အတွက် ကျွန်တော်တို့ ၆-၄-၂၀၁၅ ရက်နေ့မှာဆိုလို့ရှိရင် လွှတ်တော် ကိုယ်စားလှယ် ၁၈ ဦးက ပြင်ဆင်ချက်များ တင်သွင်းလာကြပါတယ်။ အဲဒီတော့ ကျွန်တော် တို့ဆီကို ပြင်ဆင်ချက် တင်သွင်းလာတဲ့အချက်များဟာ မူလက ၁၀၅ ချက်ရှိသော်လည်း ကျွန်တော်တို့ ပြန်လည် စိစစ်တဲ့အခါမှာ ၁၃၁ ချက်အထိ ရရှိသွားပြီဖြစ်ပါတယ်။ အဲဒီ ၁၃၁ ချက်အနက်ကမှ အမျိုးသား လွှတ်တော်ရဲ့ ပြင်ဆင်ချက် အချက် (၅၀)၊ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြချက် (၄၅)ချက်၊ နောက် လွှတ်တော်မှာဆွေးနွေးရန် ပြင်ဆင်ချက် (၃၆)ချက်ဆိုပြီးတော့ အပိုင်းသုံးပိုင်း ထွက်ပေါ်လာပါ တယ်ခင်ဗျာ။ အဲဒီလိုထွက်ပေါ်လာတဲ့အတွက် ဒီကနေ့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များ အနက် သဘောတူသင့်တဲ့အချက်များကို ကျွန်တော့်အနေနဲ့ ဦးစွာတင်ပြပါ့မယ်။ ဒီလိုမတင်ပြမီမှာ ဥပဒေကြမ်း အတည်ပြုရေးဆောင်ရွက်တဲ့နေရာမှာ ဥပဒေကြမ်းကို အစအဆုံး စိစစ်တဲ့နေရာမှာ ပါဝင် ခဲ့တဲ့ ပညာရေးမြှင့်တင်မှုကော်မတီက ဆရာကြီးဒေါက်တာမြဦး၊ နောက် ပါမောက္ခဦးသန်းနွယ်၊ နောက် ပြုပြင်ပြောင်းလဲရေးကော်မတီအတွင်းရေးမှူး ဆရာကြီးဒေါက်တာမောင်မောင်ဝင့်၊ နောက် ပြည်သူ့ ရေးရာစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဦးတင်မောင်ဦး၊ နောက် ကျွန်တော်တို့ ဥပဒေကြမ်း ကော်မတီမှာ တွဲဖက်ပြီးတော့ တာဝန်ယူထားတဲ့ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်းနဲ့ ဥပဒေကြမ်းကော်မတီဝင်များကလည်း ဥပဒေကြမ်းရဲ့ သဘောထားများကို ပူးပေါင်း ပါဝင်ပြီးတော့ ကျွန်တော်တို့ သဘောထားများ တင်သွင်းပေးသွားကြမယ့်အကြောင်းကိုလည်း ကြိုတင် အစီရင်ခံအပ်ပါတယ်။

**မူကြမ်း**

ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း သဘောတူ လက်ခံသင့်သည့် အချက် (၅၀)ကိုတင်ပြပါ့မယ်။ ယင်းအချက်များကတော့ အမှတ်စဉ် ၁ ဥပဒေရဲ့ခေါင်းစီး၊ အပိုဒ် ၁ အဆိုပြုချက် အပိုဒ် ၂ အပိုဒ်ခွဲ(က)ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၂၊ အပိုဒ် ၄၊ အပိုဒ် ၇၊ အမှတ်စဉ် ၃ အပိုဒ် ၁၀ ရှိ ပုဒ်မ ၃ ပုဒ်မခွဲ(ဇ)၊ အပိုဒ် ၁၁ ပုဒ်မခွဲ(က)ရှိ ပုဒ်မ ၄ ပုဒ်မခွဲ(က)နှင့် အပိုဒ် ၁၁ ပုဒ်မခွဲ(ခ)၊ အပိုဒ် ၁၁ ပုဒ်မခွဲ(ခ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(စ)နှင့် အပိုဒ်ခွဲ(ဆ)၊ အမှတ်စဉ် ၄ မှာရှိတဲ့ အခန်း(၁၂) ရှိ အခန်း(၄) ခေါင်းစဉ်၊ အပိုဒ် ၁၂ ရှိ ပုဒ်မ ၅ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၁)၊ (၂)၊ (၃)၊ (၄)၊ အပိုဒ် ၁၂ ရှိ ပုဒ်မ ၅ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၇)၊ (၈)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၂)၊ (၁၃)၊ အပိုဒ် ၁၂ ရှိ အပိုဒ် ၅ ပုဒ်မခွဲ(ဂ)၊ အပိုဒ် ၁၂ ရှိ ပုဒ်မ ၆ ပုဒ်မခွဲ(က)၊ အပိုဒ် ၁၂ ရှိ ပုဒ်မ ၆ ပုဒ်မခွဲ(ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)၊ အပိုဒ် ၁၂ ရှိ ပုဒ်မ ၇၊ ၈၊ ၉၊ အမှတ်စဉ် ၄ မှာရှိတဲ့ အဆိုပြုချက် အပိုဒ် ၂၂ ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အဆိုပြုချက် အပိုဒ် ၂၈ ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉ နှင့် အပိုဒ် ၂၀၊ အမှတ်စဉ် ၆ အနေနဲ့ အပိုဒ် ၂၂ ရှိ ပုဒ်မ ၂၈ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မခွဲ(ဂ)၊ အဆို ပြုချက် အပိုဒ် ၃၅ ကို ပယ်ဖျက်ခြင်း၊ အဆိုပြုချက် အပိုဒ် ၃၆ ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅၊ အပိုဒ် ၂၈ အပိုဒ်ခွဲ(က)ရှိ ပုဒ်မ ၃၉ အပိုဒ်ခွဲ(ဆ)၊ အပိုဒ် ၂၈ အပိုဒ်ခွဲ(ခ)ရှိ ပုဒ်မ ၃၉ ပုဒ်မခွဲ(ဈ)နှင့် ပုဒ်မခွဲ(ည)၊ အမှတ်စဉ် ၇ အပိုဒ် ၃၁ အဆိုပြုချက် အပိုဒ် ၄၇ ကို ပယ်ဖျက်ခြင်း၊ အဆိုပြုချက် အပိုဒ် ၄၈ ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၃၈ အဆိုပြုချက် အပိုဒ် ၅၁ ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၃၆၊ အပိုဒ် ၃၇၊ အပိုဒ် ၄၈၊ ပုဒ်မ ၅၀ ပုဒ်မခွဲ(က)၊ ပုဒ်မ ၄၈၊ ပုဒ်မ ၅၀ ပုဒ်မခွဲ(ဂ)နှင့် (ဃ)၊ အမှတ်စဉ် ၈ အပိုဒ် ၄ အပိုဒ် ၄၈ ရှိ ပုဒ်မ ၅၈ ပုဒ်မခွဲ(င)၊ အပိုဒ် ၅၁ ရှိ ပုဒ်မ ၆၂ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၅၂ ရှိ ပုဒ်မ ၆၃ ပုဒ်မခွဲ(ခ)နှင့် (ဂ)၊ အပိုဒ် ၅၅ နှင့် အပိုဒ် ၅၇ တို့ဖြစ်ပါ တယ်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်း သဘောတူလက်ခံသည့်အချက် (၅၀) ချက် ကို လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး တင်ပြချက်ဟာ လွှတ်တော်ကိုယ်စားလှယ်များထံ ရောက်ရှိနေတဲ့ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၆ ရက် ရက်စွဲပါ အဆိုတင်သွင်းခြင်းဆိုတဲ့ ခေါင်းစဉ်နဲ့ တင်ပြထားတဲ့ အကြောင်းအရာများကို တင်ပြသွားခြင်းဖြစ်ပါ တယ်။ ဒီလိုတင်ပြတဲ့နေရာမှာ စာပိုဒ် ၁၊ စာပိုဒ် ၂၊ စာပိုဒ် ၃၊ စာပိုဒ် ၄ မှာပါတဲ့ ယင်းညှိနှိုင်းအစည်း အဝေးရဲ့ သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် အမျိုးသား

လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် အောက်ပါအချက် (၅၀)ချက်ကို အမျိုးသား လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်း သဘောတူလက်ခံပါသည်ဆိုပြီးတော့ စာမျက်နှာ ၂ စာပိုဒ် ၄ မှာပါတဲ့ အကြောင်းအရာတွေကို ဖတ်ကြားပြီးတော့ စာမျက်နှာ ၃ သို့ဖြစ်ပါ၍ အထက်ဖော်ပြ ပါ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် အတည်ပြုချက်အတိုင်း သဘောတူလက်ခံသည့်အချက် (၅၀)ချက်ကို လွှတ်တော်က အတည်ပြုပေး နိုင်ပါရန် အဆိုတင်သွင်းခြင်းဖြစ်ပါတယ်။ ပိုမိုရှင်းလင်းအောင် မိမိတို့ရဲ့ ဖြန့်ဝေထားတဲ့စာရွက်တွေမှာ ကြည့်နိုင်ပါတယ်။ ဆက်လက်ပြီးဆောင်ရွက်ပါမယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားပညာရေးဥပဒေကြမ်းကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် (၅၀) ချက်ကို ဥပဒေကြမ်းကော်မတီက သဘောတူထားပါတယ်။ ဥပဒေကြမ်းကော်မတီက သဘောတူထား တဲ့ (၅၀)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသား ပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် များအနက်မှ ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့ (၅၀)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ အမျိုးသား ပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက် (၄၅)ချက်အား တင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ အရ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့ ပြင်ဆင်ချက် (၄၅)ချက်အား တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ယင်းပြင်ဆင်ချက် (၄၅)ချက်အား ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေ

နဲ့ သီးခြားထပ်မံပြင်ဆင်ခြင်းမရှိတဲ့အတွက် သဘောတူတဲ့ သဘောမှတ်ယူပြီးတော့ ကျွန်တော်တို့ဒါကို လွှတ်တော်ကတင်သွင်းခြင်းဖြစ်ပါတယ်။ ယင်းအချက်များကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ထံ ဖြန့်ဝေထားတဲ့ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၁၀ မှာပါတဲ့ အမှတ်စဉ် ၁၅ နှင့် ၁၇ အပိုဒ် ၁၀ ရဲ့ စာချိုးကြီး အမျိုးသားလွှတ်တော်၏အတည်ပြုချက် အပိုဒ် ၁၀ ရှိ ပုဒ်မ ၃ ပုဒ်မခွဲ(ဈ)ကို ပယ်ဖျက်ခြင်း ဖြစ်ပါတယ်။ အမှတ်စဉ် ၂ အနေနဲ့ စာမျက်နှာ ၁၇ မှာရှိတဲ့ အမှတ်စဉ် ၃၁ အပိုဒ် ၁၂ ရှိ ပုဒ်မ ၅ ပုဒ်မခွဲ (က)။ အမှတ်စဉ် ၃ အနေနဲ့ စာမျက်နှာ ၁၉ နှင့် ၂၀ မှာရှိတဲ့ အမှတ်စဉ် ၃၈၊ ၄၀ နှင့် ၄၃။ အပိုဒ် ၁၂ ရှိပုဒ်မ ၅ ပုဒ်မခွဲ(ခ)၊ (ဃ) အပိုဒ် ၁၂ ရှိ ပုဒ်မ ၆ ပုဒ်မခွဲ(ခ) ။ အမှတ်စဉ် ၄ စာမျက်နှာ ၃၀ နှင့် ၃၁ မှာပါတဲ့ အမှတ်စဉ် ၄၈၊ ၄၉ နဲ့ ၅၀ ဖြစ်ပါတယ်။ အပိုဒ် ၁၃ အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၁၄ ကိုပယ်ဖျက်ခြင်း။ အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၁၅ ကို ပယ်ဖျက်ခြင်း ဖြစ်ပါတယ်။ အမှတ်စဉ် ၅ အနေနဲ့ စာမျက်နှာ ၃၃ နှင့် ၃၄ အမှတ်စဉ် ၅၇ နှင့် ၅၉ ဖြစ်ပါ တယ်။ အပိုဒ် ၁၉ ရှိပုဒ်မ ၂၇၊ အပိုဒ် ၁၉ ရှိပုဒ်မ ၂၈ ပုဒ်မခွဲ(ခ)။ အမှတ်စဉ် ၆ အနေနဲ့ စာမျက်နှာ ၃၅ ရဲ့ စာမျက်နှာ ၆၃ မှာ အပိုဒ် ၂၁။ အမှတ်စဉ် ၇ အနေနဲ့ စာမျက်နှာ ၃၇ နှင့် ၃၈ မှာရှိတဲ့ အမှတ်စဉ် ၆၈၊ ၇၀၊ ၇၁၊ ၇၂၊ ၇၃နှင့် ၇၅၊ အပိုဒ် ၂၄ ရှိ ပုဒ်မ ၃၈ စာချိုး၊ အပိုဒ် ၂၄ ရှိပုဒ်မ ၃၈ ပိုဒ်မခွဲ (ခ)၊ (ဂ) အပိုဒ် ၂၅၊ အပိုဒ် ၂၆ အပိုဒ်ခွဲ(က)၊ (ခ)။ အမှတ်စဉ် ၈ အနေနဲ့ စာမျက်နှာ ၃၉ မှာ အပိုဒ် ၄၂ မှာပါတဲ့ အမှတ်စဉ် ၇၇၊ ၇၈၊ ၇၉၊ ၈၀ ဖြစ်ပါတယ်။ အပိုဒ် ၂၈ အပိုဒ်ခွဲ(ခ)ရှိ ပုဒ်မ ၃၉ ပုဒ်မခွဲ(ဠ) ကိုပယ်ဖျက်ခြင်း။ အပိုဒ် ၂၇ အမျိုးသား လွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၂၉ ရှိ ပုဒ်မ ၄၀ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇)၊ (၈)၊ (၉) နှင့် အပိုဒ် ၄၀ အပိုဒ်ခွဲ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)နှင့် အပိုဒ်ခွဲ(ဇ) အပိုဒ်ခွဲငယ် (၁) နှင့် (၂) တို့ကို ပယ်ဖျက်ခြင်းနှင့် အပိုဒ် ၂၈။ အမှတ်စဉ် ၉ အနေနဲ့ စာမျက်နှာ ၄၃ မှာပါတဲ့ အမှတ်စဉ် ၅၈ ဖြစ်ပါတယ်။ အပိုဒ်များအနေနဲ့ အပိုဒ် ၃၁ စာချိုးနှင့်အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အပိုဒ် ၃၃ ရှိ ပုဒ်မ ၄၃ ပုဒ်မခွဲ (က) ကိုပယ်ဖျက်ခြင်း။ အမှတ်စဉ် ၁၀ အနေနဲ့ စာမျက်နှာ ၄၄ မှ ၄၅ မှာ ပါဝင်တဲ့ အမှတ်စဉ် ၈၆ နှင့် ၈၇ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အပိုဒ် ၃၃ ရှိပုဒ်မ ၄၃ ပုဒ်မခွဲ (ဂ)၊ (ဃ)၊ (င)၊ (စ)နှင့် (ဆ) တို့ကိုပယ်ဖျက်ခြင်း။ အပိုဒ် ၃၄ ကိုပယ်ဖျက်ခြင်း။ အမှတ်စဉ် ၁၁ အနေနဲ့ စာမျက်နှာ ၄၆ မှာ ၄၇ မှာပါရှိပါတယ်။ အမှတ်စဉ်အနေနဲ့ကြည့်ရင်တော့ ၉၄ နှင့် ၉၅ ဖြစ်ပါတယ်။ အပိုဒ်များအနေနဲ့ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အပိုဒ် ၃၈ ကို ပယ်ဖျက်ခြင်း၊ အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၃၉ ကို ပယ်ဖျက်ခြင်းဖြစ်ပါတယ်။ အမှတ်စဉ် ၁၂ အနေနဲ့ စာမျက်နှာ ၄၉ မှာ ပါဝင်ပါတယ်။ အမှတ်စဉ် ၉၉ နှင့် ၁၀၀ ဖြစ်ပါတယ်။

**မူကြမ်း**

အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက် အပိုဒ် ၄၁ ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၃၆ ရှိပုဒ်မ ၅၃ ပုဒ်မခွဲ (က) ဖြစ်ပါတယ်။ အမှတ်စဉ် ၁၃ အနေနဲ့ ကန့်လန့်ဖြတ်ဇယားစာမျက်နှာ ၅၀ မှာ ရှိပါတယ်။ အမှတ်စဉ် ၁၀၂ နဲ့ ၁၀၃ ဖြစ်ပါတယ်။ အပိုဒ်များအနေနဲ့တော့ အပိုဒ် ၃၆ ရှိပုဒ်မ ၅၃ ပိုဒ်မခွဲ(ဂ) အမျိုးသားလွှတ်တော်၏အတည်ပြုချက် အပိုဒ် ၄၃ ကိုပယ်ဖျက်ခြင်းဖြစ်ပါတယ်။ အမှတ်စဉ် ၁၄ အနေနဲ့ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ ၅၁ မှ ၅၃ မှာပါဝင်ပါတယ်။ အမှတ်စဉ် ၁၀၄ နှင့် ၁၀၆ ဖြစ်ပြီး အပိုဒ်များအနေနဲ့ အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၄၄ ကို ပယ်ဖျက်ခြင်း။ အပိုဒ် ၃၈ ရှိ ပုဒ်မ ၅၆ ပုဒ်မခွဲ(က) ဖြစ်ပါတယ်။ အမှတ်စဉ် ၁၅ အနေနဲ့ စာမျက်နှာ ၅၄ မှာပါဝင်ပါတယ်။ အမှတ်စဉ် ၁၀၇ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၄၆ ရှိ ပုဒ်မ ၅၆ ပုဒ်မခွဲ (ခ)ကို ပယ်ဖျက်ခြင်းနဲ့ အပိုဒ် ၃၉ ဖြစ်ပါတယ်။ အမှတ်စဉ် ၁၆ အနေနဲ့ စာမျက်နှာ ၅၆ မှာ ပါဝင်ပါတယ်။ အမှတ်စဉ် ၁၁၂ နဲ့ ၁၁၅ ဖြစ်ပါတယ်။ အပိုဒ် ၄၁ ရှိပုဒ်မ ၅၈ ပုဒ်မခွဲ(ခ) အသစ်ဖြည့်စွက်ချက် အပိုဒ် ၄၂ စာချိုးဖြစ်ပါတယ်။ အမှတ်စဉ် ၁၇ အနေနဲ့စာမျက်နှာ ၅၇ မှာရှိပါတယ်။ အမှတ်စဉ် ၁၁၇ အသစ်ဖြည့်စွက်ချက် အပိုဒ် ၄၃ ဖြစ်ပါတယ်။ အမှတ်စဉ် ၁၈ အနေနဲ့ စာမျက်နှာ ၅၈ မှာပါဝင်ပါတယ်။ အမှတ်စဉ် ၁၁၈ နဲ့ ၁၁၉ အပိုဒ်အနေနဲ့ အမျိုးသားလွှတ်တော်၏အတည်ပြုချက် အပိုဒ် ၄၉ ကို ပယ်ဖျက်ခြင်းနဲ့ အပိုဒ် ၄၄ တို့ ဖြစ်ပါတယ်။ အမှတ်စဉ် ၁၉ အနေနဲ့ စာမျက်နှာ ၆၀ မှာပါဝင်ပါတယ်။ အမှတ်စဉ်အနေနဲ့ ၁၂၅၊ ၁၂၆ ဖြစ်ပြီးတော့ အပိုဒ် ၄၇ နဲ့ အပိုဒ် ၄၈ ဖြစ်ပါတယ်။ အမှတ်စဉ် ၂၀ အနေနဲ့စာမျက်နှာ ၆၁ မှာ ပါဝင်ပါတယ်။ အပိုဒ် ၁၂၈ ဖြစ်ပြီးတော့ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အပိုဒ် ၅၆ ကိုပယ်ဖျက်ခြင်း ဖြစ်ပါတယ်။ အမှတ်စဉ် ၂၁ အနေနဲ့စာမျက်နှာ ၆၂ မှာပါဝင်ပါတယ်။ အပိုဒ် ၁၃၀ နဲ့ ၁၃၁ အမှတ်စဉ် ၁၃၀ နဲ့ ၁၃၁ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ၏အတည်ပြုချက် အပိုဒ် ၅၈ ကို ပယ်ဖျက်ခြင်း။ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ဖြစ်သော အပိုဒ် ၃ အပိုဒ်ခွဲ(ဈ)သို့ပြောင်းလဲအမှတ်စဉ်ခြင်းအား ပယ်ဖျက်ပါတယ်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန် တင်ပြချက် (၄၅) ချက်အား ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ အရ ပြင်ဆင်ရန် တင်ပြချက် (၄၅) ချက်အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့ ပြင်ဆင်ချက် (၄၅) ချက်အား အတည်ပြုရန်လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**မူကြမ်း**

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်(၄၅)ချက်သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားပညာရေးဥပဒေကြမ်းကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းထားကြသော ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက် (၃၆)ချက်အား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ယခုစတင်ဆောင်ရွက်ပါမယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ရှင်းလင်းလွယ်ကူစေဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားတဲ့ ကန့်လန့်ဖြတ်ဇယားနှင့် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၂ အမှတ်စဉ် ၅။ ဒုတိယဗိုလ်မှူးကြီးကျော်သီဟ အဆိုပြုတင်ပြဖို့ ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးကျော်သီဟ(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးကျော်သီဟ ဖြစ်ပါတယ်။ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပတ်သက်ပြီး ပြင်ဆင်ချက်အဆိုကို ကျွန်တော်တင်သွင်းသွားမှာ ဖြစ်ပါတယ်။ စာမျက်နှာ ၁ အမှတ်စဉ် ၅ အပိုဒ် ၃ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဆ)ကို ဥပဒေကြမ်းကော်မတီကနေပြီးတော့ အမျိုးသားပညာရေးဆိုသည်မှာ နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကို တန်ဖိုးထား ထိန်းသိမ်းမြှင့်တင်နိုင်သော ဘက်စုံအတွေးအခေါ်မှန်ကန်၍ လွတ်လပ်စွာတွေးခေါ်နိုင်သည့် အကျင့်စာရိတ္တကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်နိုင်ရန်နှင့် ခေတ်စနစ်၏ လိုအပ်ချက်နှင့်အညီ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသို့ ပို့ဆောင်နိုင်စွမ်းရှိသည့်ပညာရေးကို ဆိုသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ အဲဒီ အဓိပ္ပာယ်ဖွင့်ဆိုချက်ထဲမှာပါရှိတဲ့ ဘက်စုံအတွေးအခေါ်ဆိုတဲ့ စာသားနောက်မှာ ကျွန်တော့်အနေဖြင့် အယူအဆဆိုတဲ့စာသားကို ထပ်မံဖြည့်စွက်လိုခြင်း

ဖြစ်ပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာပါရှိတဲ့ဟာကို ပိုမိုပြည့်စုံတိကျစေရန်အတွက်လည်းကောင်း၊ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈ ပုဒ်မခွဲ(ဃ)မှာ ခေတ်မီပညာရေးစနစ် ဖော်ဆောင်ရန်အတွက် ဘက်စုံအတွေးအခေါ်အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီးဟု ပြဋ္ဌာန်းထားရှိသည်ကတစ်ကြောင်း ကျွန်တော့်အနေနဲ့ ပြင်ဆင်လိုခြင်း ဖြစ်ပါတယ်။

ထို့ကြောင့် ကျွန်တော်ပြင်ဆင်ချက်အဆိုတင်သွင်းသည့် စာသားမှာ အမျိုးသားပညာရေးဆိုသည်မှာ နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကို တန်ဖိုးထားထိန်းသိမ်းမြှင့်တင်နိုင်သော ဘက်စုံအတွေးအခေါ်အယူအဆမှန်ကန်၍ လွတ်လပ်စွာတွေးခေါ်နိုင်သည့် အကျင့်စာရိတ္တကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်နိုင်ရန်နှင့် ခေတ်စနစ်နှင့် လိုအပ်ချက်နှင့်အညီ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသို့ ပို့ဆောင်နိုင်စွမ်းရှိသည့် ပညာရေးကိုဆိုသည်ဟု အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီပြင်ဆင်အဆိုပြုချက်ဟာ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက် ဘက်စုံအတွေးအခေါ်ဆိုသည့် စကားစုရဲ့နောက်မှာ ဒုတိယဗိုလ်မှူးကြီးကျော်သီဟက ထပ်မံပြီးမှ အယူအဆဆိုသည့်စကားစုကို ဖြည့်စွက်ထားပါတယ်။ ဒီလိုဖြည့်စွက်ချက်ဟာ ဒုတိယဗိုလ်မှူးကြီးကျော်သီဟရဲ့ ပြင်ဆင်အဆိုပြုချက်အား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈ ပုဒ်မခွဲ(ဃ)နှင့်အညီ ဖြည့်စွက်ထားတာဖြစ်တဲ့အတွက် ဥပဒေကြမ်းကော်မတီအနေနဲ့ သဘောတူထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယဗိုလ်မှူးကြီးကျော်သီဟက အဆိုပြုတင်ပြထားပါတယ်။ ဒီအဆိုပြုတင်ပြချက်ကို ဥပဒေကြမ်းကော်မတီကလည်း ထောက်ခံသွားပါတယ်။ ဒါကြောင့် ဒုတိယဗိုလ်မှူးကြီးကျော်သီဟ၏ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဒုတိယဗိုလ်မှူးကြီးကျော်သီဟ၏ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၂ အမှတ်စဉ် ၆ ဦးခင်မောင်သီ၊ လှိုင်လင်မဲဆန္ဒနယ်က အဆိုပြုတင်ပြဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးခင်မောင်သီ(လှိုင်လင်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းနဲ့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လှိုင်လင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ ဖြစ်ပါတယ်။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့တဲ့ အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်တဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ စာမျက်နှာ ၂ အမှတ်စဉ် ၆ အပိုဒ် ၄ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ည)ကို အောက်ပါအတိုင်း အစားထိုးရမည်။ ကျောင်းပညာရေးဆိုသည်မှာ မူကြိုပညာရေး၊ မူလတန်းပညာရေး၊ အလယ်တန်းပညာရေး၊ အထက်တန်းပညာရေး၊ နည်းပညာနဲ့ သက်မွေးပညာရေး၊ အဆင့်မြင့်ပညာရေးတို့ အကျုံးဝင်သည့် ပညာရေးတို့ကိုလည်း အဆိုပြုပြဋ္ဌာန်းချက်ကို အမျိုးသားလွှတ်တော်က ပယ်ဖျက်ထားပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုပြဋ္ဌာန်းချက်အတိုင်း ဥပဒေကြမ်းကော်မတီကလည်း ပြင်ဆင်ရန် တင်ပြထားပါတယ်။ ကျွန်တော်ရဲ့ပြင်ဆင်တင်ပြချက်မှာ မူလဥပဒေအတိုင်းထားရှိရန် ဖြစ်ပါတယ်။ တည်ဆဲဥပဒေ၊ မူလဥပဒေမှာ အမျိုးသားပညာရေး ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ည)မှာ ကျောင်းပညာရေးဆိုသည်မှာ သင်ယူသူ၏အသက်အရွယ်၊ သင်ယူရမည့် အချိန်ကာလ၊ နေရာ၊ အတန်း၊ ပညာရည်စစ်ဆေးတိုင်းတာမှုစနစ်နှင့် တိကျသော သင်ရိုးညွှန်းတမ်းဖြင့် သင်ကြားပေးသော ကျောင်းအခြေပြုမူကြိုပညာရေး၊ မူလတန်းပညာရေး၊ အလယ်တန်းပညာရေး၊ အထက်တန်းပညာရေး၊ နည်းပညာနှင့် အသက်မွေးပညာရေးနှင့် အဆင့်မြင့်ပညာရေးတို့ အကျုံးဝင်သည့် ပညာရေးကိုဆိုသည်လို့ ဖော်ပြထားပါတယ်။ တည်ဆဲဥပဒေကို လေ့လာရာမှာ သင်ယူသူ၏ အသက်အရွယ်၊ သင်ယူရမယ့်အချိန်ကာလ၊ နေရာ၊ အတန်း၊ ပညာရည်စစ်ဆေးတိုင်းတာမှုစနစ်နှင့် တိကျသောသင်ရိုးညွှန်းတမ်းဖြင့် သင်ကြားပေးသော ကျောင်းအခြေပြုပါဝင်သည့်အတွက်ကြောင့် ပိုမိုပြည့်စုံမှန်ကန်သဖြင့် တည်ဆဲဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(ည)ကို အတည်ပြုပေးနိုင်ပါရန် လေးစားစွာဖြင့် လွှတ်တော်သို့ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ တင်ပြချက်အပေါ် ကျွန်တော်တို့ မူလပြဋ္ဌာန်းချက်ဖြစ်တဲ့ ဥပဒေကြမ်း အမှတ်စဉ် ၆ အပိုဒ် ၄ ပုဒ်မ ၂ ပုဒ်မခွဲ(ည)မှာ မူလအဆိုပြုချက်ပေါ် အမျိုးသား လွှတ်တော်က ပယ်ဖျက်ရန်ဆိုပြီးမှ ဒီလိုအတည်ပြုပါတယ်။ အတည်ပြုချက်အပေါ် ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီအနေနဲ့လည်း အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ကို ထပ်မံအတည်ပြုပေးနိုင်ရန် အဆိုပြုထားသည်ကို တွေ့ရမှာဖြစ်ပါတယ်။ အဆိုပါအချက်အပေါ်မှာ လှိုင်လင်မဲဆန္ဒနယ်မှ ကိုယ်စားလှယ်တော်ကြီး ဦးခင်မောင်သီက မူလဥပဒေအတိုင်းထားရှိရန် အဆိုပြုထားသည်ကို တွေ့ရမှာဖြစ်ပါတယ်။ အမှန်မှာ ကိုယ်စားလှယ်တော်ကြီး ဦးခင်မောင်သီ အဆိုပြုချက်နှင့် ဥပဒေကြမ်းကော်မတီ၏အဆိုပြုချက်တို့ဟာ ထပ်တူပဲဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး နားလည်မှုအနည်းငယ်လွဲချော်သွားသည်လို့ပဲ ယူဆပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ ဒီဥပဒေကြမ်းရဲ့ အမှတ်စဉ် ၆ အပိုဒ် ၄ မှာ မူလအဆိုပြုချက်ကို ပြင်ဆင်အဆိုပြုချက်အပေါ်ကို အမျိုးသားလွှတ်တော်က ပယ်ထားပါတယ်။ ပယ်တာကို ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီကလည်း အတည်ပြုရန် အဆိုပြုထားတဲ့အတွက် ပယ်လိုက်မယ်ဆိုရင် အလိုလိုမူလတည်ဆဲဥပဒေကို ပြန်ရောက်သွားမှာဖြစ်တဲ့အတွက် လှိုင်လင်မဲဆန္ဒနယ်က ဦးခင်မောင်သီရဲ့အဆိုပြုချက်ကို ထောက်ခံအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နားလည်မှုလွဲတယ်ဆိုပေမယ့် ပိုပြီးတော့ တိကျအောင်၊ ရှင်းလင်းအောင် ဦးခင်မောင်သီက ဒီလိုအဆိုပြုတင်ပြတာကို ဥပဒေကြမ်းကော်မတီအနေနဲ့လည်း သဘောတူလက်ခံတယ်ဆိုတဲ့ သဘောသက်ရောက်ပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးခင်မောင်သီ၊ လှိုင်လင်မဲဆန္ဒနယ်၏ အဆိုပြုတင်ပြချက်ကို ဥပဒေကြမ်းကော်မတီကလည်း ထောက်ခံတင်ပြသွားတာရှိပါတယ်။ ဒါကြောင့် ဦးခင်မောင်သီ လှိုင်လင်မဲဆန္ဒနယ်ရဲ့ အဆိုပြုတင်ပြချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးခင်မောင်သီ၊ လှိုင်လင်ရဲ့အဆိုပြုတင်ပြချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၃ အမှတ်စဉ် ၈ ဦးဝင်းမြင့်၊ ပြည်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(ပြည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်က ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ်က ဦးဝင်းမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စာမျက်နှာ ၃ အမှတ်စဉ် ၈ အပိုဒ် ၆ က အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ (ဘ)ကို အောက်ပါအတိုင်းအစားထိုးရမည်ဆိုတဲ့ ပုဒ်မကို ကျွန်တော်ဆွေးနွေးလိုပါတယ်။ အဲ့ပုဒ်မကို ရေးထားတာကတော့ အထူးပညာရေးအစီအစဉ်ဆိုသည်မှာ မသန်စွမ်းသူများအတွက် အထူးအစီအစဉ်ဖြင့် သင်ကြားပေးနိုင်ရန် ကျောင်းများတည်ဆောက်ဖွင့်လှစ်၍ သင့်လျော်သောသင်ကြားနည်းစနစ်ဖြင့် ပညာသင်ကြားပေးခြင်းကို ဆိုသည်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒီပုဒ်မမှာ ကျွန်တော်ဆွေးနွေးလိုတာက ဝေါဟာရပိုင်း ဖြစ်ပါတယ်။ အဲဒီ မသန်စွမ်းသူဆိုတဲ့ကိစ္စဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)မှာ မသန်မစွမ်းလို့ အတိအလင်းပြဋ္ဌာန်းထားတဲ့အတွက် အဲဒီအခြေခံဥပဒေနှင့် ညီညွတ်စေဖို့ မသန်မစွမ်းလို့ သုံးသင့်ပါတယ်။ ဒါပေမယ့် ဒီဥပဒေဟာ အထူးပညာရေးအစီအစဉ်အရ အထူးပညာရေးကျောင်းများ ဖွင့်လှစ်သင်ကြားမှာဖြစ်တဲ့အတွက် မသန်စွမ်းသူ(မသန်ပေမယ့်စွမ်းသူများရော)၊ မသန်မစွမ်းသူ(မသန်လည်းမသန်၊ မစွမ်းလည်းမစွမ်းသူများပါ) အားလုံးလွှမ်းခြုံနိုင်အောင် All inclusive ဖြစ်အောင် ကျွန်တော့်အနေနဲ့တော့ အဲဒီနှစ်ခုစလုံးကို ထည့်ပြီးတော့ ပုဒ်မခွဲ(ဘ)ကို ကျွန်တော် ဒီလိုပြင်ဆင်ချင်ပါတယ်။ အထူးပညာရေးအစီအစဉ်ဆိုသည်မှာ မသန်စွမ်းသူများနှင့် မသန်မစွမ်းသူများအတွက် အထူးအစီအစဉ်ဖြင့် သင်ကြားပေးနိုင်ရန် ကျောင်းများတည်ဆောက်ဖွင့်လှစ်ရန် သင့်လျော်သောသင်ကြားနည်းစနစ်ဖြင့် ပညာသင်ကြားပေးခြင်းကို ဆိုသည်လို့ ဖြည့်စွက်သင့်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမှတ်စဉ် ၈ မူလအဆိုပြုချက်ဖြစ်တဲ့ အပိုဒ် ၆၊ အမျိုးသားလွှတ်တော်က အပိုဒ် ၅ အဖြစ် အမျိုးသားပညာရေးဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဘ)ကို အစားထိုးပေးရခြင်းပါ တင်ပြထားပါတယ်။ ဒီတင်ပြချက်မှာ အထူးပညာရေးအစီအစဉ်ဆိုသည်မှာ မသန်စွမ်းသူများအတွက် အထူးအစီအစဉ်ဖြင့် သင်ကြားပေးနိုင်ရန်

ကျောင်းများတည်ထောင်ဖွင့်လှစ်၍ သင့်လျော်သောနည်းစနစ်များဖြင့် ပညာသင်ကြားပေးခြင်းဆိုသည် ဟု အဆိုပြုထားပါတယ်။ ဒီအဆိုပြုချက်အပေါ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီအနေနဲ့လည်း အတည်ပြုပေးနိုင်ရန် အဆိုတင်ပြထားတာတွေ့ရပါတယ်။ ဒီအဆိုပြုချက်အပေါ် ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်က ဒီပေါ်မှာ မသန်စွမ်းသူဆိုသည့်စကားစုရဲ့နောက်မှာ မသန်မစွမ်းဆိုမှုဖြည့်စွက်ပြီးမှ အဆို ပြုတင်ပြလာခြင်း ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးရဲ့အဆိုပြုချက်မှာ မသန်စွမ်းနဲ့ မသန်မစွမ်း ဆိုပြီးမှ နှစ်ခုပေါင်းပြီးကာကျမှ အဆိုပြုထားတာ တွေ့ရမှာဖြစ်ပါတယ်။ ဒီလိုကိုယ်စားလှယ်တော်ကြီးရဲ့ တင်ပြချက်အတိုင်း ဆောင်ရွက်ပေးမည်ဆိုပါက မသန်စွမ်းသူနှင့် မသန်မစွမ်းသူကြား ခွဲခြားမှုတွေ၊ မသန်စွမ်းကို ဘယ်လိုလူတွေကို အဓိပ္ပာယ်ဖွင့်မလဲ။ မသန်မစွမ်းဆိုတာ ဘယ်လိုတွေအဓိပ္ပာယ်ဖွင့်မလဲ စသည့် ရောထွေးမှုတွေဖြစ်နိုင်ပါတယ်။ နောက်တစ်ခါကျ ဒီဥပဒေဟာ မသန်စွမ်းသူတွေအတွက်ပဲ ကျွန်တော်တို့ ရည်ရွယ်ပြီးကာကျမှ အထူးပညာရေးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးရန် ရေးဆွဲထားတဲ့ ဥပဒေဖြစ်တဲ့အတွက် ကျွန်တော်တို့က ပိုမိုပြီးမှ ဒီရှုပ်ထွေးမှုလည်းမရှိအောင် ကျွန်တော်တို့ မသန်စွမ်း သူများဥပဒေကိုလည်း ပြဋ္ဌာန်းဆောင်ရွက်နေပြီဖြစ်တဲ့အတွက် ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ဥပဒေ ကြမ်းကော်မတီရဲ့ အဆိုပြုချက်အတိုင်း လွှတ်တော်က အတည်ပြုပေးရန် လေးစားစွာတင်ပြအပ်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။အခု ဥပဒေကြမ်းကော်မတီက ဆွေးနွေးတာက ဦးဝင်းမြင့်၊ ပြည်ရဲ့ အဆိုပြုချက်ကို သဘောတူမတူဆိုတာပဲ ဆွေးနွေးပေးပါ။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။သဘောမတူပါဘူးခင်ဗျား။ ပြည်သူ့လွှတ် တော်ဥပဒေကြမ်းကော်မတီအတိုင်းထားဖို့ အဆိုတင်တာပါ။

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက ဘယ်လိုအဆိုပြုထားပါသလဲ။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။အမျိုးသားလွှတ်တော်ရဲ့ အတည်ပြု ချက်အတိုင်း အတည်ပြုပေးဖို့ ကျွန်တော်တို့ အဆိုပြုထားတာပါခင်ဗျား။ အဆိုပြုချက်ကတော့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အဆိုပြုချက်အတိုင်း ပြည်သူ့လွှတ်တော်မှ အဆိုပြုတင်ပြထား သည်မှာ အပိုဒ် ၅ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ဘ)ကို အောက်ပါအတိုင်း အစားထိုးပါ မည်။ အပိုဒ်ခွဲ(ဘ) အထူးပညာရေးအစီအစဉ်ဆိုသည်မှာ မသန်စွမ်းသူများအတွက်အထူးအစီအစဉ်ဖြင့် သင်ကြားပေးနိုင်ရန် ကျောင်းများတည်ထောင်ဖွင့်လှစ်၍ သင့်လျော်သောသင်ကြားနည်းစနစ်ဖြင့်

ပညာသင်ကြားပေးခြင်းကိုဆိုသည်ဟု ဒီအဆိုပြုချက်ကို လွှတ်တော်ကအတည်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီက အဆိုပြုတင်ပြချက်မှာ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း အထူးပညာရေးအစီအစဉ်ဆိုသည်မှာ မသန်စွမ်းသူများအတွက်အထူးအစီအစဉ်ဖြင့် သင်ကြားပေးနိုင်ရန် ကျောင်းများတည်ထောင်ဖွင့်လှစ်၍ သင့်လျော်သောသင်ကြားနည်းစနစ်ဖြင့် ပညာသင်ကြားပေးခြင်းကိုဆိုသည်ဆိုပြီးတော့ ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း တင်ပြထားတာရှိပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်အား လွှတ်တော်ကကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၄ အမှတ်စဉ် ၉ ဒေါ်နန်းစေအွာ၊ ဘားအံမဲဆန္ဒနယ်က အဆိုပြုတင်ပြဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ အမှတ်စဉ်(၉)၊ အပိုဒ် ၇ ပြင်ဆင်ရန်တင်ပြချက်၊ အမှတ်စဉ် ၆ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(ဃ)ကို အောက်ပါအတိုင်းအစားထိုးရမည်ဆိုပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြထားချက်ကို ကျွန်မဖတ်ပြပါ့မယ်ရှင်။ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီဆိုသည်မှာ နိုင်ငံတော်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ပညာရေးမူဝါဒများ၊ ပညာရေးစီမံကိန်းများ၊ ပညာရေးအမျိုးအစားများနှင့် ပညာရေးအဆင့်အသီးသီး၏ အရည်အသွေးအာမခံမှုကို အကဲဖြတ်ဆောင်ရွက်ရန် ကျွမ်းကျင်ပညာရှင်များ ပါဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကိုဆိုသည်လို့ ရေးထားပါတယ်။ ဒီနေရာမှာ ကျွန်မကကျွမ်းကျင်ပညာရှင်ဆိုတဲ့နေရာမှာ ပိုမိုပြည့်စုံအောင် ဒီဘက်က အဆိုပြုပြင်ဆင်ချက်မှာပါရှိတဲ့ လွတ်လပ်သောဆိုတဲ့ စကားလုံးကိုအစားထိုးထားပါတယ်ရှင်။ ဒါပေမယ့် ကျွန်မ မနေ့က ဒီဥပဒေပညာရှင်များကော ပညာရေးမြှင့်တင်မှုကော်မတီတွေနဲ့ ကျွန်မတို့ ဥပဒေကြမ်းကော်မတီနဲ့တိုင်ပင်ဆွေးနွေးတဲ့အခါမှာ လွတ်လပ်သောစကားလုံးသုံးလိုက်မယ်ဆိုရင် ဒီပါဝင်ရမယ့် ဒီအဖွဲ့အစည်းတွေမှာပါဝင်ရတဲ့ လူပုဂ္ဂိုလ်တွေကို ဘောင်ခတ်ထားသလိုဖြစ်နေပါတယ်။ ကျွန်မတို့ နားလည်လိုက်ပါတယ်။ ဘာဖြစ်လဲဆိုတော့ လွတ်လပ်သောဆိုတဲ့စကားလုံးသုံးတာနဲ့ ဒါဝန်ထမ်းမပါ

ရဘူးဆိုတဲ့သဘော ကျွန်မနားလည်မိပါတယ်။ ဒါကြောင့်မို့ ဒီဘက်က ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်အတိုင်းပါပဲ ကျွန်မအနေနဲ့ ဒီလွတ်လပ်သောစကားလုံးကိုပြန်လည်ပြီးတော့ ရုပ်သိမ်းပါတယ်။ ဥပဒေကြမ်းက တင်ပြချက်ကို ကျွန်မအနေနဲ့ သဘောတူပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်အဆိုပြုချက်ပြန်ရုပ်သိမ်းမယ်။ ဥပဒေကြမ်းကော်မတီက အဆိုပြုဆွေးနွေးတင်ပြဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အမျိုးသားပညာရေးဥပဒေကြမ်း ပြင်ဆင်သည့်ဥပဒေကြမ်းရဲ့ အမှတ်စဉ် ၉၊ မူလအဆိုပြုချက်အပိုဒ် ၇ မှာရှိတဲ့ အမျိုးသားလွှတ်တော်မှ ဒီအပိုဒ် ၆ ကို ပြင်ဆင်အတည်ပြုခဲ့ပါတယ်။ ဒီပြင်ဆင်အတည်ပြုချက်အပေါ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီအနေနဲ့လည်း ထပ်မံအတည်ပြုပေးဖို့ မူလကအဆိုပြုထားပါတယ်။ သို့သော်လည်း မနေ့ကကျွန်တော်တို့ ဒီညှိနှိုင်းအစည်းအဝေးများ ဆောင်ရွက်တဲ့အခါမှာ ဒီအဆိုပြုချက်အပေါ်မှာပဲ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးကျော်သီဟက ဒီပေါ်မှာကျွန်တော်တို့ ပြင်ဆင်အဆိုပြုလာပါတယ်။ ဒီအဆိုပြုချက်မှာဆိုရင် ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်အပေါ် ထပ်မံပြီးမှ ဒီကျစ်လျစ်သွားအောင် ပိုမိုပြည့်စုံနိုင်အောင်ဆိုပြီးမှ ကျွမ်းကျင်ပညာရှင်ဆိုတဲ့ ဥပဒေကြမ်းကော်မတီရဲ့ ဒီအဆိုပြုချက်ရဲ့ရှေ့မှာ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်ဆိုပြီးတော့မှ ကျစ်လျစ်တဲ့စကားစုနဲ့ အဆိုပြုတင်ပြလာတဲ့အတွက် ကျွန်တော်တို့ ဒုတိယဗိုလ်မှူးကြီးကျော်သီဟရဲ့ ပြင်ဆင်အဆိုပြုချက်ပေါ်ကို ဥပဒေကြမ်းကော်မတီအနေနဲ့ သဘောတူပါကြောင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခုနက ဒေါ်နန်းစေအွာအကြောင်းတော့ မပြောဘူး။ ဒုတိယဗိုလ်မှူးကြီးကျော်သီဟအဆိုပြုတင်ပြဖို့ ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးကျော်သီဟ(တပ်မတော်သားကိုယ်စားလှယ်)**။ ။ ကျွန်တော်အနေနဲ့ ဆက်လက်ပြီးတော့ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(ယ)ကို ဆက်လက်အဆိုပြုတင်ပြမှာဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီကနေပြီးတော့ အဆိုပြုတင်သွင်းထားတဲ့ စာသားကိုကျွန်တော်ပြန်လည်ဖတ်ပြပါ့မယ်ခင်ဗျား။ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီဆိုသည်မှာ နိုင်ငံတော်တွင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ပညာရေးမူဝါဒများ၊ ပညာရေးစီမံကိန်းများ၊ ပညာရေးအမျိုးအစားများနှင့် ပညာရေးအဆင့်အသီးသီး၏ အရည်အသွေးအာမခံမှုကို အကဲဖြတ်ဆောင်ရွက်ရန် ကျွမ်းကျင်ပညာရှင်များ ပါဝင်ဖွဲ့စည်းထားသော

**မူကြမ်း**

အဖွဲ့အစည်းကိုဆိုသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ အဲ့ဒီအဓိပ္ပာယ်ဖွင့်ဆိုချက်ထဲမှာပါဝင်တဲ့ ကျွမ်းကျင်ပညာရှင်ဆိုတဲ့ စကားရပ်ရဲ့ရှေ့မှာ ကျွန်တော်အနေနဲ့ သက်ဆိုင်ရာဆိုတဲ့စာသားကို ဆက်လက်ဖြည့်စွက်တင်သွင်းလိုခြင်းဖြစ်ပါတယ်။ အကျိုးအကြောင်းဖော်ပြချက်အနေနဲ့ အခု ကျွန်တော်တို့ဖွဲ့စည်းမယ့် အဖွဲ့အစည်းဟာဆိုလို့ရှိရင် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးကိုအာမခံပြီးတော့ သတ်မှတ်ပေးရမယ့် အဖွဲ့တစ်ဖွဲ့ဖြစ်ပါတယ်။ အဲဒီမှာ ပါဝင်တဲ့ကျွမ်းကျင် ပညာရှင်တွေဟာဆိုလို့ရှိရင်လည်း မိမိတို့ရဲ့အရည်အသွေးအာမခံ၍ သတ်မှတ်အကဲဖြတ်လိုသည့် ကဏ္ဍများအပေါ်မှာ အကဲဖြတ်ပေးရမယ့်အဖွဲ့လည်း ဖြစ်ပါတယ်။ စိစစ်အကဲဖြတ်တဲ့ပညာရှင်များဟာ မိမိတို့၏ သက်ဆိုင်ရာကဏ္ဍအလိုက် ဥပမာအားဖြင့် ပြောရမယ်ဆိုလို့ရှိရင် ဆေးဘက်ဆိုင်ရာ၊ ဥပဒေ ဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ စက်မှုဆိုင်ရာ၊ အီလက်ထရောနစ်သမိုင်းစသည့် အသိပညာ၊ အတတ် ပညာရှင်များရဲ့ အရည်အသွေးအာမခံလိုအပ်သောကြောင့် ကျွမ်းကျင်ပညာရှင်ရဲ့ ရှေ့မှာထည့်လိုခြင်း ဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုတင်သွင်းမယ့် စာသားကို ကျွန်တော်ဖတ်ပြပါ့မယ်။ အမျိုးသား ပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီဆိုသည်မှာ နိုင်ငံတော်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ပညာရေးမူဝါဒများ၊ ပညာရေးစီမံကိန်းများ၊ ပညာရေး အမျိုးအစားများနှင့် ပညာရေးအဆင့်အသီးသီး၏ အရည်အသွေးအာမခံမှုကို အကဲဖြတ်ဆောင်ရွက် ရန် သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ ပါဝင်ဖွဲ့စည်းထားသောအဖွဲ့အစည်းကိုဆိုသည်ဟု အတည်ပြု ပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အကြံပြုတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဒုတိယဗိုလ်မှူးကြီးကျော်သီဟ အဆိုပြုမတင်ပြခင် ကိုပဲ ထောက်ခံသွားတာဖြစ်ပါတယ်။ ဒါကြောင့် တစ်ချိန်တည်းမှာပဲ ဒေါ်နန်းစေအွာက သူ့ရဲ့အဆို ပြုချက် ပြန်လည်ရုပ်သိမ်းသွားတာဖြစ်တဲ့အတွက် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယ ဗိုလ်မှူးကြီးကျော်သီဟရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်သီဟရဲ့ အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၆ အမှတ်စဉ် ၁၁ ဦးခင်မောင်သီ၊ လွိုင်လင်မဲဆန္ဒနယ် အဆိုပြုတင် ပြဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(လှိုင်လင်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စာမျက်နှာ ၆ အမှတ်စဉ် ၁၁ အပိုဒ် ၉ အမျိုးသား ပညာရေးဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(သ)ကို အောက်ပါအတိုင်းအစားထိုးရမည်။ ကျောင်းအုပ်ချုပ်ရေးအဖွဲ့ ဆိုသည်မှာ ကျောင်းများတွင် ကျောင်းအုပ်ကြီး၊ ဆရာသမဂ္ဂကိုယ်စားလှယ်များ၊ ကျောင်းသားမိဘ သို့မဟုတ် အုပ်ထိန်းသူကိုယ်စားလှယ်များ၊ ရပ်ရွာမှလေးစားယုံကြည်သူများအဖွဲ့ကိုဆိုလိုသည် အဆို ပြုပြဋ္ဌာန်းချက်ကို အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်မှာ ပယ်ဖျက်ထားပါတယ်။ ဥပဒေကြမ်း ကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြချက်မှာ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း တင်ပြထား ပါတယ်။ ကျွန်တော်၏ ပြင်ဆင်ရန်တင်ပြချက်မှာ မူလဥပဒေအတိုင်းထားရှိရန်ဖြစ်ပါတယ်။ တည်ဆဲ ဥပဒေ မူလဥပဒေမှာ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(သ) မိဘဆရာအသင်းဆိုသည်မှာ အခြေခံပညာကျောင်းများတွင် သင်ယူသူများ၏ ပညာတတ်မြောက်ရေးနှင့် ကိုယ်၊ နှုတ်၊ နှလုံး ကောင်းမွန်လာရေးကို ပိုမိုထိရောက်အောင်မြင်လာစေရန် မိဘ သို့မဟုတ် အုပ်ထိန်းသူတို့နှင့်ဆရာတို့ ပူးပေါင်းဖွဲ့စည်းထားသောအဖွဲ့အစည်းကို ဆိုလိုသည်လို့ ပြဋ္ဌာန်းထားပါတယ်။ တည်ဆဲဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(သ)သည် အဓိပ္ပာယ်ကို ပိုမိုပြည့်စုံလေးနက်ကောင်းမွန်ပါတယ်။ ကျောင်းအုပ်ချုပ်ရေးလုပ်ငန်း များကို ကျောင်းအုပ်ကြီးနှင့် ဆရာဆရာမများ ဦးစီးဆောင်ရွက်လျက်ရှိပါတယ်။ ကျောင်းသားမိဘများ ပါဝင်တဲ့ မိဘဆရာအသင်းကလည်း ပါဝင်ကူညီဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ပုဒ်မ ၂ ပုဒ်မခွဲ(သ)ကို မူလဥပဒေအတိုင်း၊ တည်ဆဲဥပဒေအတိုင်း မိဘဆရာအသင်းဆိုသည်မှာ အခြေခံပညာ ကျောင်းများတွင် သင်ယူသူများ၏ ပညာတတ်မြောက်ရေးနှင့် ကိုယ်၊ နှုတ်၊ နှလုံးကောင်းမွန်လာရေး တို့ကို ပိုမိုထိရောက်အောင်မြင်လာစေရန် မိဘ သို့မဟုတ် အုပ်ထိန်းသူတို့နှင့်ဆရာတို့ ပူးပေါင်းဖွဲ့စည်း ထားသောအဖွဲ့အစည်းကို ဆိုလိုသည်အတိုင်း လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန်အတွက် လေးစား စွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်သီ ကျွန်တော့်ရဲ့ပြင်ဆင်အဆိုပြုချက်ထဲမှာ အုပ်ထိန်းသူနှင့် ဆရာတို့ အတူတကွဆိုတဲ့စကားလုံးပါပါတယ်။ ဦးခင်မောင်သီဆွေးနွေးတင်ပြသွားတဲ့နေရာမှာ ဆရာတို့ အတူတကွဆိုတာမပါဘဲနဲ့ ပူးပေါင်းဖွဲ့စည်းထားသောအဖွဲ့ကိုဆိုလိုသည်လို့ ဖြစ်ပါတယ်။ ဘယ်ဟာ အမှန်ပါလဲ။

**မူကြမ်း**

**ဦးခင်မောင်သီ(လှိုင်လင်မဲဆန္ဒနယ်)။** ။ ပိုမိုထိရောက်အောင်မြင်လာစေရန် မိဘ သို့မဟုတ် အုပ်ထိန်းသူတို့နှင့်ဆရာတို့ ပူးပေါင်းဖွဲ့စည်းထားသောအဖွဲ့အစည်းကိုဆိုလိုသည်။

**ဥက္ကဋ္ဌ။** ။ အတူတကွဆိုတာ မပါဘူးပေါ့နော်။ ရပါပြီ။ ကျွန်တော် ဥပဒေကြမ်းကော်မတီကို မေးပါမယ်။ Typing လည်းဖြစ်နိုင်ပါတယ်။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုးစိုး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ အဆိုပြုချက်ဟာ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီကလည်း အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းဆိုပြီးကာကျမှ ဒီပြင်ဆင်တဲ့ဥပဒေရဲ့အဆိုပြုချက်ကို ပယ်ဖျက်ဖို့ဆိုတဲ့ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း ကျွန်တော်တို့က လက်ခံထားတဲ့အတွက်၊ ရည်ရွယ်ချက်ချင်းကလည်း အတူဖြစ်တဲ့အတွက် ဦးခင်မောင်သီရဲ့အဆိုပြုချက်ကို ကျွန်တော့်တို့အနေနဲ့ ထောက်ခံအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဆရာကြီး ဒေါက်တာမြဦး ပြောဖို့လား။ ဟုတ်ကဲ့။

**ဒေါက်တာမြဦး(ငါန်းဇွန်မဲဆန္ဒနယ်)။** ။ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း ဖြစ်တဲ့အတွက် ပြင်ဆင်ချက်ဥပဒေတင်သွင်းတဲ့အပိုဒ်ကို ပယ်ဖျက်တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တည်ဆဲဥပဒေအတိုင်းပဲဖြစ်ပါတယ်။ တည်ဆဲဥပဒေထဲမှာတော့ ခုနကတုန်းက အပြည့်အစုံပြန်ဖတ်ပြရရင်တော့ မိဘဆရာအသင်းဆိုသည်မှာ အခြေခံပညာကျောင်းများတွင် သင်ယူသူများ၏ ပညာတတ်မြောက်ရေးနှင့် ကိုယ်၊ နှုတ်၊ နှလုံးကောင်းမွန်လာရေးကို ပိုမိုထိရောက်အောင်မြင်စေရန် မိဘ သို့မဟုတ် အုပ်ထိန်းသူတို့နှင့်ဆရာတို့ အတူတကွပူးပေါင်းဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်။ အဲဒါကြောင့် အတူတကွပါပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ မှန်ပါတယ်။ ခုနက ဦးခင်မောင်သီပြောတာလည်း အတည်ပြုပြဋ္ဌာန်းထားတဲ့ ဥပဒေအတိုင်း ရှေ့ကဖော်ပြသွားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အတူတကွဆိုတာက တည်ဆဲဥပဒေထဲမှာပါတဲ့အတွက် အတူတကွဆိုတဲ့စကားလုံးပါမှာဖြစ်ပါတယ်။ ဒါကြောင့် ဦးခင်မောင်သီ၊ လှိုင်လင်မဲဆန္ဒနယ်ရဲ့အဆိုပြုချက်ကို ဥပဒေကြမ်းကော်မတီနဲ့ ပညာရေးမြှင့်တင်မှုကော်မတီကလည်း သဘောတူကြောင်း တင်ပြထားတာရှိပါတယ်။ ဒါကြောင့် ဦးခင်မောင်သီ၏အဆိုပြုတင်ပြချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးခင်မောင်သီ၊ လှိုင်လင်မဲဆန္ဒနယ် ၏အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၆ အမှတ်စဉ် ၁၂ ဦးမင်းဆွေ၊ ဒိုက်ဦးမဲဆန္ဒနယ်က အဆိုပြုဆွေးနွေး ဖို့ဖြစ်ပါတယ်။

**ဦးမင်းဆွေ(ဒိုက်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ တင်ပြဆွေးနွေးချင်တာကတော့ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက် အမှတ်စဉ် ၁၂ နဲ့ ၁၉ မှာ တက္ကသိုလ်ပဋိညာဉ်အရ ပဋိညာဉ် နှင့်အညီလို့ဖော်ပြထားပြီးတော့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်ချက်အပိုဒ် ၁၂ နှင့် ၄၆ မှာ ပဋိညာဉ်အရ ပဋိညာဉ်စာတမ်းနှင့်အညီလို့ ဖော်ပြထားပါတယ်။ မူလအမျိုးသားပညာရေး ဥပဒေမှာတော့၊ အဆိုပြုပြင်ဆင်ချက်မှာတော့ ဒီပဋိညာဉ်ဆိုတဲ့စကားလုံးက မပါဘူးဖြစ်ပါတယ်။ ဒါကြောင့် အထက်အမှတ်စဉ် ၁၂၊ ၁၉၊ ၄၆ တို့ကို ဥပဒေမှာထည့်သွင်းပြင်ဆင်မယ်ဆိုရင် ပဋိညာဉ်စာတမ်းကို အရင်ပြုစုရမှာဖြစ်ပါတယ်။ မူလဥပဒေပုဒ်မ ၂ ရဲ့ အဓိပ္ပာယ်ဖော်ပြချက်မှာလည်း ဒီပဋိညာဉ်စာတမ်းနဲ့ပတ်သက်ပြီး ဖော်ပြထားတာမရှိပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တင်ပြချင်တာကတော့ ဒီဥပဒေကို ပဋိညာဉ်စာတမ်းများပြုစုပြီးမှသာလျှင် ဒီဥပဒေကိုအတည်ပြုသင့်ကြောင်း တင်ပြရခြင်းဖြစ်ပါတယ်။ ဒါတစ်ခုဖြစ်ပါတယ်။

နောက်တစ်ခုကတော့ အဲဒီအပိုဒ်မှာပဲ ကျွန်တော်တို့ တက္ကသိုလ်ကောင်စီဖွဲ့စည်းသည့်အခါ အမျိုးသားလွှတ်တော်က အတည်ပြုသည့် အမှတ်စဉ် ၁၂ ပုဒ်မ ၈ ပုဒ်မခွဲ(ဠ) မှာ တက္ကသိုလ်ကောင်စီ ဖွဲ့စည်းသည့်အခါ ကျောင်းသားသမဂ္ဂမှ အမည်စာရင်းတင်သွင်းသော ယင်းတက္ကသိုလ်မှဘွဲ့ရပုဂ္ဂိုလ် များဆိုတာ ပါနေပါတယ်။ ဒါက လုံးဝမဖြစ်သင့်ပါဘူး။ ဘွဲ့ရပုဂ္ဂိုလ်တွေက အများကြီးဖြစ်နေပါတယ်။ ပါတီအသီးသီးကိုကိုယ်စားပြုပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းအသီးသီးကို ကိုယ်စားပြုပုဂ္ဂိုလ်များ ပါဝင်လာပြီးတော့ ပညာသင်ကြားရေးနဲ့မဆိုင်တဲ့ကိစ္စတွေ ဝင်ရောက်ရှုပ်ထွေးနိုင်ပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီကတော့ အဲဒီမှာ ကျောင်းသားကိုယ်စားလှယ်များလို့ပဲ ထည့်သွင်းထားပါတယ်။ အဲဒီကျောင်းသားကိုယ်စားလှယ်များဆိုတဲ့နေရာမှာ ပညာသင်ကြားဆဲ ကျောင်းသားကိုယ်စားလှယ်များလို့ ထည့်သွင်းရင်ပိုမိုကောင်းမွန်မယ်လို့ အကြံပြုတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဖြိုးဇေယျာသော် အဆိုပြုတင်ပြဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးဖြိုးဇေယျာသော်(ပုဗ္ဗသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်အားလုံး မင်္ဂလာပါ။ ကျွန်တော့်အနေနဲ့ ပထမဦးဆုံး ဒီအဆိုပြုတင်ပြချက်မတင်ပြမီမှာ စာသားအမှားလေးကို တော့ တစ်ချက်ပြင်ဆင်ချင်ပါတယ်ခင်ဗျာ။ အဲဒါကတော့ ကျွန်တော့်ရဲ့အဆိုပြုတင်ပြချက်မှာ စာမျက်နှာ ၈ ရဲ့ ထိပ်ဆုံးမှာပါခင်ဗျ။ အများယုံကြည်လေးစားသည့်ပုဂ္ဂိုလ်များ နောက် အလယ်က ဒီအမည်းရောင် အပိုဒ်လေးက ကျွန်တော်ပြင်ထားတဲ့အထဲမှာ မပါပါဘူးခင်ဗျား။ ဒါကို စာရိုက်ရင်းကနေပြီးတော့ ပါလာ ခဲ့လို့ပါ။ ကျွန်တော့်ရဲ့ပြင်ဆင်ချက်ကတော့ အများယုံကြည်လေးစားသည့်ပုဂ္ဂိုလ်များနှင့် ကျွမ်းကျင် ပညာရှင်များပါပဲခင်ဗျား။ အလယ်က တက္ကသိုလ်တိုင်းရင်းသားစာပေ ယဉ်ကျေးမှုအသင်းအဖွဲ့မှ အမည်စာရင်းတင်သွင်းသော ဘွဲ့ရပုဂ္ဂိုလ်များဆိုတဲ့ဟာက ကျွန်တော့်ရဲ့အဆိုပြုပြဋ္ဌာန်းချက်ထဲမှာ မပါ ပါဘူးခင်ဗျား။ ဒါ ပထမဦးဆုံး ကျွန်တော် အမှားပြင်ဆင်တဲ့အချက်လေး ပြင်ဆင်ချင်တာပါ။ လောလော ဆယ် အဆိုပြုတင်ပြချင်တဲ့ဟာကတော့ ဥက္ကဋ္ဌကြီးကလည်း ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးဖို့အတွက် လမ်းညွှန်မှာကြားထားတယ်လို့ ကျွန်တော့်အနေနဲ့ ဒီလိုပဲနားလည်ပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ ကျွန်တော်ပြင်ဆင်ချင်တဲ့အပိုဒ်က တက္ကသိုလ်ကောင်စီရဲ့ဖွဲ့စည်းပုံကိစ္စ ဖြစ်ပါတယ်။ တက္ကသိုလ် ကောင်စီရဲ့ဖွဲ့စည်းပုံကို အမျိုးသားလွှတ်တော်မှာကတော့ တက္ကသိုလ်ဆရာသမဂ္ဂရဲ့ကိုယ်စားလှယ်တွေ၊ ကျောင်းသားသမဂ္ဂကနေ အမည်စာရင်းတင်သွင်းတဲ့ ကိုယ်စားလှယ်တွေဆိုပြီးတော့ အဲဒီလိုမျိုး အမျိုးသားလွှတ်တော်ကတော့ အဆိုပြုထားပါတယ်။ ဥပဒေကြမ်းကော်မတီကတော့ ဆရာ ကိုယ်စားလှယ်၊ ကျောင်းသားကိုယ်စားလှယ်ဆိုပြီး ပြင်ဆင်ထားပါတယ်။ ကျွန်တော့်ရဲ့အဆိုပြုတင်ပြ ချက်ကတော့ ဆရာများကရွေးချယ်သောကိုယ်စားလှယ်များ၊ ကျောင်းသားများကရွေးချယ်သော ကိုယ်စားလှယ်များဆိုတဲ့အဆိုပြုတင်ပြချက်ပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော် ဘာဖြစ်လို့ ဒီလိုမျိုး တင်ပြရတာလည်းဆိုတဲ့အချက်လေးကိုလည်း နည်းနည်း အကျယ်တဝင့်လေးရှင်းလင်းချင်ပါတယ် ခင်ဗျား။

ကျွန်တော်တို့က ဒီလိုမျိုး ဆရာများမှရွေးချယ်သောကိုယ်စားလှယ်၊ ကျောင်းသားများမှ ရွေး ချယ်သောကိုယ်စားလှယ်လို့ ရေးသားလိုက်တာဟာ သမဂ္ဂတွေရဲ့တည်ရှိမှုကို မလိုလားလို့ မဟုတ်ပါ ဘူး။ ကျောင်းသားသမဂ္ဂတွေရဲ့ တည်ရှိမှု၊ ဆရာသမဂ္ဂတွေရဲ့တည်ရှိမှုကို ဒီပြင်ဆင်ချက်ဥပဒေ ပုဒ်မ ၄ ပုဒ်မခွဲ(ဂ)မှာလည်း ဖော်ပြထားပြီးသားဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဟာ တက္ကသိုလ်ကောင်စီရဲ့ ဖွဲ့စည်းပုံမှာ ကျောင်းသားသမဂ္ဂမှရွေးချယ်တဲ့ပုဂ္ဂိုလ်၊ ဆရာသမဂ္ဂမှရွေးချယ်တဲ့ပုဂ္ဂိုလ်ပဲ ဒီကောင်စီ ထဲမှာပါရမယ်ဆိုရင် ဆရာတိုင်းကလည်း ဆရာသမဂ္ဂဝင်ချင်မှဝင်မှာပါ။ ကျောင်းသားတိုင်းကလည်း

ကျောင်းသားသမဂ္ဂဝင်ချင်မှဝင်မှာပါ။ အဲဒီတော့ သမဂ္ဂဝင်ဖြစ်တဲ့သူနဲ့ သမဂ္ဂဝင်မဟုတ်တဲ့သူတွေကို ခွဲခြားဆက်ဆံတဲ့ပုံစံမျိုး မဖြစ်စေလိုတဲ့အတွက် ဆရာများမှရွေးချယ်သောကိုယ်စားလှယ်၊ ကျောင်းသားများမှရွေးချယ်သောကိုယ်စားလှယ်ဆိုပြီးတော့ အားလုံးတူညီတဲ့အခွင့်အရေးရအောင် ကျွန်တော့်အနေနဲ့ဒီပြင်ဆင်ချက်ကို တင်သွင်းရခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တစ်ဆက်တစ်စပ်တည်း ပြောချင်တာကတော့ ဘွဲ့ရကိုယ်စားလှယ်ဆိုတဲ့ကိစ္စပေါ့။ ကျောင်းသားများမှရွေးချယ်သည့် ဘွဲ့ရသည်ဖြစ်စေ၊ ဘွဲ့မရသည်ဖြစ်စေ ဒါတွေသည် သက်ဆိုင်ရာသူတို့တက္ကသိုလ်တွေရဲ့ ပဋိညာဉ်စာတမ်းပေါ်မှာ မူတည်ပြီးတော့ပဲ ရေးဆွဲမှာဖြစ်ပါတယ်။ ဘွဲ့ရပုဂ္ဂိုလ်ဖြစ်ရမယ်၊ မဖြစ်ရဘူးဆိုတာတွေကလည်း သူ့ရဲ့ ပဋိညာဉ်စာတမ်းနဲ့အညီပဲ သက်ဆိုင်နေတာဖြစ်ပါတယ်။ နောက်ပြီးတော့ တချို့သောပုဂ္ဂိုလ်တွေ ကပြောတာရှိပါတယ်။ ဥပမာ- ကျောင်းသားသမဂ္ဂကိုယ်စားလှယ်ဖြစ်တယ်ဆိုလို့ရှိရင် အလိုလိုနေရင်းကို တက္ကသိုလ်ကောင်စီပဲပြောပြော၊ အချို့အချို့သောနိုင်ငံတွေမှာဆိုရင် University Senate လို့ ခေါ်ကြတာတွေလည်းရှိပါတယ်။ တချို့ဆိုလို့ရှိရင်တော့ Advisory Board ဆိုတဲ့နာမည်နဲ့ပဲထားတာတွေလည်းရှိပါတယ်။ ဒီတက္ကသိုလ်ကောင်စီတစ်ခုမှာ ကျောင်းသားသမဂ္ဂရဲ့ ကိုယ်စားလှယ်တွေက တိုက်ရိုက်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ပြီးသားဖြစ်တယ်ဆိုပြီးတော့ တချို့ပုဂ္ဂိုလ်တွေ ပြောကြ၊ ဆိုကြတာတွေရှိပါတယ်။ ကျွန်တော့်အနေနဲ့ လိုက်ပြီးတော့ လေ့လာကြည့်လိုက်တဲ့အခါမှာ ကျွန်တော် လေ့လာမိသလောက် တက္ကသိုလ်တော်တော်များများမှာ Student Representative ကျောင်းသားကိုယ်စားပြုကိုယ်စားလှယ်ဆိုတဲ့စကားရပ်ပဲပါပါတယ်။ Student Union နဲ့ Representative ဆိုပြီးတော့ ကျောင်းသားသမဂ္ဂရဲ့ကိုယ်စားလှယ်ဆိုပြီးတော့ ရေးထားတာမျိုး ကျွန်တော်ပဲ လေ့လာမှု အားနည်းလို့လားတော့မသိဘူး။ အဲဒီလိုမျိုးတော့ မတွေ့ရပါဘူး။ ဒါပေမယ့် သူတို့တွေရည်ညွှန်းတဲ့ တက္ကသိုလ်တွေရဲ့ ကျောင်းသားသမဂ္ဂကိုယ်စားလှယ်တွေဟာ ဘာဖြစ်လို့ တက္ကသိုလ်ကောင်စီထဲကို တိုက်ရိုက်ရောက်ရတာလည်းဆိုတဲ့ဟာကို ကျွန်တော်ဆက်ပြီးတော့ လေ့လာပါတယ်။ အဲဒီတော့ သူတို့ရဲ့တက္ကသိုလ်ပဋိညာဉ်စာတမ်းမှာ ဘယ်လိုဖော်ပြထားသလဲဆိုရင် ဒီကျောင်းသားသမဂ္ဂတွေဟာ ဖွဲ့စည်းတဲ့နေရာမှာ ကျောင်းသားတိုင်းကျောင်းသားတိုင်း သမဂ္ဂအမှုဆောင်တွေ ရွေးချယ်မှုကို မဲပေးပိုင်ခွင့်ရှိပါတယ်။ ကျောင်းသားတွေက ကျောင်းသားသမဂ္ဂကိုဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ကျောင်းသားကိုယ်စားပြုမှုကိုယ်စားလှယ် ရွေးချယ်တယ်ဆိုတဲ့သဘောမျိုးနဲ့ ကျောင်းသားအားလုံး မဲပေးပြီးရွေးချယ်ပိုင်ခွင့်ရှိပါတယ်။ မဲပေးခြင်း၊ မပေးခြင်းကတော့ တစ်ကဏ္ဍပါ။ အဲဒီလိုမျိုး မဲပေးရွေးချယ်တဲ့ဟာကို တစ်ကြိမ်တည်းပြုလုပ်လိုက်တဲ့အတွက် သူတို့တွေဟာ သူတို့ရဲ့ကျောင်းသား

ကိုယ်စားပြုမှုကို လက်ဆုပ်လက်ကိုင်ပြုပြီးသွားတော့မှ တက္ကသိုလ်ကောင်စီတွေထဲကို ဝင်ရောက်လာကြတာဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ ကျွန်တော်တို့တွေဟာ တက္ကသိုလ်တွေ၊ ကျောင်းတွေ ဒါတွေကို အမှန်တကယ်လွတ်လပ်တဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေသာပေးမယ်ဆိုရင် ဒီတက္ကသိုလ်ကောင်စီရဲ့ဖွဲ့စည်းပုံပဲဖြစ်ဖြစ် နောက်ပြီးတော့ သူ့ရဲ့လုပ်ပိုင်ခွင့်အခွင့်အာဏာတွေပဲဖြစ်ဖြစ် ဒါတွေဟာ သက်ဆိုင်ရာပဋိညာဉ်စာတမ်းတွေနဲ့ တက္ကသိုလ်တစ်ခုချင်းစီကရေးဆွဲတဲ့ ပဋိညာဉ်စာတမ်းတွေနဲ့ အညီသာဖြစ်သင့်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တင်သွင်းလိုတဲ့ပြင်ဆင်ချက်ကတော့ ဆရာများကရွေးချယ်သောကိုယ်စားလှယ်များ၊ ကျောင်းသားများကရွေးချယ်သော ကိုယ်စားလှယ်များဆိုတဲ့ စကားရပ်ကို လက်ခံပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်မိမြင့်သန်း၊ ရေးမဲဆန္ဒနယ် အဆိုပြုတင်ပြဖို့ဖြစ်ပါတယ်။

**ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မပြင်ဆင်တဲ့ဥပဒေက ကျွန်မတို့ရဲ့ အမျိုးသားပညာရေးဥပဒေမှာဆိုရင် ဥပဒေကြမ်းကော်မတီကတော့ တက္ကသိုလ်ကောင်စီဆိုသည်မှာ သက်ဆိုင်ရာ တက္ကသိုလ်၏ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ ၎င်းတို့နှင့်အဆင့်တူညီသော ပုဂ္ဂိုလ်များ၊ မဟာဌာနမှူးများ၊ ဌာနမှူးများ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာတာဝန်ရှိသူများ၊ ဆရာကိုယ်စားလှယ်များ၊ ကျောင်းသားကိုယ်စားလှယ်များ၊ အများယုံကြည်လေးစားသည့် ပုဂ္ဂိုလ်များနှင့် ကျွမ်းကျင်ပညာရှင်များအပါအဝင် သက်ဆိုင်ရာတက္ကသိုလ်ပဋိညာဉ်စာတမ်းအရ ဖွဲ့စည်းတည်ထောင်သည်ကို ဆိုသည်ဆိုပြီးတော့ ပြင်ဆင်ထားပါတယ်။ ကျွန်မအနေနဲ့ ထပ်ပြီးဖြည့်စွက်ချင်တာကတော့ အဲဒီမှာ ကျောင်းသားကိုယ်စားလှယ်၊ တက္ကသိုလ်ဆရာကိုယ်စားလှယ်ဆိုတဲ့နေရာမှာ ကျွန်မကတော့ တက္ကသိုလ်ဆရာသမဂ္ဂ၏ကိုယ်စားလှယ်များဆိုပြီးတော့ ဖြည့်စွက်ချင်ပါတယ်။ ကျွန်မစာပိုဒ်ဖြည့်စွက်ချင်တဲ့ စာပိုဒ်ကတော့ တက္ကသိုလ်ကောင်စီဆိုသည်မှာ သက်ဆိုင်ရာတက္ကသိုလ်၏ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ၎င်းတို့အဆင့်တူညီသော ပုဂ္ဂိုလ်များ၊ မဟာဌာနမှူးများ၊ ဌာနမှူးများ၊ ဘာသာရပ်ဆိုင်ရာပါမောက္ခများ၊ စီမံခန့်ခွဲရေးနှင့် ဘာသာရေးဆိုင်ရာတာဝန်ရှိသူများ၊ တက္ကသိုလ်ဆရာသမဂ္ဂ၏ကိုယ်စားလှယ်များ၊ ကျောင်းသားသမဂ္ဂမှ အမည်စာရင်းတင်သွင်းသော ယင်းတက္ကသိုလ်မှ ဘွဲ့ရပုဂ္ဂိုလ်များ၊ တက္ကသိုလ်တိုင်းရင်းသားစာပေ၊ယဉ်ကျေးမှုအသင်းအဖွဲ့မှ အမည်စာရင်းတင်သွင်းသော ဘွဲ့ရပုဂ္ဂိုလ်များ၊ အများ

ယုံကြည်လေးစားသည့် ပုဂ္ဂိုလ်များနှင့် ကျွမ်းကျင်ပညာရှင်များအပါအဝင် သက်ဆိုင်ရာတက္ကသိုလ် ပဋိညာဉ်စာတမ်းအရ ဖွဲ့စည်းတည်ထောင်သည်ကိုဆိုသည်လို့ ကျွန်မအနေနဲ့ အဆိုတင်သွင်းထားပါတယ်ရှင်။ ကျွန်မက တက္ကသိုလ်ဆရာသမဂ္ဂ၏ကိုယ်စားလှယ်များဆိုတဲ့ ဥပဒေကြမ်းကော်မတီကတော့ တက္ကသိုလ်ဆရာ၏ ကိုယ်စားလှယ်များသမဂ္ဂကို မထည့်ထားပါဘူးရှင်။ ကျွန်မအနေနဲ့ကတော့ တက္ကသိုလ်ဆရာသမဂ္ဂ၏ကိုယ်စားလှယ်များလို့ ကျွန်မကထည့်ချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ရဲ့ လွန်ခဲ့တဲ့လတုန်းက ကျောင်းသားတွေတောင်းဆိုနေတဲ့ သမဂ္ဂဆိုတဲ့စကားလုံးကို ကျွန်မကတော့ ကျောင်းသားတွေရဲ့ကိုယ်စား ပိုပြီးတော့ပေါ်လွင်အောင်ဆိုပြီးတော့ ဆရာသမဂ္ဂထည့်ထားခြင်းဖြစ်ပါတယ်။

နောက်တစ်ချက်က ကျောင်းသားသမဂ္ဂမှ အမည်စာရင်းတင်သွင်းသော ယင်းတက္ကသိုလ်မှ ဘွဲ့ရပုဂ္ဂိုလ်များ အဲဒီနေရာမှာ ကျွန်မက ကျောင်းသားသမဂ္ဂလို့ထည့်ချင်တဲ့ရည်ရွယ်ချက်ကတော့ ကျွန်မတို့ရဲ့ ၁၉၃၆ ခုနှစ် ဒုတိယကျောင်းသားသပိတ်မှာဆိုရင် ကျောင်းသားသမဂ္ဂကပေါ်လာနေပါပြီ။ အဲဒီအခါမှာ ကျွန်မတို့ရဲ့ သမဂ္ဂဥက္ကဋ္ဌကတော့ ဦးနုဖြစ်ပါတယ်။ အဲဒီမှာ နောင်တစ်ချိန်မှာ ဗိုလ်ချုပ်အောင်ဆန်းလို့ ကျွန်မတို့ရဲ့နိုင်ငံခေါင်းဆောင်ဟာ အဲဒီအချိန်မှာ အတွင်းရေးမှူးဖြစ်နေပါပြီ။ အဲဒီမှာ ကျွန်တော်တို့က ကျောင်းသားတွေရဲ့ သမဂ္ဂဆိုတာကိုလည်း အခု ကျွန်မတို့ရဲ့ ဒီမိုကရေစီဖော်ဆောင်နေတဲ့ကာလမှာ သမဂ္ဂဆိုတဲ့စကားလုံးကို ကျွန်မက ထည့်သွင်းချင်တဲ့ ရည်ရွယ်ချက်ဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်မထည့်သွင်းချင်တဲ့ တက္ကသိုလ်တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှုအသင်းအဖွဲ့မှ အမည်စာရင်းတင်သွင်းသော ဘွဲ့ရပုဂ္ဂိုလ်များဆိုတဲ့ စကားလုံးဖြစ်ပါတယ်။ ကျိုးကြောင်းဖော်ပြချက်ကတော့ ကျွန်မတို့ရဲ့ တက္ကသိုလ်တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှုအသင်းကို တက္ကသိုလ်များအုပ်ချုပ်ရေးရုံးမှ ၁၉၆၄ ခုနှစ်တွင် စတင်ဖွဲ့စည်းပြီးတော့ နှစ်နှစ်တစ်ခါ ဦးဆောင်ကော်မတီကို ပြန်လည်ဆွေးနွေးတင်မြှောက်ပြီး ယနေ့အထိ လှုပ်ရှားခဲ့ရာမှာ ၅၁ နှစ်ရှိနေပါပြီ။ အဲဒီမှာ ကျွန်မ မမွေးခင်ကတည်းက ဖွဲ့စည်းတဲ့ တက္ကသိုလ်တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှုအသင်းအဖွဲ့ဟာ တက္ကသိုလ်တက်ရောက်တဲ့အခါမှာ ပါဝင်လှုပ်ရှားခဲ့ဖူး ပြီးတော့ ယနေ့အချိန်အထိ ရှင်သန်နေပါတယ်။ ဒါကြောင့် တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှုဖွံ့ဖြိုးရေး တိုင်းရင်းသားအပေါင်းစုပေါင်းလှုပ်ရှားခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ်မြှင့်တင်ရေးတို့ကြောင့် တက္ကသိုလ်ကို ပြည်ထောင်စုအသွင်ဆောင်စေတဲ့ နိုင်ငံရေးကင်းရှင်းပြီးတော့ ငြိမ်းချမ်းတဲ့ ပညာသင်ကြားရေးစနစ်ကို အထောက်အကူဖြစ်မယ်လို့

ကျွန်မအနေနဲ့ ရည်ရွယ်ချက်ထားပြီးတော့ တင်ပြထားတာဖြစ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုးစိုး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ တက္ကသိုလ်ကောင်စီဖွဲ့စည်းမှုနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်နှင့်ပတ်သက်ပြီးတော့ နှိုင်းယှဉ်ပြီးတော့ တင်ပြသွားမှာဖြစ်ပါတယ်။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂ ပုဒ်ခွဲ(ဌ)ကို အောက်ပါအတိုင်း အစားထိုးရမည်။ တက္ကသိုလ်ကောင်စီဆိုသည်မှာ သက်ဆိုင်ရာတက္ကသိုလ်၏ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ၎င်းတို့အဆင့်တူညီသောပုဂ္ဂိုလ်များ၊ မဟာဌာနမှူးများ၊ ဌာနမှူးများ၊ ဘာသာရပ်ဆိုင်ရာပါမောက္ခများ၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာတာဝန်ရှိသူများ၊ ဆရာကိုယ်စားလှယ်များ၊ ကျောင်းသားကိုယ်စားလှယ်များ၊ အများယုံကြည်လေးစားသည့် ပုဂ္ဂိုလ်များနှင့် ကျွမ်းကျင်ပညာရှင်များအပါအဝင် သက်ဆိုင်ရာ တက္ကသိုလ်ပဋိညာဉ်စာတမ်းအရ ဖွဲ့စည်းသည့်ကောင်စီကို ဆိုသည်လို့ ဥပဒေကြမ်းကော်မတီက ဒီလိုအဆိုပြုထားပါတယ်။ ဒီနေရာမှာ ကျွန်တော်တင်ပြချင်တာက ဦးဖြိုးဇေယျာသော်က တင်ပြတဲ့အထဲမှာ ဆရာကိုယ်စားလှယ်များ၊ ကျောင်းသားကိုယ်စားလှယ်များနှင့်ပတ်သက်လို့ သူအနေနဲ့ ဆရာများကရွေးချယ်သော ကိုယ်စားလှယ်များနှင့် ကျောင်းသားများက ရွေးချယ်သော ကိုယ်စားလှယ်များဟုဆိုပြီးတော့ ပြင်ဆင်အဆိုပြုထားတာရှိပါတယ်။ ဒီနေရာ တင်ပြချင်တာက ဦးဖြိုးဇေယျာသော်တင်ပြတဲ့ အတိုင်းမှန်ပါတယ်။ တက္ကသိုလ်တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှုအသင်းအဖွဲ့မှ အမည်စာရင်းတင်သွင်းသော ဘွဲ့ရပုဂ္ဂိုလ်များဆိုတာက Typing Error ဖြစ်ပါတယ်။ အဲဒါတွေကို အမှားပြင်ဆင်တာဖြစ်ပါတယ်။

အဲဒီတော့ ဒီနေရာမှာ ထပ်ပြီးတော့ တင်ပြချင်တာက ရေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်းရဲ့ တင်ပြချက်ကို ဆက်ပြီးတော့ ကျွန်တော်တင်ပြသွားမှာဖြစ်ပါတယ်။ ဒေါ်မိမြင့်သန်းအနေနဲ့ကတော့ ဆရာကိုယ်စားလှယ်များ၊ ကျောင်းသားကိုယ်စားလှယ်မှာ တက္ကသိုလ်ဆရာ သမဂ္ဂရဲ့ကိုယ်စားလှယ်များနဲ့ ကျောင်းသားသမဂ္ဂမှ အမည်စာရင်းတင်သွင်းသော ယင်းတက္ကသိုလ်မှ ဘွဲ့ရပုဂ္ဂိုလ်များ၊ နောက် ထူးခြားမှုအနေနဲ့ တက္ကသိုလ်တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှုအသင်းအဖွဲ့မှ အမည်စာရင်းတင်သွင်းသော ဘွဲ့ရပုဂ္ဂိုလ်များလို့ ဆိုထားပါတယ်။ ကျွန်တော်တို့

ညှိနိူင်းဆောင်ရွက်တဲ့အခါမှာ တက္ကသိုလ်တိုင်းမှာ တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှုအသင်းအဖွဲ့တွေဟာ များပြားပါတယ်။ များပြားတဲ့အတွက် ကိုယ်စားလှယ်ရွေးချယ်တဲ့နေရာမှာ အများကြီးအခက်အခဲဖြစ်လာနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဒေါ်မိမြင့်သန်းတင်ပြတဲ့ တက္ကသိုလ်တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှုအသင်းအဖွဲ့မှ အမည်စာရင်းတင်သွင်းသော ဘွဲ့ရပုဂ္ဂိုလ်များနဲ့ပတ်သက်လို့လည်း ဒီအဆိုပြုတင်ပြချက်ကတော့ မဖြစ်နိုင်တာတစ်ချက်ပဲ။ နောက် ဦးဖြိုးဇေယျာသော်ရဲ့တင်ပြချက်ဟာ ကျွန်တော်တို့ ပြင်ဆင်ထားတာနဲ့ အဓိပ္ပာယ်သိပ်မကွဲလွဲပါဘူး။ ဆရာများက ရွေးချယ်တဲ့ ကိုယ်စားလှယ်နှင့် ကျောင်းသားများက ရွေးချယ်တဲ့ ကိုယ်စားလှယ် ဒီအပိုင်းလေးပဲ ပါပါတယ်။ အဲဒီတော့ ပါတဲ့အတွက် ဦးဖြိုးဇေယျာသော်ရဲ့ တင်ပြချက်ဟာ ပိုပြီးတော့ ပြည့်စုံမှုရှိတဲ့အတွက်၊ ကောင်းမွန်တဲ့အတွက် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအနေနဲ့ ဦးဖြိုးဇေယျာသော်ရဲ့ အဆိုပြုတင်ပြချက်ကို ထောက်ခံအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်လန့်ဖြတ်ဇယား အမှတ်စဉ် ၆၊ စာမျက်နှာ ၆ အမှတ်စဉ် ၁၂ နှင့်ပတ်သက်ပြီးတော့ ပြင်ဆင်အဆိုပြုတင်ပြထားတဲ့ ပုဂ္ဂိုလ်တွေကတော့ ဦးမင်းဆွေ၊ ဦးဖြိုးဇေယျာသော်၊ ဒေါ်မိမြင့်သန်းနှင့် ဥပဒေကြမ်းကော်မတီကလည်း ပြင်ဆင်အဆိုပြုချက် တင်ပြထားတာရှိပါတယ်။ ဒီလို တင်ပြထားချက်အနက် ဥပဒေကြမ်းကော်မတီက ဦးဖြိုးဇေယျာသော်(ပုဗ္ဗသီရိမဲဆန္ဒနယ်)ရဲ့ အဆိုပြုတင်ပြချက်က ပိုမိုပြည့်စုံကျစ်လျစ်တဲ့အတွက် သဘောတူကြောင်း တင်ပြသွားပါတယ်။ ဒါကြောင့် ဦးဖြိုးဇေယျာသော်ပြင်ဆင်အဆိုပြုတင်ပြချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် လွှတ်တော်က ဦးဖြိုးဇေယျာသော်အဆို ပြင်ဆင်အဆိုပြုချက်ကို ကန့်ကွက်တယ်ဆိုရင် ကန့်ကွက်မယ့်လွှတ်တော်ကိုယ်စားလှယ်များ မတ်တတ်ရပ်ပါ။ သုံးယောက်ရှိပါတယ်။ ထောက်ခံဆန္ဒမဲများတဲ့အတွက် ဦးဖြိုးဇေယျာသော်အဆိုပြုချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၉ အမှတ်စဉ် ၁၃ ဦးသောင်းဟန် အဆိုပြုတင်ပြဖို့ဖြစ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ အားလုံး လေးစားပါတယ်။ ကျွန်တော်တင်ပြမယ့် အဆိုပြုချက်ကတော့ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဠ)ရဲ့နောက်မှာ ဖြည့်စွက်ချက်အဖြစ်နဲ့ အသစ်ပြဋ္ဌာန်းတဲ့ အချက်ဖြစ်ပါတယ်။ ကျွန်တော်တို့ ပုဒ်မခွဲ(အ)အဖြစ်နဲ့ ဖြည့်စွက်မှာဖြစ်ပါတယ်။ ကျွန်တော်ရဲ့ ဖြည့်စွက်ချက်ကတော့ လူတိုင်းအကျုံးဝင်ပညာရေးဆိုသည်မှာ မသန်စွမ်းသူများနှင့် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့် မရရှိသူများအပါအဝင် နိုင်ငံသားတိုင်းအား ကျောင်းပညာရေး သို့မဟုတ် ကျောင်းပြင်ပပညာရေးတစ်ခုခုတွင် ပညာသင်ယူဆည်းပူးခွင့်ရှိစေရန် အခွင့်အလမ်းဖန်တီးပေးသည့် အစီအစဉ်ကိုဆိုသည်လို့ ကျွန်တော် အဆိုပြုတင်ပြမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီအပိုဒ်ကိုပဲ ဥပဒေကြမ်းကော်မတီက လူတိုင်းအကျုံးဝင်ပညာရေးဆိုသည်မှာ မသန်စွမ်းသူများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်မရရှိသူများကို ကျောင်းပညာရေး သို့မဟုတ် ကျောင်းပြင်ပပညာရေးတစ်ခုခုတွင် ပညာသင်ယူခွင့်ရရှိစေရန် အခွင့်အလမ်း ဖန်တီးပေးသည့်အစီအစဉ်ကိုဆိုသည်လို့ ဒီလိုပြဋ္ဌာန်းဖို့တင်ပြထားတာရှိပါတယ်။ တကယ်တော့ ကျွန်တော်တို့ ဒီအပိုဒ်ဟာ လူတိုင်းအကျုံးဝင်ပညာရေးဆိုသည်မှာ အဓိပ္ပာယ်ပေါ်တာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့တော့ လူတိုင်းအကျုံးဝင်ပညာရေးဟာ ဒီဥပဒေကြမ်းကော်မတီက ပြဋ္ဌာန်းချက်တင်ထားတဲ့ အပိုဒ်မှာ လူတိုင်းအကျုံးဝင်ပညာရေးဆိုတဲ့အဓိပ္ပာယ်ကို မရောက်ဘဲနဲ့ မသန်စွမ်းသူများနှင့် ပညာသင်ယူခွင့်မရရှိသူများကိုဆိုပြီးတော့ ဒီလိုရေးထားတဲ့အတွက် လူတိုင်းအကျုံးဝင်တဲ့ အဓိပ္ပာယ်မရှိဘူးလို့ ဒီလိုယူဆပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်က လူတိုင်းအကျုံးဝင်ဆိုတဲ့ စကားလုံးကို ငုံမိအောင် ကျွန်တော့်အနေနဲ့ နိုင်ငံသားတိုင်းအားလို့ ဒီလိုဖြည့်စွက်ပြီးတော့ အဆိုပြုတင်ပြခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လူတိုင်းအကျုံးဝင်ပညာရေးဆိုသည်မှာ မသန်စွမ်းသူများနှင့် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်မရရှိသူများအပါအဝင် နိုင်ငံသားတိုင်းအား ကျောင်းပညာရေး သို့မဟုတ် ကျောင်းပြင်ပပညာရေးတစ်ခုခုတွင် ပညာသင်ယူဆည်းပူးခွင့်ရရှိစေရန် အခွင့်အလမ်းဖန်တီးပေးသည့်အစီအစဉ်ဖြစ်သည်ဆိုတဲ့ ကျွန်တော်ရဲ့အဆိုကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ စာရိုက်မှားတာပါ။ ကျွန်တော်က နောက်တစ်ပိုဒ်မှာမှဆွေးနွေးရမှာ ကျွန်တော်ဘာမှပြင်ဆင်ချက်မတင်ထားပါဘူး။

**ဥက္ကဋ္ဌ**။ ။ ရုံးနှင့် ဥပဒေကြမ်းကော်မတီ စာမျက်နှာ ၉ အမှတ်စဉ် ၁၃ က စာရိုက်မှားတယ်။ ဒါကြောင့်မို့လို့ ဦးသိန်းညွန့်၊ သယ်န်းကျွန်းမဲဆန္ဒနယ်က တင်ပြထားတာမရှိပါဘူး။ ဒါကြောင့် ဥပဒေကြမ်းကော်မတီက အဆိုပြုဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုးစိုး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ်စဉ် ၁၃ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(ဠ)ရဲ့နောက်မှာ ပုဒ်မခွဲ(အ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အဆိုပြုတင်ပြချက် တင်ပြသွားမှာဖြစ်ပါတယ်။ လူတိုင်းအကျုံးဝင်ပညာရေးဆိုသည်မှာ မသန်စွမ်းသူများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်မရရှိသူများကို ကျောင်းပညာရေး သို့မဟုတ် ကျောင်းပြင်ပပညာရေးတစ်ခုခုတွင် ပညာသင်ယူခွင့်ရရှိစေရန် အခွင့်အလမ်းဖန်တီးပေးသည့်အစီအစဉ်ကိုဆိုသည်လို့ ကျွန်တော်တို့ အဆိုပြုထားပါတယ်။ ယင်းမာပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဟန် တင်ပြချက်က လူတိုင်းအကျုံးဝင်ပညာရေးဆိုသည်မှာ မသန်စွမ်းသူများနှင့် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်မရရှိသူများအပါအဝင် နိုင်ငံသားတိုင်းအား ကျောင်းပညာရေး သို့မဟုတ် ကျောင်းပြင်ပပညာရေးတစ်ခုခုတွင် ပညာသင်ယူဆည်းပူးခွင့်ရှိစေရန် အခွင့်အလမ်းဖန်တီးပေးသည့် အစီအစဉ်ကိုဆိုသည်လို့ တင်ပြထားတာရှိပါတယ်။ အဲဒီတော့ ဒီနေရာမှာတင်ပြရရင် လူတိုင်းအကျုံးဝင်ပညာရေးနှင့်ပတ်သက်လို့ အဓိက Definition ရဲ့မျှော်မှန်းချက်က မသန်စွမ်းသူများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်မရရှိသူများအတွက် အခွင့်အလမ်းဖန်တီးပေးဖို့အစီအစဉ်ဖြစ်ပါတယ်။ နိုင်ငံသားတိုင်းဆိုရင်တော့ လူတိုင်းအတွက် ပညာရေး အစီအစဉ်ဖြစ်သွားမှာဖြစ်တဲ့အတွက် လွဲမှားသွားနိုင်ပါတယ်။ ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်ရဲ့ အဆိုပြုချက်မှာ ပညာသင်ယူဆည်းပူးခွင့်ရှိစေရန်ကို ကျွန်တော်တို့က ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအနေနဲ့ကတော့ ပညာသင်ယူခွင့်ရရှိစေရန်လို့ ဒီလိုပဲ အဓိပ္ပာယ်ပြည့်စုံအောင် ပြင်လိုက်တာရှိပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့ ဆက်တင်ပြရရင် လူတိုင်းအကျုံးဝင်ပညာရေးဆိုသည်မှာ မသန်စွမ်းသူများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်မရရှိသူများကို ကျောင်းပညာရေး သို့မဟုတ် ကျောင်းပြင်ပပညာရေးတစ်ခုခုတွင် ပညာသင်ယူခွင့်ရရှိစေရန် အခွင့်

အလမ်းဖန်တီးပေးသည့် အစီအစဉ်ကိုဆိုသည်ဆိုတာ ပိုပြီးတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်က ပိုပြီးတော့ မှန်ကန်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက တင်ပြထားတဲ့အဆိုပြုချက်ဟာ ပိုပြီးတော့ အကြောင်းအကျိုးညီညွတ်တယ်။ ပိုပြီးမှန်ကန်ပြည့်စုံတယ်လို့ တင်ပြသွားပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၉ အမှတ်စဉ် ၄ အသစ်ဖြည့်စွက်ချက်ဖြစ်ပါတယ်။ ဦးသိန်းညွန့်၊ သယ်ံနးကျွန်းမဲဆန္ဒနယ်မှ အဆိုပြုတင်ပြဖို့ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သယ်ံနးကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီပုဒ်မ ၂ မှာ ကျွန်တော်က အသစ်ဖြည့်စွက်ချက်အပိုဒ်တစ်ပိုဒ်ကို တင်ပါတယ်။ ဒါကဘာလဲဆိုတော့ ဒီဥပဒေမှာ မိဘဆရာအသင်း ကျောင်းအကျိုးဆောင်အဖွဲ့နှင့်ပတ်သက်ပြီး ဥပဒေဝေါဟာရဖွင့်ဆိုခဲ့သလို ကျွန်တော်တို့တိုင်းပြည်မှာ သက်တမ်းအရှည်ဆုံးအဖွဲ့ဖြစ်တဲ့ သမိုင်းအစဉ်အလာလည်းကြီးတဲ့ ကျောင်းသားသမဂ္ဂနှင့်ပတ်သက်ပြီး ဖွင့်ဆိုချက်ထည့်ဖို့လိုအပ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်အရင်ဆုံး ကျောင်းသားသမဂ္ဂရဲ့ သမိုင်းအစဉ်အလာကို ဟိုအရင် အခါအခွင့်သင့်တိုင်း လွှတ်တော်မှာ ကျွန်တော်ဆွေးနွေးခဲ့ပြီးလည်းဖြစ်ပါတယ်။ အခုဒီမှာ ကျွန်တော် ထပ်ပြီးတော့လိုရင်းကိုဆွေးနွေးရရင် ဒီနေ့ အမျိုးသားနိုင်ငံရေးကို ဦးတည်နေတဲ့ တပ်မတော်ဆိုတာ ကျောင်းသားခေါင်းဆောင်တွေဖြစ်တဲ့ ကိုအောင်ဆန်း(ဗိုလ်ချုပ်အောင်ဆန်း)၊ ကိုလှဖေ(ဗိုလ်လက်ယာ)၊ ကိုထွန်းစိန်(ဗိုလ်ရန်နိုင်)၊ ကိုလှမောင်(ဗိုလ်ဇေယျ)တို့ ရဲဘော်သုံးကျိပ်တွေထူထောင်ခဲ့တဲ့တပ်မတော်ဟာ ဒီကျောင်းသားသမဂ္ဂကြောင့်ပဲ ကျွန်တော်တို့တိုင်းပြည်ဟာ လွတ်လပ်ရေးရခဲ့တယ်။ လွတ်လပ်ရေးရပြီးတဲ့ကာလမှာလည်း အမျိုးသားပညာရေးရရှိရေး၊ အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းရေးမှာ ရှေ့တန်းကပါခဲ့ပါတယ်။ အဲဒီတော့ ကျောင်းသားသမဂ္ဂနဲ့ပတ်သက်ပြီးတော့ နားလည်မှုလွဲနေတဲ့အချက်တွေက အဲဒီခေတ်ကာလက ကျောင်းသားသမဂ္ဂသမိုင်းကို မဖြတ်သန်းဖူးတာရယ်။ လေ့လာမှုလိုအပ်တာရယ်ပါ။ ဟိုခေတ်ကကျောင်းဝင်တယ်ဆိုကတည်းက ဒီကျောင်း

သားရဲ့ဝင်ကြေးထဲမှာ ကျောင်းသားသမဂ္ဂရဲ့ဝင်ကြေးပါပြီးပါပြီ။ ကျောင်းသားသမဂ္ဂဝင်ကြေးကို အဲဒီခေတ်ကကျောင်းသား သက်ဆိုင်ရာတက္ကသိုလ်ရဲ့သမဂ္ဂစည်းမျဉ်းအတိုင်း သုံးစွဲတဲ့အခါမှာ မလောက်ငှတဲ့အခါမှာ ကျောင်းသားသမဂ္ဂတွေ ဘာလုပ်သလဲ။ နိုင်ငံခြားအကူညီမယူဘူး။ ဈေးရောင်းတဲ့နည်းနဲ့လည်း ဘဏ္ဍာရေးအကျပ်အတည်းကို မဖြေရှင်းဘူး။ ကျောင်းသားခေါင်းဆောင်တွေ ကိုယ်တိုင်ဈေးထဲကိုသွားပြီးတော့ ဆန်၊ ဆီ၊ ဆား၊ ငရုတ်သီး၊ ကြက်သွန် အလှူခံပြီးတော့ တက္ကသိုလ် ပေါင်းစုံဆွေးနွေးပွဲတွေ၊ ပညာရေးနှီးနှောဖလှယ်ပွဲတွေမှာ ပါဝင်ဆောင်ရွက်ခဲ့တဲ့ အစဉ်အလာတွေရှိပါတယ်။ အဲဒီကျောင်းသားခေါင်းဆောင်တွေနဲ့ ပတ်သက်ပြီးတော့ပဲ သမဂ္ဂက လေ့ကျင့်ပေးလိုက်လို့ နောင်တစ်ခေတ်ဗမာပြည်နိုင်ငံရေးမှာ အဓိကကျတဲ့ပုဂ္ဂိုလ်ကြီးတွေဟာ ကျောင်းသားသမဂ္ဂက မွေးထုတ်ပေးခဲ့တာပါ။ မြန်မာနိုင်ငံရဲ့လွတ်လပ်ရေးကို ရပြီးတဲ့အချိန်မှာ Statesman အဖြစ် ပထမဦးဆုံး ဝန်ကြီးချုပ်ဖြစ်တဲ့ သခင်နုဟာ ၁၉၃၆ ခုနှစ် ကျောင်းသားသပိတ်က မွေးထုတ်လိုက်တဲ့ ကျောင်းသားခေါင်းဆောင်ကြီးပါ။ အဲဒါကြောင့် ကျောင်းသားသမဂ္ဂနဲ့ပတ်သက် ပြီးတော့ ဒီမှာ ကျွန်တော်တို့ ပြင်ဆင်ဖြည့်စွက်ချက်လိုအပ်ပါတယ်။ အဲဒီလို ဖြည့်တဲ့အခါမှာလည်း ကျွန်တော်က ဒီ ၁၉၉၂ ခုနှစ်က ဂျပန်နိုင်ငံ၊ တိုဟိုကူးတက္ကသိုလ်မှ ဥပဒေဘာသာရပ်ဖြင့် ပါရဂူဘွဲ့ရခဲ့တဲ့ ဒုတိယပါမောက္ခချုပ်ဒေါက်တာမာလာအောင်ရဲ့အင်တာဗျူး အဲဒါ ဧရာဝတီဂျာနယ်မှာပါပါတယ်။ အဲဒီတော့ ဒီလိုဥပဒေဝေါဟာရထဲမှာ ထည့်ထားမှသာလျှင် နောင်ဆက်စပ်ဥပဒေတို့၊ နည်းဥပဒေတို့ ဆွဲတဲ့အခါမှာ သူ့ကိုချန်လှပ်ထားလို့မရတော့ဘူး။ အဲဒါကြောင့် အခုလို မိဘဆရာအသင်း၊ ကျောင်းအကျိုးဆောင်အဖွဲ့တောင် အမျိုးသားပညာရေးဥပဒေထဲမှာ ထည့်သွင်းတဲ့အခါမှာ ကျောင်းသားသမဂ္ဂရဲ့ဝေါဟာရကိုထည့်ဖို့လိုပါတယ်။ အဲဒီတော့ ဒီဝေါဟာရကို ထည့်တဲ့အခါမှာလည်း ကျွန်တော်အနေနဲ့ ဒီမှာပြင်ထားတဲ့အတိုင်းပဲ အခြေခံပညာရေးဆိုတဲ့ဝေါဟာရရယ်၊ နောက် ၁၉၉၀ ခုနှစ်၊ ကျွန်တော်က ပါတီစုံရွေးကောက်ပွဲဝင်ခဲ့ပါတယ်။ အရွေးခံခဲ့ရပါတယ်။ အဲဒီတုန်းကတည်းက ကျောင်းသားသမဂ္ဂနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ကတိကဝတ်ပြုခဲ့တဲ့ ရွေးကောက်ပွဲကြေညာ ချက်ထုတ်ခဲ့ပါတယ်။ အဲဒီမှာတစ်လုံးတစ်စည်းတည်းသော ကျောင်းသားသမဂ္ဂဆိုတာ ဒါလည်း အခုနားလည်အောင်ပြောရရင်ဗမာပြည်မှာ အသင်းအဖွဲ့တွေ ကွဲကြတယ်။ ပြိုကြတယ်။ ဒါပေမယ့် ကျောင်းသားသမဂ္ဂဆိုတာဘယ်တော့မှ မကွဲခဲ့ဘူး။ ဟိုမှာ တက္ကသိုလ်သမဂ္ဂမှာ တပ်ဦးရှိမယ်။ တပ်ဦးသစ်ရှိမယ်။ သန့်ရှင်းရေးကျောင်းသားရှိမယ်။ DSO ရှိမယ်။ ဒါ အပြိုင်အဆိုင်ကျောင်းသား သမဂ္ဂခေါင်းဆောင်အဖြစ်ဝင်အရွေးခံခဲ့ပေမယ့် ကျောင်းသားသမဂ္ဂကတော့ တစ်လုံးတစ်စည်းတည်းသော ကျောင်းသား

သမဂ္ဂအဖြစ် နောက်ဆုံးအချိန်ထိ ဥပဒေဘောင်အတွင်းမှာ တရားဝင်ရပ်တည်ခဲ့တာပါ။ ဒါကြောင့် အဲဒီအချက်ကို အခြေခံပြီးတော့ ကျွန်တော့်အသစ်ပြင်ဆင်ချက်က ကျောင်းသားသမဂ္ဂဆိုသည်မှာ အခြေခံပညာရေး၏ အဆင့်မြင့်ဆုံးအဆင့် သို့မဟုတ် ယင်းနဲ့တူညီသော အဆင့်မြင့် အောင်မြင်ပြီးသူများ တက်ရောက်သင်ကြားနိုင်သော ကျောင်းတစ်ခုခု၌ အမျိုးသားနိုင်ငံရေးကို ဦးတည်သည့် တစ်လုံးတစ်စည်းတည်းသော ကျောင်းသားသမဂ္ဂကိုဆိုသည်ဆိုတဲ့ အသစ်ဖြည့်စွက်ချက်ကို ဒီပြည်သူ့လွှတ်တော်ကြီးက အတည်ပြုပြဋ္ဌာန်းပေးဖို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီနဲ့ သက်ဆိုင်ရာကော်မတီများက ဆွေးနွေးရန်ရှိကဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ အခုကျွန်တော်တို့ အဆိုပြုတင်သွင်းခဲ့တဲ့ ဦးသိန်းညွန့်ရဲ့အဆိုဟာ မူလဥပဒေပုဒ်မ ၂ ရဲ့ အမည်နဲ့အဓိပ္ပါယ် ဖော်ပြချက်မှာ ကျောင်းသားသမဂ္ဂရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက် ထည့်ပေးဖို့ တင်ပြခြင်းဖြစ်ပါတယ်။ ဦးသိန်းညွန့်ရှင်းလင်းတင်ပြသွားတဲ့ ကျောင်းသားသမဂ္ဂရဲ့ သမိုင်းကြောင်းများအားလုံးလည်း ကျွန်တော်တို့အားလုံး လက်ခံပါတယ်။ ဒီအတွက်ကြောင့်လည်း ယနေ့ကျွန်တော်တို့ဖြစ်ပေါ်လာမယ့် အမျိုးသားပညာရေးဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ(ယ)မှာ ကျောင်းသားသမဂ္ဂဖွဲ့စည်းခြင်းနဲ့ပတ်သက်ပြီးတော့ ဖော်ပြထားပြီးဖြစ်ပါတယ်။ ဒီဟာလည်း ကျွန်တော်တို့ မြန်မာနိုင်ငံသမိုင်းကြောင်းအရ ကျောင်းသားသမဂ္ဂကို ဥပဒေအရ ပထမဆုံးအကြိမ် ဖွဲ့စည်းခွင့်ပြုလိုက်တာပဲ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကျောင်းသားသမဂ္ဂဖွဲ့စည်းခွင့်ပြုသည်ဆိုသော်ငြားလည်း ကျွန်တော်တို့မြန်မာနိုင်ငံမှာ အဆင့်မြင့်ပညာကျောင်းပေါင်း ၁၃၉ ကျောင်း ရှိပါတယ်။ ကျောင်းအသီးသီးကနေဖွဲ့စည်းထားတဲ့ ပဋိညာဉ်စာတမ်းအရသာ ဖွဲ့စည်းရမှာဖြစ်ပါတယ်။ ကျောင်းအားလုံးဟာ နေရာဒေသနယ်မြေအခြေအနေ မတူညီတဲ့အတွက်ကြောင့် သဘောသဘာဝ မတူညီတဲ့အတွက်ကြောင့် ကျောင်းသားသမဂ္ဂဖွဲ့စည်းတဲ့အခါမှာလည်း တစ်စုတစ်စည်းတည်းနဲ့ တစ်နိုင်ငံလုံးကို လွှမ်းခြုံပြီးတော့ ဖွဲ့စည်းဖို့တော့ အခက်အခဲများစွာ ရှိပါတယ်။ ဒီအတွက်ကြောင့် ဦးသိန်းညွန့် တင်ပြတဲ့အချက်ထဲမှာပါတဲ့ တစ်လုံးတစ်စည်းတည်းသော ကျောင်းသားသမဂ္ဂလို့ ဆိုသည်ဆိုတာနဲ့ ကျွန်တော်လက်ရှိ

ပုဒ်မ ၁၃ ပုဒ်မခွဲ(ဃ)မှာ ဖော်ပြပေးထားတဲ့ ပရိုညာဥ်စာတမ်းအရ ဖွဲ့စည်းရမယ့် ကျောင်းသားသမဂ္ဂများနဲ့ သဘောသဘာဝချင်း အနည်းငယ်ကွဲလွဲနေတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အမျိုးသားပညာရေးဥပဒေတစ်ခုလုံးမှာ အပိုဒ် ၁၃ အပိုဒ် (ဃ) တစ်ခုတည်းမှာပဲ ကျောင်းသားသမဂ္ဂဆိုတဲ့အသုံးအနှုန်းကို သုံးထားခြင်းဖြစ်တဲ့အတွက်ကြောင့် ဦးသိန်းညွန့်ရဲ့အဆိုကို ကျွန်တော်တို့ဖော်ပြရန်မလိုပါကြောင်း ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်ရဲ့ အဆိုပြုတင်ပြချက်အပေါ် ဥပဒေကြမ်းကော်မတီကိုယ်စား ပြန်လည်ဆွေးနွေးရှင်းလင်းသွားတာရှိပါတယ်။ ဦးသိန်းညွန့်ရဲ့ အဆိုပြုတင်ပြချက်ဟာ ဖြည့်စွက်စရာမလိုသော အဆိုပြုတင်ပြချက်ဖြစ်တယ်လို့ ဆွေးနွေးသွားတဲ့ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ တစ်ယောက်ရှိပါတယ်။ နှစ်ယောက်ရှိပါတယ်။ ထောက်ခံသူများတဲ့အတွက် ဦးသိန်းညွန့်တင်ပြတဲ့ ပြင်ဆင်အဆိုပြုချက် အတည်မဖြစ်ကြောင်းနဲ့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခုနက ဦးတင်မောင်ဦးတင်ပြတာက အဆင့်မြင့်တက္ကသိုလ်ကျောင်းပေါင်း ဘယ်လောက်ရှိတယ်။ ၁၃၉ ကျောင်း။ အဲဒီထဲမှာ တပ်မတော်က ဖွင့်လှစ်ထားတဲ့ စစ်တက္ကသိုလ်တို့၊ နည်းပညာတက္ကသိုလ်တို့၊ ဆေးတက္ကသိုလ်တို့ ပါဝင်သေးလား။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာန အောက်မှာရှိတဲ့ကျောင်းပေါင်း ၁၃၉ ကျောင်းဖြစ်ပါတယ်ခင်ဗျ။ ကျန်တဲ့ဝန်ကြီးဌာန (၅)ခုက ကျောင်းမပါပါဘူးခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ရှင်းလင်းတင်ပြချက်ဟာ အခုနက ၁၃၉ ဆိုတာက ပညာရေးဝန်ကြီးဌာနနဲ့သက်ဆိုင်တဲ့ကျောင်းတွေ။ တပ်မတော်နဲ့သက်ဆိုင်တဲ့ကျောင်းတွေမှာလည်း တက္ကသိုလ်ပညာသို့မဟုတ် အဆင့်မြင့်ပညာနဲ့ အဆင့်တန်းတူညီတဲ့ဟာရှိတယ်ဆိုတာလည်း အားလုံးသိရှိ သဘောပေါက်ဖို့လိုပါတယ်။ စာမျက်နှာ ၁၁ အမှတ်စဥ် ၁၉ ဒေါ်နန်းစေအွာ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)**။ ။ ရှိသေလေးစားရပါသော ဥက္ကဋ္ဌကြီးရှင့်။ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ ၄ မှာ ပြင်ဆင်ရန်တင်ပြချက် အမှတ်စဉ် အပိုဒ် ၆ အပိုဒ်ခွဲ(က)မှာ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(ယ)ကို ကျွန်မအနေနဲ့ ပြင်ဆင်ချက်ကို ပြန်လည်ရုပ်သိမ်းထားပြီးဖြစ်တဲ့အတွက်ကြောင့် ကျွန်မရဲ့ ဒီ အပိုဒ် ၁၁ အပိုဒ်ခွဲ(က)၊(ခ)ကိုလည်း ပြန်လည်ရုပ်သိမ်းပါကြောင်း တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုးစိုး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ်စဉ် ၁၉ အပိုဒ် (၁၁) အပိုဒ်(က)၊(ခ)နှင့်ပတ်သက်လို့ ဘားအံမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာက သူရဲ့အဆိုတင်ပြချက်ကို ရုပ်သိမ်းသွားပြီးဖြစ်တဲ့အတွက် ကျွန်တော် အမျိုးသားလွှတ်တော်၏အတည်ပြုချက်နဲ့ ကျွန်တော်တို့ တင်ပြထားတဲ့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုတင်ပြချက်ကို ကျွန်တော်နှိုင်းယှဉ်ပြီး တင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အဆိုပြုတင်ပြထားတာက ဝန်ကြီးဌာနနဲ့သက်ဆိုင်ရာဝန်ကြီးဌာနများသည် ပညာရေးမူဝါဒများ ဆက်စပ်ဥပဒေများနှင့် နည်းဥပဒေများရေးဆွဲရာတွင် ကျွမ်းကျင်ပညာရှင်များ၊ ပညာရေးဆိုင်ရာအရပ်ဘက် အဖွဲ့အစည်းများ၊ မိဘများ၊ ဆရာကိုယ်စားလှယ်များနှင့် ကျောင်းသားကိုယ်စားလှယ်များ၏ အကြံပြုချက်များကို ရယူရေးပဲဖြစ်ပါတယ်။ ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာကတော့ ကျွန်တော်တို့ အမှီခိုကင်းသောဆိုတဲ့ စကားရပ်ပါပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဒီဟာပတ်သက်လို့ အဓိပ္ပာယ်အခက်အခဲဖြစ်တာတစ်ကြောင်းရယ်၊ နောက် ဦးဖြိုးဇေယျာသော်ရဲ့ တက္ကသိုလ်ကောင်စီဖွဲ့စည်းပုံကလည်း အတည်ပြုပြီးသားဖြစ်တဲ့အတွက် အမှီခိုကင်းသောကို ကျွမ်းကျင်ပညာရှင်များ အဲဒီလိုပဲပြောင်းလဲပြင်ဆင်ထားပါတယ်။ ထို့အတွက် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အဆိုပြုတင်ပြထားတဲ့ အပိုဒ် ၁၁ အပိုဒ်ခွဲ(က)၊(ခ) ဝန်ကြီးဌာနနဲ့သက်ဆိုင်ရာဝန်ကြီးဌာနများသည် ပညာရေးမူဝါဒများ၊ ဆက်စပ်ဥပဒေများနှင့် နည်းဥပဒေများရေးဆွဲရာတွင် ကျွမ်းကျင်ပညာရှင်များ၊ ပညာရေးဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်းများ၊ မိဘများ၊ ဆရာကိုယ်စားလှယ်များနှင့် ကျောင်းသားကိုယ်စားလှယ်များ၏ အကြံပြုချက်များကိုရယူရေး ပြင်ဆင်ရန်တင်ပြချက်ကို လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ရှိသေလေးစားစွာဖြင့် တင်ပြအပ်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ကျွမ်းကျင်ပညာရှင်များဆိုတာက တပ်မတော်သားကိုယ်စားလှယ် ဆွေးနွေးတုန်းက ဒါအဓိကထားဆွေးနွေးတယ်လို့ ယူဆပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဥပဒေကြမ်းကော်မတီက ဒေါ်နန်းစေအွာကလည်း သူရဲ့အဆိုပြုချက်ကို ပြန်ရုပ်သိမ်းသွားပြီ။ ဒါကြောင့် ဥပဒေကြမ်းကော်မတီက အဆိုပြုချက်နဲ့ပတ်သက်ပြီး လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာသုံးဆောင်ရန်အတွက် အစည်းအဝေးကို (၁)နာရီခွဲခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို (၁)နာရီခွဲခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည် စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီနေ့တော့ အမျိုးသားပညာရေးဥပဒေကြမ်းကို ၄ နာရီမှမပြီးရင်လည်း ဆက်ပြီးလုပ်မယ်ဆိုတာ ကြိုတင်အသိပေးကြေညာထားပါတယ်။ စာမျက်နှာ ၁၂ အမှတ်စဉ် ၂၀ ဦးဝင်းမြင့်၊ ပြည်မဲဆန္ဒနယ်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(ပြည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ စာမျက်နှာ ၁၂ အမှတ်စဉ် ၂၀ ပုဒ်မ ၁၁ ပုဒ်မခွဲ(ဂ)ကို ဆွေးနွေးလိုပါတယ်။ ဒီပုဒ်မဟာ ကျောင်းသားများတောင်းဆိုတဲ့အတွက် ဆရာသမဂ္ဂများ၊ ကျောင်းသားသမဂ္ဂများကို ဥပဒေနှင့်အညီ ဖွဲ့စည်းခွင့်ပြုလိုက်တဲ့ပုဒ်မဖြစ်ပါတယ်။ အဲဒီလိုဖွဲ့စည်းကြရာမှာ ဆရာသမဂ္ဂများဖွဲ့ရာမှာ ဆန္ဒရှိတဲ့ ဆရာဆရာမ

တွေရှိသလို ဆန္ဒမရှိတဲ့ဆရာဆရာမများလည်း ရှိနိုင်ပါတယ်။ ကျောင်းသားသမဂ္ဂဖွဲ့ရာမှာလည်း အဲဒီလိုပဲ ဖွဲ့ချင်တဲ့ဆန္ဒရှိတဲ့ကျောင်းသားများရှိသလို ဆန္ဒမရှိတဲ့ ကျောင်းသားကျောင်းသူများလည်းရှိနိုင်ပါတယ်။ ဒါပေမယ့် ဒီပုဒ်မဆိုထားတာက ပုဒ်မခွဲ(ဂ)မှာ အဆင့်မြင့်ပညာကျောင်းများတွင် ဆရာသမဂ္ဂနှင့် ကျောင်းသားသမဂ္ဂများကို သက်ဆိုင်ရာတက္ကသိုလ်၏ ပဋိညာဉ်စာတမ်းနှင့်အညီ လွတ်လပ်စွာဖွဲ့စည်းတည်ထောင်လှုပ်ရှားခွင့်ရှိရေးဆိုတဲ့ဟာကို ပြဋ္ဌာန်းထားတဲ့အတွက် ကျွန်တော်တို့ အဲဒီ သမဂ္ဂတွေကို ဖွဲ့ကိုဖွဲ့ရမယ်၊ ပါကိုပါရမယ်လို့ ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဖွဲ့စည်းရန်ဆန္ဒရှိသူများအားဆိုပြီး အဲဒီစာသားကိုထည့်ခဲ့ရင် ကျွန်တော်တို့ ဆန္ဒရှိသူရော၊ ဆန္ဒမရှိသူရောခွဲခြားနိုင်တဲ့အတွက် ကျွန်တော်ထည့်ချင်တာက ပုဒ်မခွဲ(ဂ)ကို အဆင့်မြင့်ပညာကျောင်းများတွင် ဆရာသမဂ္ဂနှင့် ကျောင်းသားသမဂ္ဂများကို ဖွဲ့စည်းရန် ဆန္ဒရှိသူများအား သက်ဆိုင်ရာတက္ကသိုလ် ပဋိညာဉ်စာတမ်းနှင့်အညီ လွတ်လပ်စွာဖွဲ့စည်းတည်ထောင်လှုပ်ရှားခွင့်ရှိရေးဆိုတဲ့ ပြင်ဆင်ချက်ကို ပြင်ဆင်ပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်ကြီးသို့ လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒေါ်မိမြင့်သန်း၊ ရေးမဲဆန္ဒနယ်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မကတော့ ဥပဒေကြမ်းကော်မတီရဲ့ အဆင့်မြင့်ပညာကျောင်းများတွင် ဆရာသမဂ္ဂများနှင့် ကျောင်းသားသမဂ္ဂများကို သက်ဆိုင်ရာတက္ကသိုလ်ပဋိညာဉ်စာတမ်းနှင့်အညီ လွတ်လပ်စွာဖွဲ့စည်းတည်ထောင် လှုပ်ရှားခွင့်ရှိရေးဆိုတဲ့ဟာကို ကျွန်မကတော့ အဲဒီမှာ တက္ကသိုလ်တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှုအသင်းအဖွဲ့များ ဆိုင်ရာဆိုပြီးတော့ ဖြည့်စွက်ထားတာရှိပါတယ်။ ကျွန်မတို့ရဲ့ အကျိုးအကြောင်း ဖော်ပြချက်ကတော့ ကျွန်မတို့ရဲ့ တိုင်းရင်းသားစာပေဟာ ခုနက ပုဒ်မ ၂ ပုဒ်မခွဲ(ဃ)မှာလည်း ကျွန်မက ဆွေးနွေးသွားတာ ရှိပါတယ်ရှင်။ အဲဒီထဲမှာ ကျွန်မတို့က တက္ကသိုလ်တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှုအသင်းအဖွဲ့များကို ထည့်ခြင်းအားဖြင့် ကျွန်မတို့ရဲ့ တက္ကသိုလ်တိုင်းရင်းသားစာပေသည် ယဉ်ကျေးမှုပေါ့နော်။ ဖွဲ့စည်းထားတာ နှစ်ပေါင်း ၅၁ နှစ်အတွင်းမှာ ကျွန်မတို့က ဒါတွေကို အသိအမှတ်ပြုပြီးတော့ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုရှိမယ်လို့ ကျွန်မက ရည်ရွယ်ပြီးတော့ ထည့်ခြင်းဖြစ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုးစိုး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ်စဉ် ၂၀ အပိုဒ် ၄ အပိုဒ်ခွဲ(ဃ) ကျောင်းသားသမဂ္ဂများ၊ ဆရာသမဂ္ဂများ လွတ်လပ်စွာဖွဲ့စည်း တည်ထောင်လှုပ်ရှားခွင့်ရရှိရေးနှင့်ပတ်သက်၍ ဦးဝင်းမြင့်ရဲ့အဆိုပြုချက်ကို တင်ပြရမယ်ဆိုရင် ဖွဲ့စည်းရန်ဆန္ဒရှိသူများအား ဆိုသောစကားရပ်နှင့် ပဋိညာဉ်နှင့်အညီဆိုသော စကားရပ်များသာ ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီ၏ အဆိုပြုချက်နှင့် ကွဲလွဲတာကို တွေ့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပဋိညာဉ်စာတမ်းအဆို ပြုချက်ကိုလည်း တက္ကသိုလ်ကောင်စီ ဖွဲ့စည်းပုံမှာ အတည်ပြုခဲ့ပြီးလည်း ဖြစ်ပါတယ်။ သမဂ္ဂဖွဲ့စည်းရာမှာတော့ ဆန္ဒရှိသူများ၊ ဆန္ဒမရှိသူ များကတော့ ရှိနေမှာပဲဖြစ်ပါတယ်။ ပဋိညာဉ်စာတမ်းဆိုတာ နှစ်ဦး နှစ်ဖက်သဘောတူညီချက်များ အပြင် တာဝန်လုပ်ပိုင်ခွင့်၊ စည်းကမ်းချက်များပါ ပါဝင်သတ်မှတ်ပေးရတာဖြစ်တဲ့အတွက် ဖွဲ့စည်းရန် ဆန္ဒရှိသူများအားဆိုတဲ့စကားရပ်ကို ဖော်ပြထည့်သွင်းပြဋ္ဌာန်းရန် မသင့်ပါကြောင်း တင်ပြလိုပါတယ်။

ဆက်လက်ပြီး ဒေါ်မိမြင့်သန်းရဲ့ အဆိုပြုချက်ကို တင်ပြရမယ်ဆိုရင် တက္ကသိုလ်တိုင်းရင်းသား စာပေ၊ ယဉ်ကျေးမှုအသင်းအဖွဲ့များ ဆိုတဲ့စကားရပ်နှင့်ပတ်သက်ပြီး တက္ကသိုလ်ကောင်စီဖွဲ့စည်းပုံ အဆိုပြုပြဋ္ဌာန်းချက်များမှာလည်း ရွေးချယ်မှုအခက်အခဲအရ အခက်အခဲဖြစ်လာနိုင်တဲ့အတွက် ပယ်ဖျက်ထားပြီးလည်း ဖြစ်ပါတယ်။ သို့ပါ၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက် ဖြစ်သော အဆင့်မြင့်ပညာကျောင်းများတွင် ဆရာသမဂ္ဂများနှင့် ကျောင်းသားသမဂ္ဂများကို သက်ဆိုင် ရာ တက္ကသိုလ်ပဋိညာဉ်စာတမ်းနှင့်အညီ လွတ်လပ်စွာဖွဲ့စည်းတည်ထောင်လှုပ်ရှားခွင့်ရှိရေး ပြင်ဆင် အဆို ပြုချက်ကို လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဝင်းမြင့်၊ ပြည်မဲဆန္ဒနယ်နှင့် ဒေါ်မိမြင့်သန်း၊ ရေးမဲဆန္ဒနယ်တို့က အဆိုပြုချက်များ သီးခြားတင်ပြထားတာရှိပါတယ်။ ဒီပေါ်မူတည် ပြီးတော့ ဥပဒေကြမ်းကော်မတီက အကျိုးအကြောင်း ဖော်ပြပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင် အဆိုပြုချက်ကိုသာ လက်ခံသင့်ကြောင်း တင်ပြသွားတာရှိပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့ အတွက် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၁၃ အမှတ်စဉ် ၂၂ ဦးဉာဏ်ဝင်း၊ လှိုင်သာယာမဲဆန္ဒနယ်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဉာဏ်ဝင်း(လှိုင်သာယာမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် လေ့လာသူများအားလုံးကို မင်္ဂလာပါလို့နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ပြင်ဆင်ချက်အဆိုနဲ့ပတ်သက်ပြီး မနေ့ကကျင်းပပြုလုပ်တဲ့ ညှိနှိုင်းအစည်းအဝေးမှာ ကော်မရှင်၊ ကော်မတီများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ဆွေးနွေးညှိနှိုင်းချက်အရ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကိုပဲ လက်ခံဖို့ကျွန်တော့်အနေနဲ့ သဘောတူလက်ခံပြီး ဖြစ်ပါသည်။ ဒါကြောင့်မို့ ကျွန်တော့်ရဲ့ ပြင်ဆင်အဆိုကို ပြန်လည်ရုပ်သိမ်းပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးသောင်းဟန်၊ ယင်းမာပင်မဲဆန္ဒနယ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အဆိုအား ပုဒ်မ ၂ ပုဒ်မခွဲ(အ)နဲ့ဆက်စပ်ပြီးတော့ တင်ပြထားတာရှိပါတယ်။ ပုဒ်မ ၂ ပုဒ်မခွဲ(အ)ဟာ ဥပဒေကြမ်းကော်မတီရဲ့အဆိုအတိုင်းအတည်ပြုပြီးဖြစ်တဲ့အတွက် ကျွန်တော့်ရဲ့ ဒီအဆိုကိုရုပ်သိမ်းကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ပြင်ဆင်အဆိုပြုချက် တင်ပြဖို့ဖြစ်ပါတယ်။

**ဦးသန်းနွယ်(ဘုတလင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပညာရေးဝန်ကြီးဌာနဒုတိယဝန်ကြီးနှင့် ကြွရောက်လာသူအားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဘုတလင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနွယ်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား တင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီမှာအဆိုတင်သွင်းထားတဲ့ ကိုယ်စားလှယ်နှစ်ဦးကလည်း ရုပ်သိမ်းပြီးဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအနေနဲ့ ကျွန်တော်တို့ ပုဒ်မ ၄ ပုဒ်မခွဲ(စ) အစားထိုးတဲ့အခါမှာ ကျောင်းနေရွယ်ကလေးသူငယ်နှင့် လူငယ်အားလုံးပညာသင်ခွင့်ရရှိရေးအတွက် မသန်စွမ်းသူနိုင်ငံသားများ အပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူနိုင်ခဲ့ခြင်းမရှိသူများကို ပညာရေးအဆင့်တိုင်းတွင် ပညာသင်ယူခွင့်ရရှိစေရန် အထူးပညာရေးအစီအစဉ်နှင့် ပညာရေးအထူးဝန်ဆောင်မှုအစီအစဉ်များ

အပါအဝင် လူတိုင်း အကျုံးဝင်ပညာရေးအစီအစဉ်ထားရှိခြင်း ဖြစ်ပါတယ်။ ၎င်းအဆိုပြုတင်ပြချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ကို လွှတ်တော်က ကန့်ကွက်ရန် ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၁၅ အမှတ်စဉ် ၂၅ ဦးဝင်းမြင့်၊ ပြည်မဲဆန္ဒနယ်က အဆိုပြု တင်ပြဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(ပြည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် အဆိုပြုချက်ဟာ မနေ့တုန်းက ဥပဒေကြမ်းကော်မတီနဲ့ညှိနှိုင်းဆွေးနွေးပြီးဖြစ်တဲ့အတွက် ကျွန်တော့်ရဲ့ အဆိုပြုချက်ကို ပြန်လည်ရုပ်သိမ်းခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်အဆိုပြုချက် တင်ပြဖို့ဖြစ်ပါတယ်။

**ဦးသန်းနွယ်(ဘုတလင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ယခု ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်မှာ တက္ကသိုလ်ဝင်ခွင့်အတွက် သင်ယူလိုသည့် ဘာသာရပ်နှင့် တက္ကသိုလ်ကို သင်ယူသူကိုယ်တိုင် ရွေးချယ်လျှောက်ထားခွင့်ရှိပြီး တက္ကသိုလ်ဝင်ခွင့်ကို အခြေခံပညာအထက်တန်းစာမေးပွဲရမှတ်အဖြစ်သာ စိစစ်ဆုံးဖြတ်ရွေးချယ်ခြင်း မဟုတ်ဘဲ လက်ခံမည့် တက္ကသိုလ်၏ လိုအပ်ချက်အရ စိစစ်ရွေးချယ်သည့်စနစ်ထားရှိပြီး ဖြစ်ပါတယ်။ ၎င်းပြင်ဆင်ရန် တင်ပြချက်ကို အတည်ပြုပေးပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်အတည် ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၁၆ အမှတ်စဉ် ၂၆ ဦးဖြိုးဇေယျာသော် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးဖြိုးဇေယျာသော်(ပုဗ္ဗသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကော်မတီညှိနှိုင်းအစည်းအဝေးမှာတုန်းက ကျွန်တော်ရဲ့ ပြင်ဆင်ရန်တင်ပြချက်ကို ဥပဒေကြမ်းကော်မတီက လက်ခံမယ်လို့ ပြောထားပြီးသားဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီက လက်ခံတယ်ဆိုရင် လွှတ်တော်ရဲ့ အချိန်ကို ငဲ့ညှာသောအားဖြင့် အရှည် ဆွေးနွေးတော့ပါဘူးခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိမိရဲ့ အဆိုပြုချက်တော့ တင်ပြပေးပါ။

**ဦးဖြိုးဇေယျာသော်(ပုဗ္ဗသီရိမဲဆန္ဒနယ်)**။ ။ ကျွန်တော့်ရဲ့ ပြင်ဆင်ရန် တင်ပြချက်ကတော့ ပထမရှိနေတဲ့ မူလတည်ဆဲဥပဒေအတိုင်းပါပဲခင်ဗျား။ ကျောင်းများတွင် ဘာသာရေးနှင့် နိုင်ငံရေး အဖွဲ့အစည်းများ၏ စွက်ဖက်မှုမှကင်းလွတ်စေရေးဆိုတဲ့ အဆိုဖြစ်ပါတယ်။ လက်ခံပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသန်းနွယ်(ဘုတလင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးဖြိုးဇေယျာသော်တင်ပြတဲ့ ကျောင်းများတွင် ဘာသာရေးနှင့် နိုင်ငံရေးအဖွဲ့အစည်းများ၏ စွက်ဖက်မှု မှကင်းလွတ်စေရေးသည် ဥပဒေကြမ်းကော်မတီကရော၊ ပြင်ဆင်ချက်အဆိုတင်သွင်းသူရော ကျွန်တော်တို့ ညှိနှိုင်းသဘောတူပြီးဖြစ်ပါတယ်။ သို့ပါ၍ ၎င်းတင်ပြချက်ကို အတည်ပြုပေးပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီမှ ဦးဖြိုးဇေယျာသော်ရဲ့ ပြင်ဆင်အဆိုပြုချက်ကို ထောက်ခံ အတည်ပြုကြောင်း ပြောပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက် ရန်ရှိပါသလားခင်ဗျား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် အဆိုအတည်ဖြစ်ကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၇ ဦးဖြိုးဇေယျာသော် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဖြိုးဇေယျာသော်(ပုဗ္ဗသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အမှတ်စဉ် ၂၇ အပိုဒ် ၁၉ ကို ပြင်ဆင်ချက်တင်သွင်းထားတာကတော့ ပုဒ်မ ၁၁ ပုဒ်မခွဲ(င)မှာ အခမဲ့မသင်မနေရ မူလတန်းအဆင့် ပညာရေးကို ဦးတည်အကောင်အထည်ဖော်ပြီး အဆင့်ဆင့် တိုးချဲ့ဆောင်ရွက်ရေးလို့ ပြင်ဆင်ထားတာဖြစ်ပါတယ်။ ဒါက နဂိုမူလ တည်ဆဲဥပဒေထဲက အတိုင်းပြင်ဆင်ထားတာဖြစ်ပါတယ်ခင်ဗျား။ လက်ခံပေးနိုင်ပါရန်တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးတင်မောင်ဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အဆိုပြုလိုတဲ့ ပြင်ဆင်ချက်ကတော့ အခမဲ့မသင်မနေရ အခြေခံ ပညာမူလတန်းအဆင့် ပညာရေးကို ဦးတည်အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ဆောင်ရွက် ရေးဖြစ်ပါတယ်။ ဒီလိုပြင်ဆင်ရခြင်းအကြောင်းအရင်းကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ မူဘောင် လည်း မကျော်လွန်ဘဲနဲ့ အမျိုးသားပညာရေး ဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(ခ)မှာ ရှေ့ကအပိုဒ်တွေမှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ကို ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကနေပြီးတော့ အတည် ပြုပြီးသား အသုံးအနှုန်းဖြစ်ပါတယ်။ ဒါကြောင့် ရှေ့နောက်ညီညွတ်မျှတစေဖို့အတွက် ပြင်ဆင်တင်ပြ ခြင်းဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ ပြင်ဆင်ပေးနိုင်ပါရန် တင်ပြ အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသန်းနွယ်(ဘုတလင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မူလက ဥပဒေကြမ်းကော်မတီအနေနဲ့ အခမဲ့မသင်မနေရ မူလတန်းအဆင့်ပညာရေးကို အကောင်အထည် ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်ရေးလို့ ကျွန်တော်တို့ တင်ပြခဲ့ပါတယ်။ အဲဒီအခါမှာ ဦးဖြိုးဇေယျာသော်ကနေပြီးတော့ ဦးတည်ထည့်ပြီးတော့မှ အခမဲ့မသင်မနေရ မူလတန်းအဆင့် ပညာရေးကို ဦးတည်အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်ရေးလို့ မူလစာသားထဲမှာ ဦးတည်တစ်လုံး ထပ်ဖြည့်ပြီး တင်ပြတာပါ။ နောက်တစ်ခါ ကျွန်တော်တို့ ဦးတင်မောင်ဦး ကနေပြီးတော့ အခမဲ့မသင်မနေရ အခြေခံပညာမူလတန်းအဆင့်ပညာရေးကို ဦးတည်အကောင်အထည်ဖော်ပြီး အဆင့်ဆင့် တိုးချဲ့ဆောင်ရွက်ရေးဆိုပြီးတော့ ကျွန်တော်တို့ ဦးတည်ဆောင်ရွက်မယ့်ဟာလည်းပါပါ တယ်။ အခြေခံဆိုတဲ့ မူလတန်းအဆင့် အခြေခံပညာ ထပ်ပြီးတော့ ပြည့်စုံအောင် လုပ်ထားပါတယ်။

**မူကြမ်း**

သုံးဦးစလုံးဟာဆိုရင်တော့ ဦးတည်တည်ချက်ကတော့ အကုန်လုံးဟာ အကောင်အထည်ဖော်မှာ တူတာဖြစ်တဲ့အတွက် ဦးတင်မောင်ဦး တင်ပြတဲ့ ပြည့်စုံတဲ့ အခမဲ့မသင်မနေရ အခြေခံပညာမူလတန်း အဆင့်ပညာရေးကို ဦးတည်အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်ရေးဆိုတဲ့ တင်ပြချက်ကို အတည်ပြုပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုမှုကို ဥပဒေကြမ်းကော်မတီက ထောက်ခံဆွေးနွေးသွားပါတယ်။ ဦးတင်မောင်ဦးရဲ့ အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးတင်မောင်ဦးရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၁၈ အမှတ်စဉ် ၃၃ ဦးသိန်းညွန့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ထားတဲ့ ဆရာသမဂ္ဂများကညှိနှိုင်းရွေးချယ်သော နိုင်ငံ့ဝန်ထမ်းမဟုတ်တဲ့ ပညာရှင်(၂)ဦးဆိုတဲ့ ပြဋ္ဌာန်းချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ပြန်လည်ထားရှိသင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီမိုကရေစီစနစ်ကို သွားမယ့်ကျွန်တော်တို့နိုင်ငံမှာ သမဂ္ဂတွေ၊ အဖွဲ့အစည်းတွေရဲ့ အခန်းကဏ္ဍကို တိုးမြှင့်ပေးဖို့လိုအပ်ပါတယ်။ အဲဒါကြောင့် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ဟာ အင်မတန်ကောင်းမွန်နေတဲ့အတွက် အဲဒီအတိုင်းပြန်လည်ထားရှိပေးဖို့ ကျွန်တော်အဆိုပြုရခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒေါ်မိမြင့်သန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကတော့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းပဲ ထားရှိချင်ပါတယ်ရှင်။ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ကတော့ ကျောင်းသားသမဂ္ဂများက ညှိနှိုင်းရွေးချယ်သော နိုင်ငံ့ဝန်ထမ်းမဟုတ်တဲ့ ပညာရှင်နှစ်ဦးဆိုပြီးတော့ ထားရှိထားပါတယ်ရှင်။ ကျွန်မကတော့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ရည်ရွယ်ချက်ကောင်းတယ်လို့ မြင်တဲ့အတွက်ကြောင့် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ထားရှိပေးပါရန် လွှတ်တော်ကို တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာစိုးရင်၊ ကမာရွတ်မဲဆန္ဒနယ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဒေါက်တာစိုးရင်(ကမာရွတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ ဒီပုဒ်မနှင့်ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ တင်သွင်းလိုတဲ့အချက်ကတော့ ဆရာများရဲ့ ကိုယ်စားလှယ်ပါရေးကဏ္ဍဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပညာရေးတိုးတက်မှုအကောင်အထည်ဖော်တဲ့နေရာမှာ ပညာရေးရဲ့ အဓိကျတဲ့ Stake Holder သုံးခုရှိပါတယ်။ မိဘရယ်၊ ဆရာရယ်၊ ကျောင်းသားရယ်ဖြစ်ပါတယ်။ ပညာရေးရဲ့ သင်္ကေတမှာ Triangle ပုံပြထားတာမှာလည်း ထောင့်သုံးခုဟာ မိဘ၊ ဆရာ၊ ကျောင်းသားကို ရည်ညွှန်းတာဖြစ်ပါ တယ်။ မိဘ၊ ဆရာ၊ ကျောင်းသားပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ပညာရေးမြင့်မားတိုးတက်ဆောင်ရွက်ရေးကို ကျွန်တော်တို့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ တကယ့် Stake Holder ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခု ပညာရေးတိုးတက်မှုအတွက် ဆောင်ရွက်ပေးမယ့်မူဝါဒကော်မရှင်မှာ Stake Holder တွေ အားလုံး ပါဝင်သင့်ပါတယ်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ဟာ ပြည်သူတွေရဲ့ကိုယ်စားလှယ်တွေဖြစ်တဲ့အတွက်ကြောင့် မိဘတွေရဲ့ကိုယ်စားလှယ်လည်းဖြစ်တယ်။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ရဲ့ ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ရဲ့ ဥက္ကဋ္ဌကတင်တဲ့ ပညာရှင်ကိုယ်စားလှယ်(၂)ဦးဟာ ကျွန်တော်တို့အနေနဲ့ ပြောရရင် မိဘကို ကိုယ်စားပြုတဲ့ ကိုယ်စားလှယ်တွေဖြစ်တယ်လို့ ကျွန်တော်တို့ ခံယူပါတယ်။

ဒါကြောင့်မို့လို့ ဆရာတွေဘက်ကလည်းပဲ ဆရာတွေကို ကိုယ်စားပြုမယ့် ပညာရှင်ကိုယ်စားလှယ်(၂)ဦးဟာ ဒီကော်မရှင်ထဲမှာ ပါဝင်သင့်တယ်လို့ ထင်မြင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အဆိုပြုချင်တာက ဆရာများက ရွေးချယ်တင်မြှောက်သည့် ပညာရှင်ကိုယ်စားလှယ်(၂)ဦး အဖွဲ့ဝင်အဖြစ်ထည့်သွင်းဖို့ တင်ပြခြင်းဖြစ်ပါတယ်။ လွှတ်တော်က ဆွေးနွေးဆုံးဖြတ်ပေးပါရန် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသန်းနွယ်(ဘုတလင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ဆွေးနွေးပွဲမှာ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီအနေနဲ့ကတော့ အမျိုးသားလွှတ်တော်ရဲ့ အဆိုပြုပြင်ဆင်ချက်ကို ပယ်ဖျက်ထားပါတယ်။ အဲဒီအခါမှာ ဆွေးနွေးကြတဲ့အခါမှာ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုတဲ့အတိုင်း ဆရာများသမဂ္ဂများကညှိနှိုင်းရွေးချယ်သော နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ပညာရှင်(၂)ဦးကို ရွေးချယ်ပေးပါရန် ထောက်ခံဆွေးနွေးတဲ့ ကိုယ်စားလှယ်(၂)ဦးရှိပါတယ်။ နောက် ဆရာများက ရွေးချယ်တင်မြှောက်တဲ့ ပညာရှင်ကိုယ်စားလှယ်(၂)ဦးဟူ၍

ဆွေးနွေးတဲ့ ကိုယ်စားလှယ်(၂)ဦးရှိပါတယ်။ အဲဒီအခါမှာ ယနေ့အချိန်အထိရှိခဲ့တဲ့ ပညာရေးဥပဒေများမှာ ဆရာသမဂ္ဂဖွဲ့စည်းရေးတွေ ကျွန်တော်တို့ ဘယ်လိုဖွဲ့ရမယ်ဆိုတာ ပါရှိကြောင်း လုံးဝမရှိပါဘူး။ အခု ဆွေးနွေးနေတဲ့ အမျိုးသားပညာရေးဥပဒေမှာပဲ စတင်ပြီးတော့ ရှိတာဖြစ်ပါတယ်။ ထို့အပြင် ကျွန်တော်တို့ရဲ့ အမျိုးသားပညာရေးဥပဒေမှာ ကျွန်တော်တို့ ဆရာဆိုတာကို အဓိပ္ပာယ်ဖွင့်ထားပါတယ်။ အဲဒီအဓိပ္ပာယ်ဖွင့်ဆိုချက်ကိုကြည့်မယ်ဆိုရင် ဆရာဆိုသည်မှာ ပညာရေးအဆင့်တစ်ခုခုတွင် သင်ကြားရေးတာဝန်ထမ်းဆောင်သော သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသည့် သင်ကြားပို့ချသူကို ဆိုသည်။

ဒါကြောင့် အမျိုးသားပညာရေးဥပဒေမှာ ကျောင်းတွင်းပညာရေး၊ ကျောင်းပြင်ပပညာရေးမှာ အခြေခံပညာကစ တက္ကသိုလ်အထိ ကျောင်းတွေအများကြီးရှိပါတယ်။ ဘကကျောင်းတွေလည်း ရှိပါတယ်။ နောက်ကိုယ်ပိုင်တက္ကသိုလ်တွေ၊ ကိုယ်ပိုင်ကျောင်းတွေ လာမှာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီအားလုံးမှာ သင်ကြားသူတွေဟာ ဆရာထဲမှာ ပါဝင်နေတာဖြစ်ပါတယ်။ အဲဒီလိုပဲ ဘာသာရပ်ကိုယ်ပိုင်သင်တန်း ဥပဒေမှာလည်း ထွက်ပြီးတဲ့ ဥပဒေမှာလည်း ဆရာနှင့်ပတ်သက်ပြီး သင်တန်းဆရာဆိုသည်မှာ ကိုယ်ပိုင်သင်တန်းတစ်ခုတွင် သင်ကြားပြသခွင့်ရရှိထားသူကိုဆိုသည် ဆိုပြီးတော့ သင်ကြားတဲ့ ဆရာတွေအတွက် ကျွန်တော်တို့ Definition ထည့်ပေးထားပါတယ်။ အဲဒီလိုပါပဲ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် ဥပဒေမှာလည်းပဲ ကိုယ်ပိုင်ကျောင်းဆရာဆိုပြီး ထည့်ပေးထားပါတယ်။ ကိုယ်ပိုင်ကျောင်းတွင် သင်ကြားရန် ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်လက်မှတ်ရရှိသူဆိုသည် ဆိုပြီးတော့ ထည့်ပေးထားပါတယ်။ အဲဒီတော့ မူလ အမျိုးသားလွှတ်တော်အတိုင်း အတည်ပြုတဲ့အခါမှာ ဆရာများသမဂ္ဂကနေပြီးတော့ ကျွန်တော်တို့ နိုင်ငံ့ဝန်ထမ်းမဟုတ်တဲ့ ပညာရှင်(၂)ဦးကို ရွေးချယ်မယ်ဆိုလို့ရှိရင် ဒီဆရာတွေဟာ အခြေခံပညာမှာရော၊ ကျန်တဲ့ကျောင်းတွေမှာရော အားလုံးဟာ သမဂ္ဂအဖွဲ့ဝင်တွေမဟုတ်ပါဘူး။ အခု သမဂ္ဂက တက္ကသိုလ်ပဋိညာဉ် စာတမ်းအရ ဖွဲ့မယ်ဆိုရင်လည်းပဲ ဆရာတိုင်းဟာတစ်ခါတည်း အဲဒီထဲမှာ သူတို့ရဲ့ ဆန္ဒအလျောက်ပဲပါကြမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဟာ တက္ကသိုလ်ဆရာတွေကနေပြီးတော့ ဖွဲ့တဲ့ဆရာတွေထဲမှာလည်း လူတိုင်းမဝင်တဲ့အတွက် ကျွန်တော်တို့ သမဂ္ဂဟာတွေကို ဒီမှာ ပယ်ဖျက်ထားပါတယ်။ သို့သော်လည်းပဲ သူတို့ကို ဆရာကိုယ်စားလှယ်အဖြစ် တက္ကသိုလ်ကောင်စီတွေမှာ ကျောင်းသားကိုယ်စားလှယ်၊ ဆရာကိုယ်စားလှယ် ရွေးချယ်တာတွေ ကျွန်တော်တို့အနေနဲ့ မိမိကျောင်းအတွက် ကောင်းစွာ ပညာရေးတိုးတက်ဖို့အတွက်။

**မူကြမ်း**

နောက်တစ်ခုကတော့ ဆရာများက ရွေးချယ်တင်မြှောက်သည့် ပညာရှင်ဖြစ်ပါတယ်။ စောစော က ကျွန်တော်ပြောတဲ့အတိုင်းပဲ ဆရာများက ရွေးချယ်တင်မြှောက်တဲ့အခါမှာ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ဆရာတွေ၊ ကျောင်းပေါင်းစုံက ဆရာတွေကနေပြီးတော့ ဒီပညာရှင်(၂)ဦးကို ရွေးချယ်ဖို့ဟာ အခက်အခဲ ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ အခုအချိန်မှာကိုပဲ ဆရာသမဂ္ဂတို့၊ ဒီဆရာများ အဖွဲ့အစည်းဆိုတာ တရားဝင်ရပ်တည်နိုင်အောင် ဒီဥပဒေထွက်ပြီးမှ နောင်လာမယ့် ဥပဒေကျမှ ဒါဖွဲ့စည်းနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ အခု ဥပဒေကြမ်းကော်မတီကနေပြီးတော့ ပယ်ဖျက်ထားတဲ့ မူလအဆိုပြုချက်ကို ပြင်ဆင်ပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြ အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသိန်းညွန့်၊ ဒေါ်မိမြင့်သန်း၊ ဒေါက်တာ စိုးရင်တို့က သီးခြားစီ အဆိုပြုတင်ပြချက်များရှိနေခဲ့ပါတယ်။ ဒါကို ဥပဒေကြမ်းကော်မတီကနေ ပြီးတော့ အဲဒီအဆိုပြုချက်များဟာ ဒီနေ့ ဆောင်ရွက်မယ့်ကိစ္စနှင့်ပတ်သက်ပြီးတော့ လောလောဆယ် လိုအပ်မှုမရှိသေးကြောင်း။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီက ပြင်ဆင်အဆိုပြုချက်ကို အတည် ပြုပေးဖို့ ဖော်ပြသွားတာရှိပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင် အဆိုပြုချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၃၄ ဦးသိန်းညွန့်၊ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားရသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ အမှတ်စဉ် ၃၄ နှင့်ပတ်သက်ရင် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ပြန်လည် ထားရှိသင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဘယ်ပညာရေးစနစ်မှာမဆို အရင်ဆုံးစမ်းသပ်ခံရတာ ကတော့ ကျောင်းသူကျောင်းသားတွေပါပဲ။ ဒါကြောင့် စမ်းသပ်ခံရတဲ့ ကျောင်းသူကျောင်းသားတွေ ဘက်က ဒီအမျိုးသားပညာရေးမူဝါဒကော်မရှင်မှာ သူတို့သဘောထားတွေ၊ သူတို့ရဲ့ အခွင့်အရေးတွေ နဲ့ပတ်သက်လို့ အကာအကွယ်ပေးနိုင်တဲ့ ပြဌာန်းချက်များရရေးအတွက် ကျောင်းသားသမဂ္ဂက ညှိနှိုင်းရွေးချယ်ပေးတဲ့ နိုင်ငံ့ဝန်ထမ်းမဟုတ်တဲ့ ပညာရှင်(၂)ဦးဆိုတာ ဒါတကယ်လိုအပ်ချက်ပါ။ ဒီရန်ကုန်တက္ကသိုလ်ရဲ့ ပါလီမန်ဒီမိုကရေစီခေတ်က တက္ကသိုလ်ဖွဲ့စည်းလှုပ်ရှားမှုကို ပြန်လေ့လာ ကြည့်ရင် နောက်ဆုံးအချိန်မှာတောင် တက္ကသိုလ် Senate တို့၊ ဘာတို့မှာ ကျောင်းသားသမဂ္ဂရဲ့

ကိုယ်စားလှယ်(၂)ဦး ပါဝင်ခွင့်ပေးပါတယ်။ အဲဒီတော့ ဦးနုရဲ့ ပထစအစိုးရလက်ထက်မှာဆိုရင် ကျောင်းသားသမဂ္ဂက ရွေးချယ်တဲ့ ကိုယ်စားလှယ်ဖြစ်ချင်တဲ့အတွက် ဝန်ကြီးများဖြစ်တဲ့ ဝန်ကြီး ဦးရာချစ်တို့၊ ဦးဝင်းတို့က ဝင်အရွေးခံသလို အဲဒီခေတ်က သမဂ္ဂခေါင်းဆောင်များဖြစ်တဲ့ ဝတ်လုံတော်ရ ဒေါက်တာမောင်မောင်ကျော်တို့၊ ဦးသီသီဝမ်တို့ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံခဲ့ပါတယ်။ ကျောင်းသားတွေမဲနဲ့ နောက်ဆုံးဆုံးဖြတ်လိုက်တဲ့အခါမှာ ကျောင်းသားသမဂ္ဂကိုယ်စားလှယ်အဖြစ် ဒေါက်တာမောင်မောင်ကျော်တို့၊ ဦးသီသီဝမ်တို့ အရွေးချယ်ခံခဲ့တဲ့ အစဉ်အလာရှိပါတယ်။ ဒါကြောင့် ဒီပညာရေးမူဝါဒ သတ်မှတ်တဲ့ပွဲမှာ ကျောင်းသားထုအသံ၊ ကျောင်းသားထုဆန္ဒကို ကိုယ်စားပြုမယ့် ကျောင်းသားတွေ ရွေးချယ်ပေးတဲ့ ခုနက ပြောသလိုပြောရရင်တော့ ဝန်ထမ်းမဟုတ်တဲ့ ပညာရှင်(၂)ဦး အရွေးခံခဲ့ရတဲ့ အစဉ်အလာတွေရှိပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်က အင်မတန် လက်တွေ့ကျပြီးတော့ တိုးတက်တဲ့သဘောလက္ခဏာဆောင်ပြီး ကျောင်းသားတွေရဲ့ဆန္ဒကို ကိုယ်စားပြုတဲ့အတွက် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း အတည်ပြုပေးဖို့ ဥက္ကဋ္ဌကြီး မှတစ်ဆင့် ပြည်သူ့လွှတ်တော်ကို တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်မိမြင့်သန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့ပြင်ဆင်ချက်ကတော့ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်းပြင်ဆင်ထားပါတယ်ရှင်။ အမျိုးသားလွှတ်တော်ကတော့ ကျောင်းသားသမဂ္ဂများက ညှိနှိုင်းရွေးချယ်သော နိုင်ငံ့ဝန်ထမ်းမဟုတ်တဲ့ ပညာရှင်နှစ်ဦးလို့ တင်ပြထားပါတယ်။ အဲဒီ ကျွန်မရဲ့တင်ပြချက်ကို လွှတ်တော်ကအတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာစိုးရင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(ကမာရွတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ဒီအပိုဒ်မှာလည်းပဲ ခုနက ဆရာများကိုယ်စားလှယ်နဲ့ သဘောထားချင်းတူပါတယ်။ ကျွန်တော်တို့ ဒီပညာရေးရဲ့အဓိကကျတဲ့ Stake Holder ဖြစ်တဲ့ကျောင်းသားတွေရဲ့ ပညာရေးမူဝါဒချတဲ့နေရာမှာ ကျောင်းသားတွေရဲ့ ထင်မြင်ချက်တွေပါအောင်ပြောပေးနိုင်တဲ့ ပညာရှင်ကိုယ်စားလှယ်လိုပါတယ်။ ကျွန်တော်တို့ ရန်ကုန်တက္ကသိုလ်အစဉ်အလာမှာလည်းပဲ ကျောင်းသားတွေရဲ့ ကိုယ်စားလှယ်ပညာရှင်ပါခဲ့သလို အဖွဲ့အစည်းတိုင်းမှာလည်းပဲ ကျွန်တော်တို့တက္ကသိုလ်က

ဆောင်ရွက်တဲ့ ကော်မတီဖွဲ့စည်းရေးမှာလည်းပဲ ဒီလိုပဲ သမိုင်းတစ်လျှောက်ပါဝင်ခဲ့တာရှိပါတယ်။ ဒါကြောင့်မို့လို့ အခုကျွန်တော်အဆိုပြုချင်တာကတော့ ကျောင်းသားတွေကိုတကယ်ကိုယ်စားပြုမယ့် ပညာရှင်ကိုယ်စားလှယ်(၂)ဦးကို ကျောင်းသားတွေက ရွေးကောက်တင်မြှောက်ပြီးတော့ အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖို့အဆိုပြုခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တင်ပြမယ့်အဆိုကတော့ ကျောင်းသားများကရွေးချယ်တင်မြှောက်သည့် ပညာရှင်ကိုယ်စားလှယ်(၂)ဦးကို အဖွဲ့ဝင်အဖြစ်တင်သွင်းပေးဖို့ အတွက်တင်ပြအပ်ပါတယ်။ ဒီအဆိုကို လွှတ်တော်ကဆွေးနွေးဆုံးဖြတ်ပေးဖို့ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမြဦး(ငါန်းဇွန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီကိုယ်စား တင်ပြသွားမယ့် ငါန်းဇွန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မြဦးဖြစ်ပါတယ်။ အခု ကိုယ်စားလှယ်တော်ကြီး ဦးသိန်းညွန့် ဆွေးနွေးသွားတဲ့ ကျောင်းသား သမဂ္ဂများက ရွေးချယ်တဲ့ ဝန်ထမ်းမဟုတ်တဲ့ ပညာရှင်(၂)ဦးဆိုတဲ့ အမျိုးသားလွှတ်တော်ရဲ့ အတည် ပြုချက်အတိုင်းဆိုခဲ့ရင် ကျွန်တော်တို့ အခုဟာက ဗဟိုအမျိုးသားပညာရေးမူဝါဒကော်မရှင်က အခု အတည်ပြုမယ့် အမျိုးသားပညာရေးဥပဒေကို အကောင်အထည်ဖော်ဖို့ရာ စတင်ပေါ်ပေါက်မယ့် အဖွဲ့အစည်းဖြစ်ပါတယ်။ ကျောင်းသားသမဂ္ဂများဟာ ကျွန်တော်တို့ အခု အတည်ပြုမယ့် ဥပဒေရဲ့ ပုဒ်မ ၄ ပုဒ်မခွဲ(ဂ)အရ တက္ကသိုလ်များရဲ့ ပဋိညာဉ်စာတမ်းနှင့်အညီ ဖွဲ့စည်းခွင့်ရကြမှာဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ဒီပထမဦးဆုံးစတင်ပြီးတော့ မူဝါဒချမှတ်ပြီးတော့ အကောင်အထည်ဖော်ရမယ့် ကော်မတီမှာ ပါဝင်ခြင်းဟာ မသင့်တော်သေးတာက တစ်ကြောင်းဖြစ်ပါ တယ်။

နောက်တစ်ခုက ကျောင်းသားသမဂ္ဂများရဲ့ အခန်းကဏ္ဍဟာလည်း အရေးကြီးကြောင်း အသိ အမှတ်ပြုပါတယ်။ ဒါကြောင့်လည်းပဲ သက်ဆိုင်ရာတက္ကသိုလ်အသီးသီးမှာ ပဋိညာဉ်စာတမ်းနှင့်အညီ ဖွဲ့စည်းခွင့် ပေးပြီးတော့ မိမိရဲ့ကျောင်းမှာ လွတ်လပ်စွာ လှုပ်ရှားဆောင်ရွက်ခွင့်ကို ဥပဒေက ခွင့်ပြုပြီး ဖြစ်ပါတယ်။ နောက်တစ်ခါ ဆရာကြီး ဒေါက်တာစိုးရင် ဆွေးနွေးသွားတဲ့အတိုင်း Stake Holder တွေရဲ့ ပါဝင်မှုနဲ့ပတ်သက်လို့လည်း အခု ဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(ခ)မှာ အကြံပြုခွင့်ရရှိပြီးသားဖြစ်ပါတယ်။ အခု ဒီကော်မတီရဲ့လုပ်ငန်းဟာ ပါဝင်ခွင့်မဟုတ်ဘဲနဲ့ ဒါဟာ စီမံခန့်ခွဲရမယ့် အဖွဲ့ဖြစ်တဲ့အတွက်

နောက်တစ်ခါ အမျိုးသားအဆင့်အဖွဲ့ဖြစ်တဲ့အတွက် ဒီနေရာမှာတော့ ကျွန်တော်တို့ မထည့်သင့်ဘူးလို့ မြင်ပါတယ်။ သူ့နေရာနှင့်သူ ပါဝင်ခွင့်ပေးထားပြီးသား ဖြစ်တဲ့အတွက် ဥပဒေကြမ်းကော်မတီက ထောက်ခံထားတဲ့အတိုင်း ကျွန်တော်တို့ ပယ်ဖျက်ခြင်းကို အတည်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ပြင်ဆင်အဆိုပြုထားတဲ့ ပယ်ဖျက်ခြင်းကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၁၉ အမှတ်စဉ် ၃၆ ဒေါ်မိမြင့်သန်း၊ ရေးမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ စာမျက်နှာ ၁၉ အမှတ်စဉ် ၃၆ မှာဆိုရင် ကျွန်မတို့က ဒီဥပဒေကြမ်းကော်မတီကျတော့ အမှတ်စဉ် ၁၃ အထိ အမျိုးသားဥပဒေရဲ့ အတည်ပြုချက်အတိုင်း ထားရှိပါတယ်။ ကျွန်မကတော့ အဲဒီမှာ အမှတ်စဉ် ၁၁ လို့ ရေးထားပါတယ်။ အဲဒီ ၁၃ ရဲ့အောက်မှာဆိုတော့ ကျွန်မက ၁၄ လို့ ပြင်ချင်ပါတယ်ရှင့်။ အမှတ်စဉ် ၁၄ မှာဆိုရင် တက္ကသိုလ်တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှုအသင်းအဖွဲ့များက ညှိနှိုင်းရွေးချယ်သော နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် တိုင်းရင်းသားပညာရှင်(၂)ဦးလို့ ဖြည့်စွက်ချင်ပါတယ်။ တစ်ဆက်တစ်စပ်တည်း အမှတ်စဉ် ၃၇ ပုဒ်မ ၁၂ ကို ကျွန်မ ၁၅ လို့ ပြန်ပြင်ဆင်ချင်ပါတယ်ရှင်။ အဲဒီမှာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာနက ရွေးချယ်သော နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် တိုင်းရင်းသားပညာရှင်(၂)ဦးလို့ ကျွန်မက ဖြည့်စွက်ချင်ပါတယ်။ အကျိုးအကြောင်း ဖော်ပြချက်ကတော့ ဒီအပိုဒ် ၁၂ မှာကျတော့ အခုနက ကျွန်မပြင်ဆင်ချက် ပုဒ်မ ၂ ပုဒ်မခွဲ (ဠ)မှာလည်း ရှင်းပြထားပြီးပါပြီ။ ကျွန်မ ထပ်ဖြည့်ထားတဲ့ ၁၅ ကျတော့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်းကောင်း၊ ဤအမျိုးသားပညာရေး ဥပဒေတွင်လည်းကောင်း၊ တိုင်းရင်းသားတို့၏ စကား၊ စာပေ၊ ယဉ်ကျေးမှုနှင့် မပျောက်ပျက်အောင် ထိန်းသိမ်းရေးဖွံ့ဖြိုးတိုးတက်ရန် ဖော်ပြချက်များရှိသဖြင့် အမျိုးသားပညာရေးဥပဒေမှာလည်း လက်တွေ့ကျကျမှုဝါဒချ၍ အကောင်အထည်ဖော်နိုင်ရန် လိုအပ်၍လည်းကောင်း၊ တည်ဆဲအမျိုးသားပညာရေး၏ မူလပုဒ်မ ၅ ပုဒ်မခွဲ(က)တွင် အမျိုးသားပညာရေးကော်မရှင်ဖွဲ့စည်းရာတွင် တိုင်းရင်းသား

ပညာရှင်ပါဝင်ခဲ့၍လည်းကောင်း၊ ဒါကြောင့် ဖြည့်စွက်ချက် ၁၅ ကို ထည့်သွင်းရခြင်းဖြစ်ပါတယ်။ လွှတ်တော်က အတည်ပြုပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြဦး(ငါန်းဇွန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအပိုဒ်နဲ့ ပတ်သက်လို့ ကျွန်တော် အထက်မှာ ရှင်းခဲ့တဲ့အတိုင်း အခု မူဝါဒကော်မရှင်မှာ ပါဝင်တဲ့ပုဂ္ဂိုလ်များရဲ့ အတွေ့အကြုံနဲ့ အရည်အချင်းက အဓိကဖြစ်ပါတယ်။ ဒါကြောင့် မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့ အစည်းက ရွေးသည်ဖြစ်စေ၊ အမျိုးသားပညာရေးဥပဒေပါ အချက်အလက်များကို မှန်မှန်ကန်ကန် တိတိကျကျ အကောင်အထည်ဖော်နိုင်မယ့်ပညာရှင်များ ရဖို့ကသာလျှင် အဓိကဖြစ်ပါတယ်။ အဲဒီ ပညာရှင်များကလည်းပဲ အထက်မှာ ဖော်ပြခဲ့တဲ့ အပိုဒ် ၁ မှ အပိုဒ် ၁၃ အထိ ပါဝင်ပြီးသားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်း တင်ပြတဲ့အပိုဒ်အသစ်နှစ်ခုဟာ မလိုအပ်ပါကြောင်းနဲ့ ဥပဒေကြမ်းကော်မတီက တင်ပြထားတဲ့အတိုင်းပဲ ထားသင့်ပါကြောင်း၊ ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီက အဆိုပြုထားတဲ့အတိုင်း ထပ်မံမထည့်သွင်းတော့ဘဲနဲ့ ထားရှိနိုင်ရေးအတွက် အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်မိမြင့်သန်း၊ ရေးမဲဆန္ဒနယ်က စာမျက်နှာ ၁၉ အမှတ်စဉ် ၃၆ နှင့် ၃၇ ကို တပေါင်းတည်း အဆိုပြုတင်ပြသွားပါတယ်။ ဒီအကြောင်းအရာနှင့်ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီ ရဲ့ကိုယ်စား ဆရာကြီးဒေါက်တာမြဦးက ထည့်သွင်းရန်မလိုကြောင်း တင်ပြဆွေးနွေးသွားပါတယ်။ ဒါကြောင့်မို့လို့ ဒေါ်မိမြင့်သန်း၊ ရေးမဲဆန္ဒနယ်ရဲ့ အဆိုပြုတင်ပြချက်များဟာ ထည့်သွင်းစရာမလို ကြောင်း ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၂၀ အမှတ်စဉ် ၄၁ အသစ်ဖြည့်စွက်ချက်ဖြစ်ပါတယ်။ တပ်မတော်သား ကိုယ်စားလှယ်ဗိုလ်မှူးထင်လင်းဦးမှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးထင်လင်းဦး(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ တပ်မတော်သားလွှတ်တော်

ကိုယ်စားလှယ် ဗိုလ်မှူးထင်လင်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ အသစ်ဖြည့်စွက်ချက်ကို တင်သွင်းသွားမှာ ဖြစ်ပါတယ် ခင်ဗျား။ အသစ်ဖြည့်စွက်ချက်အနေနဲ့ကတော့ ကော်မရှင်၏ သက်တမ်းသည် သာမန်အားဖြင့် ငါးနှစ်ဖြစ်သည်ဆိုတဲ့အချက် ဖြစ်ပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ တင်ပြရရင်တော့ ကျွန်တော်တို့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားတဲ့ အဖွဲ့တွေ၊ ကော်မရှင်တွေ၊ နောက်ကျွန်တော်တို့ တည်ဆဲတိုင်းရင်းဆေးကောင်စီဥပဒေ၊ နောက် တခြား မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေစတဲ့ ဥပဒေတွေမှာ ကော်မတီ၊ ကော်မရှင်အဖွဲ့တွေ သက်တမ်းသတ်မှတ်ချက်ကို ဖော်ပြထားတာကို လေ့လာတွေ့ရှိရပါတယ်။ နိုင်ငံအချို့မှာဆိုလို့ရှိရင်လည်း ဒီပညာရေးနှင့်ပတ်သက်တဲ့ကော်မရှင်တွေ ဖွဲ့စည်းထားပြီးတော့ သက်တမ်းသတ်မှတ်ချက်အချို့ကိုလည်း တွေ့ရပါတယ်။ ဥပမာအားဖြင့် Australian National Commission For UNISCO ဆိုတဲ့အဖွဲ့ရဲ့ Charter (10 A) မှာဆိုလို့ရှိရင် ဒီအဖွဲ့ရဲ့ ကော်မရှင်ရဲ့ သက်တမ်းသတ်မှတ်ထားတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ဒါ့အပြင် ပညာရေးဝန်ကြီးဌာနအနေနဲ့ ပညာရေးမူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ (၅)နှစ်စီမံကိန်းများချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်းကိုလည်း လေ့လာသိရှိရပါတယ်။ သို့ဖြစ်ပါ၍ အထက်ပါအချက်များနှင့် လိုက်လျောညီထွေမှုရှိစေရန်အတွက် ကျွန်တော်မှ အဆိုပြုတင်ပြတဲ့ အသစ်ဖြည့်စွက်ချက်ဖြစ်သော ကော်မရှင်၏ သက်တမ်းသည် သာမန်အားဖြင့် (၅)နှစ်ဖြစ်သည်ဟူသော အဆိုပြုချက်အား အတည်ပြုပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ တင်သွင်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာစိုးရင်၊ ကမာရွတ်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(ကမာရွတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီပုဒ်မ အသစ်ဖြည့်စွက်တဲ့ရည်ရွယ်ချက်ကတော့ သက်တမ်းသတ်မှတ်ပေးဖို့ပဲ ဖြစ်ပါတယ်။ ပထမ မူရင်းဥပဒေထဲမှာ သက်တမ်းသတ်မှတ်ပေးတာမပါတဲ့အတွက်ကြောင့် သက်တမ်းသတ်မှတ်ပေးဖို့ ဖြစ်ပါတယ်။ သက်တမ်းသတ်မှတ်တဲ့အခါကြရင် နှစ်သက်ရာ သက်တမ်း ပေးပြီးတော့ သတ်မှတ်ရလေ့ရှိပါတယ်။ ဒါပေမယ့် ဒီအဖွဲ့အစည်းက ယခု ကျွန်တော်တို့ ဖွဲ့မယ့် ကော်မရှင်က သူက Autonomous Independent Commission တစ်ခုဖြစ်ပါတယ်။ နိုင်ငံတကာမှာ ကျွန်တော်တို့ ကြည့်လိုက်တဲ့အခါကျတော့ Independent Commission တွေဟာ အများအားဖြင့် နှစ်နှစ်၊

သုံးနှစ်အတွင်းမှာပဲ တာဝန်ထမ်းဆောင်ပြီးတော့ အသစ်ပြန်လည်ဖွဲ့စည်းတဲ့ဟာကို ကျွန်တော် လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် ဒီမှာအဆိုပြုတာကတော့ ဒါ စမ်းသပ်တဲ့အနေနဲ့ ကော်မရှင်ကို နှစ်နှစ်တစ်ကြိမ် ပြန်လည်ဖွဲ့စည်းသင့်တယ်လို့ အဆိုပြုခြင်းဖြစ်ပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ ကော်မရှင်ရဲ့ သက်တမ်းကို တိတိကျကျသတ်မှတ်ပေးဖို့နှင့် သတ်မှတ်ပေးလို့ရှိရင်လည်း စမ်းသပ်ကာလအနေနဲ့ နှစ်နှစ်တစ်ကြိမ် ပြန်လည်ဖွဲ့စည်းဖို့ ကျွန်တော့်အနေနဲ့ အဆိုပြုခြင်း ဖြစ်ပါတယ်။ လွှတ်တော်က ဆွေးနွေးဆုံးဖြတ်ဖို့ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြဦး(ငါန်းဇွန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ အခု ဗိုလ်မှူးထင်လင်းဦးနဲ့ ဆရာကြီးဒေါက်တာစိုးရင်တို့ တင်ပြသွားတဲ့ ရည်ရွယ်ချက်က ကျွန်တော်တို့ ဥပဒေထဲမှာ လိုအပ်နေတဲ့ ကော်မတီရဲ့သက်တမ်းကို သတ်မှတ်ဖို့ဖြစ်တဲ့အတွက် ရည်ရွယ်ချက်ချင်း တစ်ထပ်တည်းဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ အဲဒီ တင်ပြထားတဲ့ နှစ်ခုအနက်က နိုင်ငံတော်သမ္မတကြီးရဲ့ သက်တမ်းနဲ့ ကော်မရှင်၊ ကော်မတီများရဲ့ သက်တမ်း သတ်မှတ်ချက်များနှင့် လိုက်လျောညီထွေရှိစေဖို့ရာဆိုခဲ့ရင် ပထမ ဗိုလ်မှူးထင်လင်းဦး အဆိုပြုထားတဲ့ ကော်မရှင်ရဲ့ သက်တမ်းဟာ သာမန်အားဖြင့်လို့ထည့်ပြီးတော့ (၅)နှစ်ဖြစ်သည်ဆိုတဲ့ ပြင်ဆင်ဖြည့်စွက်ချက်ကို အတည်ပြုပေးနိုင်ပါရန် ကျွန်တော့်အနေနဲ့ ထောက်ခံတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဗိုလ်မှူးထင်လင်းဦးက ကော်မရှင်၏ သက်တမ်းသည် သာမန်အားဖြင့် (၅)နှစ်ဖြစ်သည်။ ဒီအဆိုနှင့်ပတ်သက်ပြီးတော့ ဥပဒေကြမ်းကော်မတီကလည်း ထောက်ခံတင်ပြသွားတာ ရှိပါတယ်။ ဒီအဆိုပြုချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဗိုလ်မှူးထင်လင်းဦးရဲ့ အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၂၂ အမှတ်စဉ် ၄၅ ဗိုလ်မှူးထင်လင်းဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးထင်လင်းဦး(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အသစ်ဖြည့်စွက်ချက်တစ်ချက်ကို ထပ်မံပြီးတော့ တင်သွင်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်ရဲ့ အသစ်ဖြည့်စွက်ချက်ကတော့ ပုဒ်မ ၆ ပုဒ်မခွဲ(ဈ) တွင် ကော်မရှင်သည် မိမိ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ပြည်ထောင်စုလွှတ်တော်နှင့် အစိုးရအဖွဲ့သို့ အနည်းဆုံး ခြောက်လတစ်ကြိမ် အစီရင်ခံတင်ပြရမည်ဆိုတဲ့အချက်ကို တင်သွင်းသွားမှာ ဖြစ်ပါ

တယ်ခင်ဗျား။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းတဲ့ အဖွဲ့အစည်းများ၊ နိုင်ငံတော်အစိုးရက ချမှတ်ထားတဲ့မူဝါဒတွေ၊ လုပ်ငန်းတွေနဲ့ စပ်လျဉ်းပြီးတော့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၀ အရ နာယကကြီးရဲ့ ခွင့်ပြုချက်နဲ့ ပြည်ထောင်စု လွှတ်တော်မှာ ရှင်းလင်းတင်ပြနိုင်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ နိုင်ငံအတွက် အရေးကြီးလှတဲ့ ပညာရေးမူဝါဒများချမှတ်ခြင်း၊ လုပ်ငန်းများ၊ တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ပြုကြရာမှာ နိုင်ငံ အတွက် လွန်စွာအရေးပါပြီး ဒီမူဝါဒလုပ်ငန်းဆောင်ရွက်ချက်တွေကို ပြည်သူလူထုက ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ဖို့အတွက် လိုအပ်မှာဖြစ်ပါတယ်။ ဒါ့အပြင် ယခုပြင်ဆင်တဲ့ ဥပဒေကြမ်းရဲ့ ပုဒ်မ ၅ ပုဒ်မခွဲ(က) ခြေဆင်းအပိုဒ်တွင် အစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ဖြင့်ဆိုတဲ့ စကားရပ် ဖော်ပြပါရှိလာတာကို တွေ့ရှိရပါတယ်။ ယင်းအချက်များအရ အမျိုးသားပညာရေး မူဝါဒကော်မရှင်သည် ကော်မရှင်၏မူဝါဒနှင့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများအား ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရန် လိုအပ်ကြောင်း ကျွန်တော့်အနေနဲ့ ယူဆမိပါတယ်။ သို့ဖြစ်ပါ၍ ယခု ကျွန်တော် တင်ပြတဲ့ ပုဒ်မ ၆ ပုဒ်မခွဲ(ဈ) အသစ်ဖြည့်စွက်ချက် ကော်မရှင်သည် မိမိ၏ လုပ်ငန်းဆောင်ရွက်ချက် များကို ပြည်ထောင်စုလွှတ်တော်နှင့် အစိုးရအဖွဲ့သို့ အနည်းဆုံး ခြောက်လတစ်ကြိမ် အစီရင်ခံတင်ပြ ရမည် ဟူသောအချက်အား ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြဦး(ငါန်းဇွန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဗိုလ်မှူး ထင်လင်းဦး အဆိုပြုတဲ့အတိုင်း ကော်မရှင်သည် မိမိ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ပြည်ထောင်စု လွှတ်တော်နှင့် အစိုးရအဖွဲ့သို့ အနည်းဆုံးခြောက်လတစ်ကြိမ် အစီရင်ခံတင်ပြရမည်ဆိုတဲ့ ပြင်ဆင်ချက်ကို ထောက်ခံပါကြောင်းနှင့် လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဗိုလ်မှူးထင်လင်းဦးက အသစ်ဖြည့်စွက်ချက်အနေနဲ့ ကော်မရှင်သည် မိမိ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ပြည်ထောင်စုလွှတ်တော်နှင့် အစိုးရအဖွဲ့သို့ အနည်းဆုံး ခြောက်လ တစ်ကြိမ် အစီရင်ခံတင်ပြရမည်ဆိုသော အဆိုပြုချက်ကို ဥပဒေကြမ်းကော်မတီကလည်း ထောက်ခံ တင်ပြသွားပါတယ်။ ဗိုလ်မှူးထင်လင်းဦးရဲ့ အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။

**မူကြမ်း**

လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဗိုလ်မှူးထင်လင်းဦးရဲ့ အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၄၇ ဦးစိန်ထွန်း၊ ထန်းတပင်မဲဆန္ဒနယ်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိန်ထွန်း(ထန်းတပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားပညာရေးဥပဒေ ပြင်ဆင်ချက် မူကြမ်းပါ အမှတ်စဉ် ၃၄ အပိုဒ် ၂၂ ကို မူလအဆိုပြုပြင်ဆင်ချက်များအတိုင်း လွှတ်တော်ကြီးမှ အတည်ပြုပေးနိုင်ပါရန် တင်ပြထားပါတယ်။ ဒီလို တင်ပြထားချက်မှာ ကျွန်တော့်အနေနဲ့ ပြင်ဆင်ချက်အဆို တင်သွင်းစဉ်ကာလက အပိုဒ် ၂၂ အပိုဒ်ခွဲ(က)ကိုသာလျှင် တင်သွင်းထားခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ စာရေးသားမှားမှုကြောင့် အပိုဒ် ၂၂ အပိုဒ်ခွဲ(က)၊ (ခ)၊ (ဂ) အားလုံးပါ ကျွန်တော့်ရဲ့ ပြင်ဆင်ချက်အဆို တင်သွင်း ထားသလိုဖြစ်နေတဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှ ကျွန်တော်၏ မူလတင်သွင်းထားသော အပိုဒ် ၂၂ အပိုဒ်ခွဲ(က) ပါအချက်များကိုသာ ပြင်ဆင်ချက်အဆို တင်သွင်းခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

ကျွန်တော်တို့ အမျိုးသားပညာရေးဥပဒေ ပြင်ဆင်ချက်မူကြမ်းပါ အပိုဒ် ၂၂ မှာ အမျိုးသားပညာရေးဥပဒေ အခန်း(၄)၏ ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးသည်။ ဒီမိုကရေစီပညာရေး လွတ်လပ်ခွင့်ကို အာမခံခြင်းဟူသော အဆိုပြုပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီတို့မှ ပယ်ဖျက်ထားတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီမိုကရေစီပညာရေး လွတ်လပ်ခွင့်အာမခံခြင်းဟူသော ခေါင်းစဉ်ကို ပြန်လည် အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ ဘာကြောင့်လဲဆိုလို့ရှိရင် ပညာရေးဥပဒေတွေဟာ ပျော့ပြောင်းပြီးတော့ ဆွဲဆောင်မှုရှိရှိနဲ့ အာမခံချက်တွေပါဝင်ပြီး လွတ်လပ်ခွင့်ရှိစေရမယ့် ဥပဒေမျိုးသာလျှင် ဖြစ်သင့်ပါတယ်။ ဒီမိုကရေစီပညာရေးလွတ်လပ်ခွင့်ကို အာမခံခြင်းဟူသော စာသားအစား အမျိုးသားပညာရေးမူဝါဒ ကော်မရှင်နဲ့ အစားထိုးပြဋ္ဌာန်းထားတာဟာ ဗဟိုချုပ်ကိုင်သည့် ပညာရေးကို ပြန်လည်အသက်သွင်းသလိုဖြစ်ပြီးတော့ ဗဟိုချုပ်ကိုင်မှုလျှော့ချတဲ့ အားလုံးပါဝင်နိုင်တဲ့ ပညာရေးစနစ်မျိုးကို ပြန်လည်မရောက်နိုင်တဲ့ အနေအထားမျိုးရှိတဲ့အတွက် ဒီအခန်း(၄) ခေါင်းစဉ် ဒီမိုကရေစီ

ပညာရေး လွတ်လပ်ခွင့်ကို အာမခံခြင်းဆိုတဲ့ ခေါင်းစဉ်စာသားအား လွှတ်တော်ကြီးမှ အတည်ပြု ပြဋ္ဌာန်းပေးနိုင်ပါရန် လေးစားစွာတင်သွင်းအပ်ပါတယ်ခင်ဗျား။

တစ်ဆက်တည်းမှာပဲ ကျွန်တော် တင်သွင်းလိုသော အပိုဒ်ခွဲများကို ဆက်လက်ပြီး တင်သွင်း ခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။ အပိုဒ် ၂၂ အပိုဒ်ခွဲ(ကက)မှာ အဆိုပြုပြဋ္ဌာန်း ချက်က ကျောင်းသားများသည် ကျောင်းသားသမဂ္ဂများကို ကျောင်းသားကျောင်းသူများကိုယ်တိုင် လွတ်လပ်စွာ ဖွဲ့စည်းထူထောင်လှုပ်ရှားခွင့်ရှိရမည်လို့ အဆိုပြုပြဋ္ဌာန်းထားတာကို အမျိုးသား လွှတ်တော် အတည်ပြုချက်များနှင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီတို့မှ အကျယ်ချဲ့ထား တာကို ကျွန်တော့်အနေနဲ့ မူလအဆိုပြု ပြဋ္ဌာန်းချက်အတိုင်း ပြန်လည်စဉ်းစားအတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်သွင်းအပ်ပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ကတော့ ကျွန်တော်တို့ ဒီနေ့ ကျောင်းသားကျောင်းသူများဟာ ပညာရေးရဲ့ အဓိကဇာတ်ကောင်များဖြစ်ပါတယ်။ အခုနက ကျွန်တော်တို့ ကမာရွတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဆရာကြီး ဒေါက်တာစိုးရင် တင်ပြသွားသကဲ့သို့ ပညာရေးဖြစ်စဉ်ကြီးမှာ ကျောင်းသား၊ မိဘ၊ ဆရာတို့ဟာ အဓိကဇာတ်ဆောင် များဖြစ်တဲ့အတွက် ကျောင်းသားကျောင်းသူများဟာ သမဂ္ဂများကို ကိုယ်ပိုင် လွတ်လွတ်လပ်လပ် ဖွဲ့စည်းထူထောင် လှုပ်ရှားနိုင်ခွင့်ရှိမှသာလျှင် ပညာသင်ကြား၊ သင်ယူမှုဖြစ်စဉ်မှာ အဆင်ပြေချောမွေ့ မှာဖြစ်ပါတယ်။ ဒီအမျိုးသားပညာရေးဥပဒေ ပြင်ဆင်ချက်များမှာလည်းပဲ ရှေ့မှာ ကျောင်းသားသမဂ္ဂ များကို သက်ဆိုင်ရာတက္ကသိုလ် ပဋိညာဉ်စာသားများနှင့်အညီ ဖွဲ့စည်းထူထောင်ခွင့်ပေးထားတာကို လည်းတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ အဲဒီလိုဖွဲ့စည်းထူထောင်တဲ့နေရာမှာ ပဋိညာဉ်စာသားအရသာ တည်ထောင်မယ်ဆိုလို့ရှိရင် ကျောင်းတစ်ကျောင်းတည်းရဲ့ ကိစ္စဝိစ္စများ၊ အတန်းတစ်တန်းတည်းရဲ့ ကိစ္စ၊ ဝိစ္စများကိုသာ ဆောင်ရွက်ရမယ့်အနေအထားဖြစ်နေတဲ့အတွက် ပညာရေးဖြစ်စဉ်ကြီးတစ်ခုလုံး နှင့် နိုင်ငံတော်အတွင်းမှာရှိနေတဲ့ ပညာရေးကိစ္စ၊ ဝိစ္စများကို ကျောင်းသားများ စုပေါင်းထူထောင်ခွင့် ကျဉ်းမြောင်းနေတဲ့အတွက် ဒီအပိုဒ် ၂၂ အပိုဒ်ခွဲ(ကက)မှာ ဖော်ပြထားတဲ့ မူလ အဆိုပြုပြဋ္ဌာန်းချက်ကို အတည်ပြုပြဋ္ဌာန်းပေးနိုင်ပါရန် လွှတ်တော်သို့ လေးစားစွာ တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လုံလောက်ပါပြီ။ ဒီမှာ ပြင်ဆင်အဆိုပြုတင်ပြချက်က အဆိုပြုဋ္ဌာန်းချက် အပိုဒ် ၂၂ အား ထည့်သွင်းရေးဆွဲရန်ဆိုတဲ့အတွက် အပိုဒ် ၂၂ နဲ့ပတ်သက်လို့ အပြည့်အစုံပါပြီးသား ဖြစ်ပါ တယ်။ ထပ်မံတင်ပြစရာမလိုပါဘူး။

**မူကြမ်း**

**ဦးစိန်ထွန်း(ထန်းတပင်မဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့ခင်ဗျ။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကြီးမှ ဒီအမျိုးသားပညာရေးဥပဒေ ပြန်လည်ပြင်ဆင်ရေးမူကြမ်းမှာ ဒီအပိုဒ် ၂၂ နှင့် ပတ်သက်၍ မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း ပြန်လည်စဉ်းစားအတည်ပြုပေးနိုင်ပါရန် လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးလေးစားစားတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်၊ သယ်န်းကျွန်းမဲဆန္ဒနယ်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပညာရေးစနစ်နဲ့ပတ်သက်ရင် ကျွန်တော်တို့နိုင်ငံပညာရေးဟာ ကမောက်ကမ ပညာရေး စနစ်ဆိုတဲ့အထိ အမည်ရခဲ့ပါတယ်။ ဆိုလိုတာကတော့ ကျောင်းသူကျောင်းသားတွေ တစ်လျှောက်လုံး စမ်းသပ်ခံတဲ့ ပညာရေးဟာတည်ငြိမ်မှုမရှိဘူး။ ဒါကြောင့် တည်ငြိမ်မှုရှိတဲ့ပညာရေးစနစ်ကို တည်ဆောက်မယ်ဆိုရင် အခုမူလအဆိုပြုထားတဲ့အတိုင်း ဒီမိုကရေစီပညာရေးလွတ်လပ်ခွင့်ကို အာမခံချက်ပေးရပါမယ်။ အဲဒီလိုအာမခံချက်ပေးမယ်ဆိုရင် အဆိုပြုပြဋ္ဌာန်းချက်အပိုဒ် ၂၂ အား ပြန်လည်ထည့်သွင်းသင့်ကြောင်း ဒီအဆိုပြုပြင်ဆင်ချက်ကို ကျွန်တော်တင်သွင်းခြင်းဖြစ်ပါတယ်။ ခုနက ဦးစိန်ထွန်းတင်ပြချက်ကိုလည်း ကျွန်တော်ထောက်ခံပါတယ်။ ဒီလောက်ပါပဲ။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ အခုကျွန်တော်တို့ အမှတ်စဉ် ၄၇ ပုဒ်မ ၂၂ မှာ ပုဒ်မခွဲပေါင်း ၃၆ ခုပါရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကိုယ်စားလှယ်ကြီးနှစ်ဦးကနေ ပြန်လည်ပြီးတော့ ဖြည့်စွက် ပေးဖို့တင်ပြခြင်းဖြစ်ပါတယ်။ ဒီ ပုဒ်မ ၂၂ နှင့်ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော်အနေနဲ့လည်း ဆွေးနွေးမှုအကြိမ်ကြိမ်ပြုပြီးမှ ပယ်ဖျက်ထားကြောင်း လေ့လာတွေ့ရှိရပါတယ်။ ကျွန်တော်တို့ ပြည်သူ့ လွှတ်တော်အနေနဲ့လည်း အလားတူဆွေးနွေးမှုတွေပြုလုပ်ပြီးတော့ ရှေးက ဆွေးနွေးခဲ့ကြတဲ့၊ လေ့လာ တင်ပြခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းအသီးသီးရဲ့ အမြင်အမျိုးမျိုး၊ ရှုထောင့်အစုံစုံ၊ အတွေ့ကြုံ အစုံစုံကို အခြေခံပြီးတော့ နိုင်ငံသားများအကျိုးအတွက် လက်တွေ့ကျပြီး တော့အနီးစပ်ဆုံး ရေရှည် တည်တံ့နိုင်တဲ့အချက်များကို ပြုပြင်ရေးဆွဲပြီးတော့ ဆောင်ရွက်ထားတာ ဖြစ်ပါတယ်။ အဓိကကတော့ အဂတိကင်းပြီးတော့ နိုင်ငံတော်အကျိုးအတွက်သာ ဒါရည်ရွယ်တာဖြစ်ပါတယ်။ ဒီအပိုဒ်မှာ အဓိက ကျောင်းသားများကိစ္စ၊ ဆရာများကိစ္စ၊ သင်ရိုးညွှန်းတမ်းကိစ္စ၊ ဘာသာစကား ကိစ္စ၊ စီမံခန့်ခွဲမှုကိစ္စ

စသည်ဖြင့် (၅)ပိုင်းကိုအခြေခံပြီးတော့ ရေးသားထားကြောင်း လေ့လာတွေ့ရှိရပါတယ်။ နိုင်ငံတော်ရဲ့ အမျိုးသားပညာရေးအခြေအနေ၊ ဒီနေ့အခြေအနေ၊ ပြောင်းလဲလာမည့် ဒီမိုကရေစီစနစ်အရ ဖြစ်သင့် ဖြစ်ထိုက်တဲ့ ပြုပြင်ပြောင်းလဲပေးရမည့် အနာဂတ်ပညာရေးကဏ္ဍရဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ ပစ်ပယ်လို့ မရတဲ့ ကျွန်တော်တို့နိုင်ငံရဲ့ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာတွေကိုလည်း ထည့်သွင်းစဉ်းစား ကြရမှာ ဖြစ်ပါတယ်။ လွတ်လပ်မှုကိုထည့်သွင်းစဉ်းစားပေးသွားသော်ငြားလည်း အများအကျိုး၊ နိုင်ငံတော်အကျိုးအတွက် မူဘောင်အတွင်းကနေ ရရှိနိုင်မည့် လွတ်လပ်မှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ထိခိုက်မှုမရှိတဲ့ လွတ်လပ်မှု၊ အမှန်တကယ်လည်းလိုအပ်တဲ့ လွတ်လပ်မှုမျိုးတွေကို အပြည့်အဝ ဖော်ဆောင်ပေးထားတာ ဖြစ်ပါတယ်။ လွတ်လပ်ခွင့်နှင့်ဥပဒေစည်းကမ်း၊ လမ်းညွှန်မှုတို့ဟာ အပြန် အလှန်အမှီသဟဲပြုနေမှသာ ဒီမိုကရေစီစနစ်ရှင်သန်မှာဖြစ်ပါတယ်။ ဒီနေ့ ဒီမိုကရေစီရဲ့ အနှစ်သာရ ဖြစ်တဲ့ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် မျှဝေခံစားခြင်လည်း ပါရှိပါတယ်။ ဗဟိုချုပ်ကိုင်မှုကို လျှော့ချ ပြီးတော့ ရေးထားတဲ့အနေအထားကိုလည်း လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။ ပထမဦးစွာ အပိုဒ် ၂၂ မှာပါတဲ့ ပုဒ်မပေါင်း ၃၆ ခုနှင့် ကျောင်းသားများနှင့်ပတ်သက်တဲ့ ပုဒ်မ ၆ ခုပါရှိပါတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော်အနေနဲ့ ဆောင်ရွက်ထားတဲ့အနေအထားကို တင်ပြပါမယ်။

(၁) ယနေ့ အမျိုးသားပညာရေးတက္ကသိုလ် ပုဒ်မ ၄ ပိုဒ်မခွဲ(ဂ)မှာ အဆင့်မြင့်ပညာကျောင်းများ မှာ သက်ဆိုင်ရာတက္ကသိုလ်တွေ ပဋိညာဉ်စာတမ်းနဲ့အညီ လွတ်လပ်စွာဖွဲ့စည်းတည်ထောင်ခွင့် ပေးထားပြီးဖြစ်ပါတယ်။ အလားတူပဲ တက္ကသိုလ်အဆောက်အဦတွေနဲ့ပတ်သက်လို့လည်း ပဋိညာဉ် စာတမ်းမှာ ထည့်သွင်းဖော်ပြဆောင်ရွက်ခွင့်ရရှိပြီးဖြစ်ပါတယ်။ အလားတူ အခြေခံပညာပြီးဆုံးတဲ့ ကျောင်းသားများလွတ်လွတ်လပ်လပ်ပညာသင်ကြားနိုင်ဖို့လည်း ပုဒ်မ ၁၁ ပုဒ်မခွဲ(ဠ)မှာ သင်ယူနိုင်တဲ့ ကိုယ်တိုင်ရွေးချယ် လျှောက်ထားခွင့်လည်း ပြုပေးပြီးဖြစ်ပါတယ်။ ကျောင်းသားတွေရဲ့ လွတ်လပ်စွာ တွေးခေါ်တဲ့ကိစ္စနဲ့ ပတ်သက်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ၃၅၃ မှာ လွတ်လပ်မှုကို နစ်နာဆုံးရှုံးမှု မရှိဖို့မူအားဖြင့် အားလုံးအခွင့်အရေးပေးပြီး ဖြစ်ပါတယ်။ အလားတူ ပုဒ်မ ၃၅၄ မှာ လွတ်လပ်စွာပဲ ထုတ်ဖော်ပြောဆိုရေးသားခွင့်၊ စီတန်းလှည့်လည်ခွင့်၊ စုဝေးခွင့်တွေ ပါရှိပြီးဖြစ်ပါတယ်။ ဒီအပြင် စဉ်းစားတွေးခေါ်ခြင်းကတော့ မိမိရဲ့အသိစိတ်က ဆောင်ရွက်တာဖြစ်ပါတယ်။ ဘယ်သူမှလည်း တားဆီး လို့မရနိုင်ပါဘူး။ ဘယ်သူကအတွေးအခေါ်ကို ချုပ်ခြယ်လို့ ရနိုင်တဲ့အနေအထား မရှိပါဘူး။ တွေးခေါ် မှုရဲ့ မူလအဓိပ္ပာယ်ကိုက လွတ်လပ်မှုပါရှိပြီးသားဖြစ်ကြောင်း လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။ အလားတူပဲ အဆိုပြုထားတဲ့ ကျောင်းအုပ်ချုပ်ရေးအဖွဲ့နဲ့ပတ်သက်လို့ ပဋိညာဉ်စာတမ်းအရ လွတ်လပ်

စွာ ဆောင်ရွက်ခွင့်ပေးထားပြီး ဖြစ်ပါတယ်။ ဆရာဆရာမတွေအပေါ် အကဲဖြတ်ခြင်းနဲ့ ပတ်သက်လို့ ဒီဥပဒေမှာ အမျိုးသားပညာရေးကော်မရှင်ရဲ့ မူဝါဒနှင့်ဆောင်ရွက်ဖို့လည်း ဖော်ပြထားကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ ပညာသင်စရိတ်ခက်ခဲတဲ့ ကျောင်းသားတွေအတွက် ပညာသင်ကြားမှုနှင့် ပတ်သက်လို့ ဥပဒေရဲ့ပုဒ်မ ၅၈ ပုဒ်မခွဲ(ဈ)မှာ အသေးစိတ်ပါရှိပြီးဖြစ်ပါတယ်။ ကျွန်တော်အသေးစိတ် မတင်ပြတော့ပါဘူး။ ဆက်လက်ပြီးတော့ ဆရာဆရာမများနဲ့ပတ်သက်တဲ့ အချက်(၁၀) ချက်ပါပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့ထုတ်ပြန်မယ့်အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄ ပုဒ်မခွဲ(က)မှာ တက္ကသိုလ်တွေရဲ့ ပဋိညာဉ်စာတမ်းအရ သမဂ္ဂတွေခွင့်ပြုထားပါတယ်။ ဒီနေရာမှာ လွတ်လွတ်လပ်လပ်နဲ့ လှုပ်ရှားဆောင်ရွက်ခွင့်ရှိသလို ဥပဒေရဲ့ပုဒ်မ ၁၁ ပုဒ်မခွဲ(ဂ)မှာ အဆင့်မြင့်ပညာကျောင်းများမှာလည်း အလားတူ ပဋိညာဉ်စာတမ်းနဲ့အတူ သမဂ္ဂတွေခွင့်ပြုထားပြီးဖြစ်ပါတယ်။ ဆရာဆရာများနှင့်ပတ်သက်တဲ့ အုပ်ချုပ်ရေးကောင်စီနှင့်ပတ်သက်လို့လည်း ပဋိညာဉ်စာတမ်းတွေမှာ လွတ်လပ်စွာနဲ့ ဖွဲ့စည်းဆောင်ရွက်ခွင့်ပါရှိမှာ ဖြစ်ပါတယ်။ တက္ကသိုလ်အဆောက်အဦနှင့်ပတ်သက်လို့ ပဋိညာဉ်စာတမ်းအရ ခုနကတင်ပြခဲ့သလို ကျောင်းပေါင်း ၁၃၉ ကျောင်းမှာ လိုအပ်သလိုထည့်သွင်းပြီးတော့ လွတ်လွတ်လပ်လပ်နှင့် ဆောင်ရွက်ခွင့်ပါရှိပြီး ဖြစ်ပါတယ်။ ဆရာဆရာမများ နှစ်သက်ရာ ပါတီသို့ ဝင်ရောက်ခွင့်နှင့်ပတ်သက်လို့ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆ ပုဒ်မခွဲ(က)မှာ နိုင်ငံ့ဝန်ထမ်းတွေဟာ ပါတီနိုင်ငံရေးကင်းရှင်းရမယ်လို့ အတိအလင်း ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ အလားတူ လွတ်လပ်စွာသုတေသနပြုလိုတာနဲ့ပတ်သက်လို့ ကျွန်တော်တို့ ပုဒ်မ ၂၈ ပုဒ်မခွဲ(က)မှာ သုတေသနနှင့်ပညာရပ်ဖွံ့ဖြိုးတိုးတက်မှုကိုဦးစားပေး ဆောင်ရွက်ဖို့လည်း ပြဋ္ဌာန်းပေးထားတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ကျောင်းသားတွေရဲ့ ပညာသင်ယူမှုနည်းစနစ်နဲ့ပတ်သက်လို့ ပုဒ်မ ၅၀ ပုဒ်မခွဲ(ခ)မှာ သင်ယူမှုဖွံ့ဖြိုးတိုးတက်ဖို့အတွက် သင်ရိုးညွှန်းတမ်းနဲ့ကိုက်ညီတဲ့ နည်းစနစ်တွေကို လွတ်လွတ်လပ်လပ်နဲ့ ရွေးချယ်ခွင့်ပြုပြီးသား ဖြစ်ပါတယ်။ အလားတူ ဆရာဆရာမတွေရဲ့ အရည်အသွေးတိုးတက်မှုမြင့်မားစေဖို့အတွက် ပုဒ်မ ၅၀ ပုဒ်မခွဲ(ဂ)မှာ သင်ကြားတဲ့အရည်အသွေးတွေမြင့်မားဖို့အတွက် ပြည်တွင်း၊ ပြည်ပမှာ ပညာဆက်လက်သင်ယူဖို့အတွက် အခွင့်အရေးတွေလည်း ပြဋ္ဌာန်းပေးထားပြီး ဖြစ်ပါတယ်။ မိမိနှစ်သက်ရာကျောင်းများကို ဒေသကို လျှောက်ခွင့်နှင့်ပတ်သက်လို့လည်း ကျွန်တော်တို့ ဆရာဆရာမများ မိမိနှစ်သက်တဲ့ကျောင်း ဒါမှမဟုတ် ဒေသကိုတရားဝင်လွတ်လွတ်လပ်လပ်နဲ့ လျှောက်ခွင့်ရှိသလို ပုဒ်မ ၄၂ ပုဒ်မခွဲ(ဆ)မှာ ဆရာဆရာမများ ရဲ့တာဝန်ထမ်းဆောင်မှုနဲ့ပတ်သက်ပြီးတော့ ဝန်ကြီးဌာနအနေနဲ့ ကျောင်းများရဲ့ လိုအပ်ချက်အပေါ် မူတည်ပြီး စိစစ်ရွေးချယ်ခန့်အပ်တာဝန်

ပေးမည့်စနစ်ထားရှိဖို့လည်း ထည့်သွင်းပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ပညာရေးအဆင့်နဲ့ပတ်သက်လို့ ပုဒ်မ ၅၀ ပုဒ်မခွဲ(ခ)မှာ သင်ယူမှုဖွံ့ဖြိုးတိုးတက်ဖို့အတွက် သင်ရိုးညွှန်းတမ်းနဲ့ကိုက်ညီတဲ့ နည်းစနစ်လွတ်လွတ်လပ်လပ်နဲ့ ရွေးချယ်ခွင့်ရှိကြောင်းလည်း ပြဋ္ဌာန်းထားပါတယ်။ ဆရာတွေရဲ့ မသန်စွမ်းဖြစ်မှုနှင့်ပတ်သက်ပြီး တောင်းဆိုထားတဲ့အချက်နဲ့ပတ်သက်ပြီး ပုဒ်မ ၅၃ ပုဒ်မခွဲ(ဂ)မှာ ဆရာဖြစ်နိုင်ဖို့အတွက် ဆီလျော်အပ်စပ်တဲ့လုပ်ငန်းတွေမှာ မသန်စွမ်းမှုကို အကြောင်းပြုပြီးတော့ ခွဲခြားမှုမပြုဖို့အတွက်လည်း ပြဋ္ဌာန်းပြီးထားပြီးဖြစ်ပါတယ်။ အလားတူ သင်ရိုးညွှန်းတမ်းနဲ့ပတ်သက်လို့ ပုဒ်မ ၆ ခုပါရှိပါတယ်။ ဒါနဲ့ပတ်သက်လို့ ပုဒ်မ ၆ ပုဒ်မခွဲ(ခ)မှာလည်း ပြဋ္ဌာန်းပေးထားပြီး ဖြစ်ပါတယ်။

အလားတူ ပုဒ်မ ၃၉ ပုဒ်မခွဲ(က)မှာ တွေးခေါ်ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိတဲ့ အသိဉာဏ်နှင့်ဘက်စုံပညာပြည့်ဝတဲ့ နိုင်ငံသားကောင်းတွေပေါ်ထွန်းဖို့လည်း ပြဋ္ဌာန်းပေးထားပါတယ်။ ပုဒ်မ ၃၉ ပုဒ်မခွဲ(ခ)မှာ မြန်မာ့လူမှုအဖွဲ့အစည်းကို အသုံးဝင်ဖို့အတွက်လည်း ပြဋ္ဌာန်းပေးထား ပါတယ်။ ပုဒ်မ ၃၉ ပုဒ်မခွဲ(ဂ)မှာ ကိုယ်ကျင့်တရားကောင်းဖို့၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ လူ့အခွင့်အရေး ရဲ့ စံနှုန်းတွေကို တန်ဖိုးထားမှု၊ ခေတ်စနစ်နှင့်ကိုက်ညီတဲ့ သင်ရိုးညွှန်းတမ်းစံနှုန်းတွေနဲ့ လုပ်ဖို့လည်း ပြဋ္ဌာန်းပေးပြီးသားဖြစ်ပါတယ်။ အလားတူ ပုဒ်မ ၃၉ ပုဒ်မခွဲ(ဆ)မှာ သင်ရိုးညွှန်းတမ်းစံကို အခြေခံပြီးတော့ သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးမှုကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆောင်ရွက်ခွင့်လည်း ပြုထားပြီးသားဖြစ်ပါတယ်။ ပုဒ်မ ၃၉ ပုဒ်မခွဲ(ဈ)မှာ သင်ယူသူတွေရဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့အတွက် မဏ္ဍိုင်ထားပြီးတော့ သင်ရိုးညွှန်းတမ်းတွေ၊ သင်ကြားနည်းစနစ်တွေနဲ့ ကိုက်ညီဖို့၊ သင်ယူသူရဲ့ အသက်အရွယ်၊ သဘာဝနှင့် ကိုက်ညီဖို့လည်း ဥပဒေများ ပြဋ္ဌာန်းပြီးသားဖြစ်တာကို လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။ သင်ကြားတဲ့ ဘာသာစကားနှင့် ပတ်သက်လို့ ပုဒ်မ ၄၃ ပုဒ်မခွဲ(က)မှာ သင်ကြားရေးမှာ မြန်မာဘာသာဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြစ်စေ၊ မြန်မာ-အင်္ဂလိပ် နှစ်ဘာသာတွဲ၍ဖြစ်စေ သင်ကြားနိုင်တယ်လို့လည်း ပြဋ္ဌာန်း ပေးထားပါတယ်။ အလားတူ ပုဒ်မ ၄၃ ပုဒ်မခွဲ(ခ)မှာ အခြေခံပညာအဆင့်မှာ တိုင်းရင်းသားဘာသာစကားကို မြန်မာဘာသာစကားနှင့်အတူ စာသင်ခန်းသုံးဘာသာစကားဖြင့် တွဲဖက်အသုံးပြုနိုင်တယ်လို့လည်း ပြဋ္ဌာန်းပေးထားပါတယ်။ ပုဒ်မ ၄၄ မှာ တိုင်းဒေသကြီး/ပြည်နယ်တွေမှာ တိုင်းရင်းသားစာပေနှင့် ဘာသာစကားသင်ကြား/သင်ယူမှုကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ရဲ့အစီအစဉ်နှင့် အခြေခံပညာမူလတန်းအဆင့်ကစပြီးတော့ အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ဖို့အတွက်လည်း ထည့်သွင်းပြီးသားဖြစ်ပါတယ်။ ပုဒ်မ ၂ ပုဒ်မခွဲ(ဠ)မှာ တက္ကသိုလ်ကောင်စီဖွဲ့စည်းမှု ပါရှိပြီးတော့ ပုဒ်မ ၄၉ ပုဒ်မခွဲ(စ)မှာ ပညာရေးဆိုင်ရာ စီမံခန့်ခွဲရေးကိစ္စတွေ

ဒီဥပဒေနှင့် ပညာရေးဆိုင်ရာ ဥပဒေနှင့်အညီ လွတ်လွတ်လပ်လပ်နှင့် စီမံခန့်ခွဲဖို့လည်းဖော်ပြပြီး ဖြစ်ပါတယ်။ အနှစ်ချုပ်တင်ပြလို တာကတော့ ဒီပုဒ်မ ၂၂ မှာပါရှိတဲ့ ပုဒ်မခွဲပေါင်း ၃၆ ခုနှင့် ပတ်သက်ပြီးတော့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းထားတဲ့ ဥပဒေများကို အသေးစိတ် လေ့လာဖို့ လွတ်လွတ်လပ်လပ်နဲ့ တင်ပြပြီးသားဖြစ်တဲ့အတွက်ကြောင့် ဒီပုဒ်မ ၂၂ နှင့်ပတ်သက် ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း ပယ်ဖျက်ခြင်းကို အတည်ပြုပေးဖို့ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လွှတ်တော်သို့ တင်ပြအပ်ပါတယ်။ အားလုံးကို လေးစားပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီကိုယ်စား ဦးတင်မောင်ဦးက ဥပဒေရဲ့ ရည်ရွယ်ချက်၊ ဥပဒေမှာပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက်တွေက မည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိသည်ကို ဖော်ပြပေး တဲ့အတွက် ဒီဥပဒေကို သေသေချာချာမလေ့လာရသေးတဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် လည်း များစွာတန်ဖိုးရှိပါတယ်။ ဥပဒေတစ်ရပ်ပြုစုတယ်ဆိုတဲ့နေရာမှာ ဥပဒေရဲ့ရည်ရွယ်ချက်၊ အကျိုး သက်ရောက်မှု၊ ပြည့်ပြည့်စုံစုံလေ့လာပြီးတော့မှ မိမိပြင်ဆင်လိုတဲ့အပိုဒ်ကို ရည်ရွယ်ချက်မြောက်/ မမြောက် ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ရမှာဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ အခုလို ရှင်းလင်းတင်ပြပေးတဲ့ အတွက်လည်း လွှတ်တော်အနေနဲ့ မှတ်တမ်းတင်ရမယ့်သဘောလည်းရှိသလို လွှတ်တော်ထဲမှာ ဆွေးနွေးခဲ့တဲ့ ဒီအမျိုးသားပညာရေးဥပဒေကြမ်းဟာ ပြည်သူ့လွှတ်တော်ထဲမှာ လွန်ခဲ့တဲ့ နှစ်နှစ်နီးပါး ကစပြီးတော့ ဆောင်ရွက်ခဲ့တဲ့ကိစ္စတစ်ခုဖြစ်ပါတယ်။ သို့ရာတွင် အခြေအနေအကြောင်းကြောင်းအရ ဒီဥပဒေကို ပြင်ဆင်ချင်တယ်ဆိုလို့ အစိုးရအဖွဲ့က တင်ပြလာတဲ့အခါမှာ ပြင်ဆင်ပါ။ ပြင်ဆင်တာကို လွှတ်တော်က အလေးအနက်ထားပြီး ဆောင်ရွက်ပါမယ်လို့ ဒီလိုပြန်ကြားခဲ့ပါတယ်။ ဒီနောက်မှာတော့ သိပြီးဖြစ်တဲ့အတိုင်းပဲ အခြားကိစ္စတွေပေါ်ပေါက်လာပြီးတော့ ပြင်ဆင်ချက်အဆိုတင်တဲ့နေရာမှာ အမျိုးမျိုးတင်ပြလာတဲ့အပေါ်မှာမူတည်ပြီးတော့ အမျိုးသားလွှတ်တော်ကလည်း ဒီပေါ်မှာအလေး အနက်ထားပြီး ဆွေးနွေးခဲ့တယ်။ ပြည်သူ့လွှတ်တော်ကိုရောက်တဲ့အခါမှာလည်း အလေးအနက်ထား ဆွေးနွေးနိုင်အောင် လေ့လာမှုပြုနိုင်ဖို့ အချိန်တွေအများကြီးပေးခဲ့ပါတယ်။ အချိန်တွေအများကြီးပေး လို့ ဒီနေ့လွှတ်တော်ထဲမှာလည်း အချိန်ပေးပြီးတော့ ဆွေးနွေးခိုင်းတာဖြစ်ပါတယ်။ ဒါမှ အမျိုးသား ပညာရေးဥပဒေရဲ့ ရည်ရွယ်ချက်တွေ၊ ထားရှိတဲ့စေတနာတွေ၊ ပြီးတဲ့အခါမှာ နိုင်ငံနှင့် နိုင်ငံသား အကျိုးစီးပွားဖြစ်ထွန်းမှုကို အခြေခံပြီး ဆောင်ရွက်တဲ့နေရာမှာ မိမိတို့စဉ်းစားရမှာကတော့ နိုင်ငံနှင့် နိုင်ငံသားအကျိုးစီးပွားအတွက်ကို စဉ်းစားရမယ်။ လူတစ်ယောက်၊ တစ်ဖွဲ့ရဲ့ ပြောဆိုတောင်းဆိုမှုကို အလေးထားရမှာမဟုတ်ဘဲနဲ့ အဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ ဝန်ကြီးဌာနအတွက်သော်

လည်းကောင်း၊ လွှတ်တော်အတွက်သာမဟုတ်ဘဲနဲ့ ပြည်သူ့အတွက်ပဲ ဖြစ်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့လွှတ်တော်ထဲမှာ အချိန်ယူဆွေးနွေးဖို့ ခွင့်ပေးတယ်ဆိုသော်လည်း ခုနက အဆိုပြုပြင်ဆင်ချက်အပိုဒ် ၂၂ အား ထည့်သွင်းရေးဆွဲရန်ဆိုတဲ့နေရာမှာ အဆိုပြုပြင်ဆင်ချက်က ဒီကန့်လန့်ဖြတ်ဇယားထဲမှာလည်း ပါပြီးပါပြီ။ ဒါကြောင့်မို့လို့ ထပ်ပြီးတော့ အဆိုပြုတင်ပြစရာမလိုဘူး ဆိုပြီးတော့ မလိုအပ်တဲ့အချိန်တွေ မပြုန်းတီးရအောင် ဒီလိုဆောင်ရွက်သလို ဥပဒေကြမ်းကော်မတီကို ဆွေးနွေးခိုင်းတဲ့နေရာမှာလည်း ဥပဒေကြမ်းကော်မတီက လိုရင်းဆွေးနွေးတဲ့နေရာမှာ ဥပဒေရဲ့ ရည်ရွယ်ချက်တွေ၊ အကျိုးသက်ရောက်မှုတွေကိုပေါ်အောင် ဆွေးနွေးပေးတဲ့အတွက် ကျွန်တော် ခုန တင်ပြတဲ့ ဒီဥပဒေကို ဂယနဏ လေ့လာမှုမပြုရသေးတဲ့ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒီဥပဒေကို စိတ်ဝင်စားပြီးတော့ နားထောင်နေတဲ့ ပြည်သူများအတွက်ပါ အများကြီးတန်ဖိုးရှိပါတယ်။ ဘာပဲ လုပ်လုပ် စေတနာမှန်ဖို့လိုပါတယ်။ ရည်ရွယ်ချက်ကောင်းဖို့ လိုပါတယ်။ ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေတွေ ဟာ အများအတွက် အကျိုးရှိပြီးတော့၊ အများလိုက်နာနိုင်တဲ့ ဥပဒေများဖြစ်ဖို့ လိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီက အဆိုပြုထားတဲ့အတိုင်း အမျိုးသား လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်းကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၂၀ ခန့်ခေတ္တ ရပ်နားပါမယ်။

**အချိန်၊ ၂း၀၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၂၀ ခန့်ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၄း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**မူကြမ်း**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အမှတ်စဉ် ၅၈ စာမျက်နှာ ၃၃ ဦးသောင်းဟန်၊ ယင်းမာပင်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းရဲ့အမှတ်စဉ် ၅၈ ပုဒ်မ ၂၈ ကို ပြင်ဆင်ချက်အဆိုတင်သွင်း သွားမှာဖြစ်ပါတယ်။ ပုဒ်မ ၂၈ မှာက အဆင့်မြင့်ပညာသင်ကြားရေးကို အကောင်အထည်ဖော်ရာ၌ အကောင်အထည်ဖော်သည့်ကျောင်းများသည် ပုဒ်မခွဲ(က) သုတေသနပြုလုပ်ငန်းအလိုက် မျှတသော ငွေကြေးထောက်ပံ့မှုနှင့် ဂုဏ်ပြုချီးမြှင့်မှုအစီအစဉ်များချမှတ်၍ သုတေသနနှင့် ပညာရပ်ဖွံ့ဖြိုးမှုကို ဦးစားပေးဆောင်ရွက်ရမည်လို့ ကျွန်တော် ပြင်ဆင်ချက်အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ ဒီမှာ ကျွန်တော်တို့ဥပဒေကြမ်းကော်မတီကတော့ မူလတည်ဆဲဥပဒေ ပုဒ်မ ၂၈ ပုဒ်မခွဲ (က)မှာအတိုင်း သုတေသနနှင့်ပညာရပ်ဖွံ့ဖြိုးမှုကို ဦးစားပေးဆောင်ရွက်ရမည်လို့ ဒီလိုပဲ ပြဋ္ဌာန်းချက်ကို တင်ပြထားပါ တယ်။ ကျွန်တော့်အနေနဲ့ ရှေ့ကနေပြီးတော့ သုတေသနပြုလုပ်ငန်းအလိုက် မျှတသောငွေကြေး ထောက်ပံ့မှုနှင့် ဂုဏ်ပြုချီးမြှင့်မှုအစီအစဉ်များချမှတ်၍လို့ ထည့်သွင်းခြင်းဟာ ရည်ရွယ်ချက်ဖြစ်တဲ့ သုတေသနနှင့်ပညာရပ်ဖွံ့ဖြိုးမှုကို အနိမ့်ဆုံးအဆင့် ဘယ်လိုလုပ်ရမယ်ဆိုတဲ့ တစ်ချက်ကို ကျွန်တော် ထည့်သွင်းလိုတဲ့အတွက် ဖြည့်စွက်ပြဋ္ဌာန်းခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ တကယ်တော့ သုတေသန လုပ်ငန်းဟာ အခြေခံပညာအဆင့်မြင့်ကျောင်းများမှာ လိုအပ်တဲ့ ဦးစားပေးဆောင်ရွက်ရမယ့်လုပ်ငန်း တစ်ခုဖြစ်ပါတယ်။ ဒါကြောင့်မို့လို့လည်း ဖွံ့ဖြိုးမှုကိုဦးစားပေးဆောင်ရွက်ရမည်လို့ ဒီလို ယေဘုယျ ပြဋ္ဌာန်းထားတာပါ။ ဒါကိုမှ ကျွန်တော်က သုတေသနပြုလုပ်ငန်းအတွက် မျှတသော ငွေကြေး ထောက်ပံ့မှုနှင့် ဂုဏ်ပြုချီးမြှင့်မှုအစီအစဉ်များချမှတ်၍ဆိုတာက သုတေသနလုပ်ငန်းဖွံ့ဖြိုးဖို့အတွက် အနိမ့်ဆုံးအဆင့် ဆောင်ရွက်ပေးသင့်တဲ့အချက်ကို ဖော်ပြခြင်းဖြစ်ပါတယ်။ တကယ်တော့ ကျောင်းများ ဟာ အစိုးရကျောင်းများရှိမှာဖြစ်သလို ပုဂ္ဂလိကကျောင်းများလည်းရှိမှာပါ။ အဲဒီမှာ ကျွန်တော်တို့ အစိုးရကျောင်းများကိုတော့ ကျွန်တော်တို့ သုတေသနလုပ်ငန်းမှာ ဘယ်လိုဆောင်ရွက်သင့်တယ် ဘာညာဆိုတာကို နောင်မှာပြဋ္ဌာန်းလို့လွယ်ကူမှာပါ။ ပုဂ္ဂလိကကျောင်းများကတော့ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသွားမှာဖြစ်တဲ့အတွက် ဒီသုတေသနပညာရပ်ဖွံ့ဖြိုးမှုအတွက် ကြိုတင်ပြီးတော့

အခြေခံကျတဲ့ အမျိုးသားပညာရေးဥပဒေကြမ်းမှာ ထည့်သွင်းထားသင့်တယ်လို့ မြင်တဲ့အတွက် ကျွန်တော် ဖြည့်စွက်ပြီးတော့ ပြဋ္ဌာန်းဖို့အဆိုတင်သွင်းခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်ရဲ့ အဆိုဖြစ်တဲ့ သုတေသနပြုလုပ်ငန်းအလိုက် မျှတသောငွေကြေးထောက်ပံ့မှုနှင့် ဂုဏ်ပြုချီးမြှင့်မှု အစီအစဉ်များချမှတ်၍ သုတေသနနှင့်ပညာရပ်ဖွံ့ဖြိုးမှုကို ဦးစားပေးဆောင်ရွက်ရမည်ဆိုတဲ့အဆိုကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး ဦးသောင်းဟန်ရဲ့ စေတနာထားပြီးတော့ ထည့်သွင်းတဲ့ သုတေသနပြုလုပ်ငန်းအလိုက် မျှတသောငွေကြေးထောက်ပံ့မှုနှင့် ဂုဏ်ပြုချီးမြှင့်မှုအစီအစဉ်များချမှတ်၍ဆိုပြီးတော့ သုတေသနနှင့်ပညာရပ်ဖွံ့ဖြိုးမှုကို ဦးစားပေးဆောင်ရွက်ရမည်ဆိုတဲ့အပိုဒ်ရဲ့ ရှေ့မှာထည့်သွင်းခြင်းဟာ ဒီဥပဒေမှာထည့်သွင်းဖို့မသင့်ပါဘူး။ မသင့်တဲ့အကြောင်းကတော့ ဒီအပိုဒ်ဟာ အဆင့်မြင့်ပညာရေးဥပဒေ ရေးဆွဲနေပြီဖြစ်ပါတယ်။ အဆင့်မြင့်ပညာဥပဒေပေါ်ပေါက်လာဖို့အတွက် ချိတ်ဆက်ပေးတဲ့အပိုဒ်တစ်ပိုဒ်ဖြစ်ပါတယ်။ ဒီဥပဒေဟာ အမျိုးသားပညာရေးဥပဒေဟာ Mother Law ဖြစ်တဲ့အတွက် ဒီအဆင့်မြင့်ပညာရေး ရေးဆွဲပြဋ္ဌာန်းတဲ့အချိန်ကျမှ ဦးသောင်းဟန်ရဲ့ ထည့်သွင်းတဲ့အချက်ကို ထည့်သွင်းသင့်ပါတယ်။ ဦးသောင်းဟန်ထည့်သွင်းတဲ့အချက်ထက် ပိုမိုပြီးတော့ပြည့်စုံအောင်လို့လည်းပဲ အဆင့်မြင့်ပညာရေးဥပဒေမှာ ထည့်သွင်းဖို့က လိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီကတင်သွင်းသော အဆင့်မြင့်ပညာသင်ကြားရေးကို အကောင်အထည်ဖော်သည့်ကျောင်းများသည် (က) သုတေသနနှင့်ပညာရပ်ဖွံ့ဖြိုးမှုကို ဦးစားပေးဆောင်ရွက်ရမည်ဟူသော ဥပဒေကြမ်း၏အပိုဒ်အား လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသောင်းဟန်၊ ယင်းမာပင်မဲဆန္ဒနယ်ရဲ့ပြင်ဆင်ချက်အဆိုအစား ဥပဒေကြမ်းကော်မတီက တင်သွင်းထားတဲ့အဆိုပြုချက်ကိုသာ လွှတ်တော်က အတည်ပြုပေးဖို့ ဥပဒေကြမ်းကော်မတီကတင်ပြသွားပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၃၆ အမှတ်စဉ် ၆၆ ဦးသောင်းဟန်၊ ယင်းမာပင်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ စာမျက်နှာ ၃၆ အမှတ်စဉ် ၆၆ ကို ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမှတ်စဉ် ၆၆ မှာ (က) မသန်စွမ်းသူများအတွက် ပညာသင်ယူသည့်အဆင့်တိုင်းတွင် တန်းတူပညာသင်ရေး၊ အထောက်အကူပြုကိရိယာများရရှိရေး၊ သင့်လျော်သော သင်ကြားနည်းစနစ်များ ညှိနှိုင်းစီစဉ်နိုင်ရေးနှင့် အတားအဆီးမရှိသော ကျောင်းပတ်ဝန်းကျင်ဖန်တီးနိုင်ရေးတို့ကိုစီမံကိန်းရေးဆွဲဆောင်ရွက်ရမည်ဆိုပြီးတော့ ကျွန်တော်တင်သွင်းခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီကတော့ မသန်စွမ်းသူများအတွက်ဆိုပြီးတော့ စပြီးတော့ခင်းလိုက်ပြီးတော့မှ ပညာသင်ယူမည့်အဆင့်တိုင်းတွင် အများနည်းတူတန်းတူပညာသင်ကြားရေးအတွက် လိုအပ်နေသော အစီအမံများ၊ အထောက်အကူပြုပစ္စည်းကိရိယာများ၊ သင်ကြားနည်းစနစ်များ၊ သင့်လျော်သော ညှိနှိုင်းစီစဉ်ဆောင်ရွက်မှုများကို ပြုလုပ်ပေးနိုင်ရန်နှင့် တစ်ခါထပ်ပြီးတော့ မသန်စွမ်းသူများအတွက် ဆိုပြီးတော့ ခင်းပြီးသားစကားကို ထပ်သုံးထားတာတွေ့ရပါတယ်။ အဲဒါကြောင့်မို့လို့ မသန်စွမ်းသူများအတွက်ဆိုပြီးတော့ အတားအဆီးမရှိသော ကျောင်းပတ်ဝန်းကျင်ဖန်တီးပေးနိုင်ရန်အတွက် စီမံကိန်းရေးဆွဲချမှတ်ဆောင်ရွက်ရမည်လို့ ဒီလိုရေးထားပါတယ်။ တကယ်တော့ ဒီနှစ်ပိုဒ်စလုံး ကျွန်တော်တင်သွင်းတာရော၊ ဥပဒေကြမ်းကော်မတီတင်သွင်းတာရောက ရည်ရွယ်ချက်အတူတူပါပဲခင်ဗျား။ အရေးအသားပဲကွာပါတယ်။ အဲဒီတော့ ဒီအတွက်တွေ၊ အတွက်တွေ လေးခုထပ်နေပါတယ်။ ပထမအကြောင်းမှာပါသလို တတိယ၊ စတုတ္ထအကြောင်းမှာပါတယ်။ နောက် နံပါတ်(၈)အကြောင်းမှာပါတယ်။ နံပါတ်(၁၀)အကြောင်းမှာပါတယ်။ လေးခုထပ်နေပါတယ်။ အဲဒီလိုပါနေပါတယ်။ ဥပဒေကြမ်းအရ ကျွန်တော်ကတော့ ဒီစာအရေးအသားအရ ရေးနဲ့ဆက်ပြီးတော့သွားတဲ့အတွက်၊ ပြီးတော့ မသန်စွမ်းသူများအတွက် တစ်ကြိမ်ပဲသုံးလိုက်ပါတယ်။ ဒါဟာသူ့အတွက် ခင်းပြီးသားဖြစ်တဲ့အတွက်။ ဒါကြောင့်မို့လို့ အဓိပ္ပာယ်ချင်းလည်းတူတယ်။ ရည်ရွယ်ချက်ချင်းလည်းတူတယ်။ အရေးအသားပေါ်မူတည်ပြီး ကျွန်တော့်ရဲ့ပြင်ဆင်အဆိုပြုချက်ကို အတည်ပြုပေးနိုင်ပါရန် တင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဦးသောင်းဟန်ရဲ့တင်ပြချက်ဟာ ကော်မတီရဲ့တင်ပြချက်ရဲ့အဓိပ္ပာယ်ကို လွှမ်းခြုံစေပြီးတော့ ပိုမိုကျစ်လျစ်တဲ့အတွက် ဥပဒေကြမ်းကော်မတီက ထောက်ခံပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးသောင်းဟန်ရဲ့ပြင်ဆင်အဆိုပြုချက်ကို ဥပဒေကြမ်းကော်မတီကလည်း ထောက်ခံသွားပါတယ်။ ဦးသောင်းဟန်ရဲ့ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးသောင်းဟန်ရဲ့အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၆၇ ဦးသောင်းဟန်၊ ယင်းမာပင်မဲဆန္ဒနယ်မှဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ အမှတ်စဉ် ၆၇ ကို ကျွန်တော် ပြင်ဆင်ချက်အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ပြင်ဆင်ချက်ကတော့ (ခ) အထူးပညာရေးအစီအစဉ်ဖြင့် သင်ကြားပေးသောကျောင်းများ ထူထောင်နိုင်ရန် စီစဉ်ပေးရမည်။ ပုဂ္ဂလိက လူမှုရေးအဖွဲ့အစည်းနှင့် မသန်စွမ်းအသင်းအဖွဲ့များက ယင်းကျောင်းများဖွင့်လှစ်လိုပါက တည်ဆဲပညာရေးဥပဒေများနှင့်အညီ ခွင့်ပြုနိုင်သည်လို့ ကျွန်တော် ပြင်ဆင်ချက်အဆိုတင်သွင်းခြင်းဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီကတော့ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်ကို အတည်ပြုပေးရန် တင်ပြထားပါတယ်။ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်က ပင်မပညာရေးစနစ်ဖြင့်ပါပါတယ်။ ကျွန်တော်တို့ ပင်မပညာရေးစနစ်ကလည်း ဒီလိုရေးလိုက်ခြင်းအားဖြင့် Definition လိုလာလိမ့်မယ်လို့ ကျွန်တော် ယူဆပါတယ်။ ဘာဖြစ်လို့ဆို အငြင်းပွားဖွယ်ဖြစ်ပါလိမ့်မယ်။ ပင်မပညာရေးစနစ်ဆိုတာ ဘာလဲပေါ့။ အဲဒီလို အငြင်းပွားဖွယ်လည်းဖြစ်နိုင်ပါတယ်။ ပြီးတော့ ကျောင်းများထူထောင်သွားရန် စီစဉ်ပေးရမည်ဆိုတဲ့ အပိုဒ်ရဲ့အောက်မှာ ထို့အပြင် ပုဂ္ဂလိကလူမှုရေးအဖွဲ့အစည်းများနှင့် မသန်စွမ်းအသင်းအဖွဲ့များက ဖွင့်လှစ်လိုပါက ဖွင့်လှစ်ခွင့်ပြုနိုင်သည်ဆိုပြီးတော့ ဥပဒေနှင့်အညီ ဖွင့်လှစ်ခွင့်ပြုရမှာ။ ဒီအတိုင်းဖွင့်လှစ်ခွင့်ပြုရင် သူတို့က ဖွင့်လှစ်ခွင့်ပြုပြီပဲဆိုပြီးတော့ ဥပဒေကိုမျက်ကွယ်ပြုပြီး ဖွင့်လှစ်ဖို့အခွင့်ရသွားနိုင်ပါတယ်။ နောက် ဒုတိယအချက်ကတော့ အထူးပညာရေးအစီအစဉ်ဖြင့်လို့ ကျွန်တော်က ရေးသားတင်သွင်းတာဟာ အထူးပညာရေးဆိုတဲ့ Definition အဓိပ္ပာယ်ဖွင့်ဆိုချက်ကရှိပြီးသားဖြစ်ပါ တယ်။ ဒီဘက်မှာတစ်ခါ ပင်မပညာရေးစနစ်ဖြင့် သင်ကြားနိုင်ရန်ခက်ခဲသည့်မသန်စွမ်းသူများဆိုတော့ မသန်စွမ်းသူတွေကိုပဲ ခွဲခြားထားသလိုဖြစ်နေပါတယ်။ ကျွန်တော်ကတော့ အထူးပညာရေးမှာက မသန်စွမ်းသူဆို မည်သူမဆို

တက်လို့ရတဲ့အနေအထားမှာရှိပါတယ်။ သင်ကြားနိုင်ရန်ခက်ခဲသည့် မသန်စွမ်းသူများဆိုရင် သင်ကြားဖို့မခက်ခဲတဲ့လူတွေက ဒီအထူးပညာရေးမှာလာမသင်ရဘူးလို့ သွားပြီးတော့ အဓိပ္ပာယ်ပေါက်နေတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ကျွန်တော်တင်သွင်းတဲ့အဆိုကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဦးသောင်းဟန်ရဲ့တင်ပြချက်ဟာ ကျွန်တော်တို့ ပိုမိုပြီးတော့ပြည့်စုံစေတဲ့အပြင် မသန်စွမ်းအသင်းအဖွဲ့များက ယင်းကျောင်းများဖွင့်လှစ်လိုပါက တည်ဆဲပညာရေးဥပဒေများနှင့်အညီဆိုပြီးတော့ တိတိကျကျဖော်ပြထားတဲ့အတွက် ဥပဒေကြမ်းကော်မတီက ထောက်ခံပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးသောင်းဟန်ရဲ့ပြင်ဆင်အဆိုပြုချက်ကို ဥပဒေကြမ်းကော်မတီကလည်း ထောက်ခံဆွေးနွေးသွားပါတယ်။ ဦးသောင်းဟန်ရဲ့ပြင်ဆင်အဆိုပြုချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးသောင်းဟန်ရဲ့ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၃၇ အမှတ်စဉ် ၆၉ ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အမှတ်စဉ် ၆၉ ရဲ့ ပြင်ဆင်အဆိုပြုချက်ကို တင်သွင်းမှာဖြစ်ပါတယ်။ ပြင်ဆင်အဆိုပြုချက်အနေနဲ့ ရွှေ့ပြောင်းလုပ်သားများ၏ သားသမီးများနှင့် မိသားစုဝင်များအတွက် အခမဲ့ မသင်မနေရအခြေခံပညာမူလတန်းအဆင့်ပညာရေး ပြီးမြောက်စေရေးနှင့် အဆင့်ဆင့်တိုးချဲ့ဖော်ဆောင်နိုင်ရေးအတွက် ရွှေ့ပြောင်းကျောင်းများတည်ထောင်နိုင်ရန် စီစဉ်ပေးရမည်လို့ ဖြစ်ပါတယ်။ တင်ပြရတဲ့အကြောင်းအရင်းကတော့ အမျိုးသားပညာရေးဥပဒေရဲ့ပုဒ်မ ၁၁ ပုဒ်မခွဲ(င)နှင့် ပုဒ်မ ၂၁ ပုဒ်မခွဲ(ခ)မှာ ဒီအရေးအသားနှင့် ရေးသားပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ဒါ့ကြောင့် ရှေ့/နောက်ရေးထုံးညီညွတ်စေရေးအတွက် ပြင်ဆင်ခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**မူကြမ်း**

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဦးတင်မောင်ဦးရဲ့ အဆိုပြုချက်ဟာ ပိုမိုပြည့်စုံစေပြီးတော့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ရဲ့ အဓိပ္ပာယ်ကို မထိခိုက်စေတဲ့အတွက် ဥပဒေကြမ်းကော်မတီက ထောက်ခံပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးတင်မောင်ဦးရဲ့ ပြင်ဆင်အဆိုပြုချက်ကို ဥပဒေကြမ်းကော်မတီက ထောက်ခံတင်ပြသွားပါတယ်။ ဒီအဆိုပြုချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးတင်မောင်ဦးရဲ့အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၄၃ အမှတ်စဉ် ၈၅ ဦးမြသိန်း၊ မုဒုံမဲဆန္ဒနယ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြသိန်း(မုဒုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပုဒ်မ ၄၃ ပုဒ်မခွဲ(ခ)ကို နည်းနည်းလေးပြင်ချင်ပါတယ်။ ဘယ်လိုပြင်မလဲဆိုတော့ အခြေခံပညာအဆင့်တွင် တိုင်းရင်းသားဘာသာစကားကို မြန်မာဘာသာစကားနှင့်အတူ သင်ခန်းစာသုံးစကားဖြင့် တွဲဖက်အသုံးပြုနိုင်သည်ဆိုတာကို ကျွန်တော်တို့ ဘယ်လိုပြင်ထားလဲဆိုတာ အခြေခံပညာအဆင့်အတန်းတွင် တိုင်းရင်းသားဘာသာစကားကို မြန်မာဘာသာစကားနှင့်အတူ တိုင်းရင်းသားစာပေကို တွဲဖက်သင်ကြားရမည် ဖြစ်ပါသည်။ လွှတ်တော်က အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဒေါက်တာမောင်မောင်ဝင့်(ဗဟန်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီ၏ကိုယ်စား ကျွန်တော် ဒေါက်တာမောင်မောင်ဝင့်၊ ဗဟန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က တင်ပြမှာဖြစ်ပါတယ်။ ဒီပုဒ်မ ၄၃ ပုဒ်မခွဲ(ခ)နှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ စဉ်းစားတဲ့နေရာမှာ ပုဒ်မ၏ ရည်ရွယ်ချက်ကို ကောင်းကောင်းသဘောပေါက်နားလည်ဖို့ လိုအပ်မယ်လို့ကျွန်တော်ထင်ပါတယ်။ ရည်ရွယ်ချက်က ဘာလဲဆိုတော့ အခြေခံအဆင့်မှာရှိတဲ့ ကလေးများစာသင်ကြားတဲ့နေရာမှာ သဘောပေါက်နားလည်ဖို့၊ ရှင်းရှင်းလင်းလင်းသဘောပေါက် နားလည်ဖို့ ဒီလိုကျွန်တော်တို့ ဦးတည်တာဖြစ်ပါတယ်။ ဒါတင်မကသေးဘူး။ ကျွန်တော်တို့ အခြေခံပညာအဆင့်တိုင်းတွင် အခြေခံပညာ အဆင့်ဆင့်တိုင်းဆိုတော့ လက်တွေ့လုပ်ဆောင်ရမယ့်အပိုင်းလေးတွေလည်း စဉ်းစားရမှာ ဖြစ်ပါတယ်။ တိုင်းရင်းသားဘာသာစကားကို မြန်မာဘာသာစကားနှင့်အတူ

တိုင်းရင်းသားစာပေကို တွဲဖက်သင်ကြားရမယ်ဖြစ်ပါသည်ဆိုတော့ ကျွန်တော်တို့ တိုင်းရင်းသား ဘာသာစကားနှင့် စာပေဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သလို မြှင့်တင်ဆောင်ရွက်နိုင်ဖို့ရာအတွက် အခြေခံဥပဒေမှာရော၊ အမျိုးသားပညာရေးဥပဒေမှာရော ဖော်ပြထားပြီးသား ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက ဒီပုဒ်မနှင့်ပတ်သက်လို့ ရေးသားတင်ပြတဲ့နေရာမှာ အခြေခံပညာအဆင့်တွင် တိုင်းရင်းသားဘာသာစကားကို မြန်မာဘာသာစကားနှင့်အတူ စာသင်ခန်း သုံးဘာသာစကားအဖြစ် တွဲဖက်အသုံးပြုနိုင်သည်လို့ ကျွန်တော်တို့က အဆိုပြုတင်ပြပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက တင်ပြထားတဲ့အဆိုကို လက်ခံစဉ်းစားပေးဖို့တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးမြသိန်းရဲ့ အဆိုပြုချက်အပေါ် ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်ကိုသာ လွှတ်တော်က ဆုံးဖြတ်အတည်ပြုပေးဖို့ တင်ပြသွားတာရှိပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၄၅ အမှတ်စဉ် ၈၉ ဦးခင်မောင်သီ၊ လှိုင်လင်မဲဆန္ဒနယ်မှ အဆိုပြုဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(လှိုင်လင်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စာမျက်နှာ ၄၅ အမှတ်စဉ် ၈၉ အပိုဒ် ၄၉ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄၇ ကို အောက်ပါအတိုင်း အစားထိုးသည်။ ပုဒ်မ ၄၇ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် မိမိတို့ကလေး၏ ပညာရေးမြင့်မားစေရန်နှင့် စဉ်ဆက်မပြတ်သင်ယူမှုအခွင့်အလမ်းရရှိစေရန် ကျောင်းအုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခွင့်ရှိသည်ဟု အဆိုပြုထားပါတယ်။ အဆိုပြုပြဋ္ဌာန်းချက်ကို အမျိုးသားလွှတ်တော်က အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်မှာတော့ ပယ်ဖျက်ထားပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အတည်ပြုချက်မှာလည်း အမျိုးသားလွှတ်တော်အတည်ပြုချက်အတိုင်း ဖြစ်ပါတယ်။ ကျွန်တော်ရဲ့ ပြင်ဆင်ရန်တင်ပြချက်မှာ တည်ဆဲအမျိုးသားပညာရေးဥပဒေပုဒ်မ ၄၇ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် မိမိတို့ကလေး၏ ပညာရေးမြင့်မားစေရန်နှင့် စဉ်ဆက်မပြတ်သင်ယူမှုအခွင့်အလမ်းရှိစေရန် ဆရာ၊ မိဘဆရာအသင်း ကျောင်းအကျိုးတော်

ဆောင်အဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။ ပုဒ်မ ၄၇ မှာ တည်ဆဲအမျိုးသားပညာရေးဥပဒေမှာ ဆရာရဲ့အခိပ္ပာယ်ဖွင့်ဆိုချက်၊ မိဘဆရာအသင်းရဲ့အဓိပ္ပာယ် ဖွင့်ဆိုချက်၊ ကျောင်းအကျိုးဆောင်ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေ ပါရှိခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပုဒ်မ ၄၇ ကို တည်ဆဲအမျိုးသားပညာရေးပုဒ်မ ၄၇ ကို အကြောင်းအကျိုးညီညွတ်ပြီး ပိုမိုပြည့်စုံ ကောင်းမွန်ပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ အတည်ပြုပေး နိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဒေါက်တာမောင်မောင်ဝင့်(ဗဟန်းမဲဆန္ဒနယ်)**။ ။ ကျွန်တော်တို့ ဒီပုဒ်မ ၄၇ ဟာ အဆိုပြု ပြဋ္ဌာန်းချက်ထဲမှာ အစားထိုးသည်လို့ ရေးသားဖော်ပြထားပါတယ်။ ဒါကို အမျိုးသားလွှတ်တော်က ပယ်ဖျက်သည်လို့ ပြောပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ဥပဒေကြမ်း ကော်မတီကလည်း ထားရှိရန်လို့ ပြောတဲ့အတွက် ပုဒ်မ ၄၇ ဟာ ဒီအတိုင်းဆက်လက် တည်မှာဖြစ်ပါ တယ်။ အဲဒီမှာ ခုနက ဦးခင်မောင်သီ၊ ကိုယ်စားလှယ်ကြီးတင်ပြတဲ့ကိစ္စနှင့်ပတ်သက်လို့လည်း ကျွန်တော်တို့ နဂိုမူရင်းဥပဒေနှင့် အနှစ်သာရအားဖြင့် တူညီတဲ့အတွက် ကျွန်တော်တို့ လက်ခံနိုင်ရန် ရှိပါတယ်။ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်သီရဲ့ ပြင်ဆင်အဆိုပြုချက်ကို ဥပဒေကြမ်းကော်မတီက အတည်ပြု လက်ခံနိုင်ကြောင်း တင်ပြသွားပါတယ်။ ဦးခင်မောင်သီရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးခင်မောင်သီရဲ့အဆို အတည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၄၈ အမှတ်စဉ် ၉၇ ဦးသောင်းဟန်၊ ယင်းမာပင်မဲဆန္ဒနယ်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီအမှတ်စဉ်မှာက ပုဒ်မခွဲ(ခ)ကို ကျွန်တော်ပြင်ဆင်ခြင်းမဟုတ် ပါဘူးခင်ဗျား။ ကျွန်တော့်အနေနဲ့ တင်ပြတုန်းက ဒါအသစ်ဖြည့်စွက်ခြင်း ပုဒ်မခွဲ(ခ)ကို ကျွန်တော် ဒီတိုင်းလက်ခံထားပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီနှင့် ပညာရေးမြှင့်တင်မှုကော်မတီက ဒီထဲမှာရေးထားတဲ့ပုံစံကတော့၊ ဇယားမှာကတော့ ကျွန်တော်က ပုဒ်မခွဲ(ခ) ပြင်တဲ့ သဘောလေးဖြစ်

နေလို့ ဒါကို ကြိုတင်တင်ပြခြင်းဖြစ်ပါတယ်။ မူလပုဒ်မခွဲ(ခ)ကို ကျွန်တော် ဥပဒေကြမ်းကော်မတီ ပြင်ဆင်တဲ့အတိုင်း လက်ခံပါတယ်။ ကျွန်တော့်အနေနဲ့က (ခ) လို့ ပုဒ်မခွဲတက်ပြီးတော့ ပုဒ်မခွဲ(က)ရဲ့ အောက်မှာ ဆက်စပ်မှုရှိတဲ့အတွက် အသစ်ဖြည့်စွက်ခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ပုဒ်မခွဲ(ခ)အနေနဲ့ အသစ်ဖြည့်စွက်တာအနေနဲ့ သုတေသနပြုလုပ်ငန်းနှင့် သုတေသနစာတမ်း ဖတ်ကြားခြင်းတို့အတွက် သက်ဆိုင်ရာတက္ကသိုလ်၏သတ်မှတ်ချက်အရဖြစ်စေ၊ ပုဂ္ဂိုလ် သို့မဟုတ် အသင်းအဖွဲ့ကဖြစ်စေ ပစ္စည်း၊ ကိရိယာနှင့် ငွေကြေးထောက်ပံ့ကူညီမှုကို ရယူပိုင်ခွင့်ရှိသည်လို့ ဆရာ များရဲ့ အခွင့်အရေးတစ်ရပ်ကို ထည့်ပြီးတော့ ပြဋ္ဌာန်းခြင်းဖြစ်ပါတယ်။ သို့သော် နောက် ပုဒ်မခွဲ(ဃ)မှာ ကျွန်တော်တို့ ဆရာတွေရဲ့ အခွင့်အရေးနှင့် တာဝန်နဲ့ ရပိုင်ခွင့်ကို ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနက ပြဋ္ဌာန်းရမည်ဆိုတဲ့ ပြဋ္ဌာန်းချက်လည်းရှိပြီးဖြစ်ပါတယ်။ ဒါလည်း ကျွန်တော်သိပါတယ်။ သို့သော် ဆရာတွေရဲ့ သုတေသနဖွံ့ဖြိုးဖို့လုပ်တဲ့အခါမှာ ဆရာတွေမှာ ငွေကြေးကုန်ကျမှုတွေရှိတာကို မူလဥပဒေမှာကိုပဲ သူတို့ရဲ့ရပိုင်ခွင့်ကို ထည့်သွင်းပြဋ္ဌာန်းပေးရင် ပိုမို သင့်လျော်မယ်လို့ ယူဆတဲ့အတွက် ကျွန်တော် ဒီအပိုဒ်ကို ပြဋ္ဌာန်းဖို့ ပြင်ဆင်ခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်ရဲ့ ပုဒ်မခွဲ(ခ) သုတေသနပြုလုပ်ငန်းနှင့် သုတေသနစာတမ်းဖတ်ကြားခြင်း တို့အတွက် သက်ဆိုင်ရာတက္ကသိုလ်၏ သတ်မှတ်ချက်အရဖြစ်စေ၊ ပုဂ္ဂိုလ် သို့မဟုတ် အသင်းအဖွဲ့ကဖြစ်စေ၊ ပစ္စည်းကိရိယာနှင့် ငွေကြေးထောက်ပံ့မှုများကို ထောက်ပံ့ကူညီမှုကို ရယူပိုင်ခွင့်ရှိသည်ဆိုတဲ့ ပြင်ဆင်အဆိုပြုချက်အား အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် အခုတင်ပြချက်က စာမျက်နှာ ၄၈ အမှတ်စဉ် ၉၇ ပုဒ်မခွဲ(ခ)နှင့် မသက်ဆိုင်ဘဲ အသစ်ဖြည့်စွက်ခြင်းဆိုပြီး ဒီလိုတင်ပြပါတယ်။ ဒါကြောင့်မို့လို့ အမှတ်စဉ် ၉၇ ပုဒ်မခွဲ(ခ) ကိုလည်း ဥပဒေကြမ်းကော်မတီက တင်ပြတဲ့အတိုင်း ဦးသောင်းဟန် သဘောတူပြီးဖြစ်ပါတယ်။ ဒါ့ကြောင့် ဦးသောင်းဟန်ရဲ့ တင်ပြချက်ကို ပညာရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပြပေးပါ။ ဒုတိယဝန်ကြီးဆီမှာရော ဒီဇယားရှိမယ်ထင်ပါတယ်။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့။ ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်ပြောတဲ့အဓိပ္ပာယ်ရော ရပါသလား။

**မူကြမ်း**

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့။ လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အချက်ဟာဆိုလို့ရှိရင်တော့ အမျိုးသားပညာရေးဥပဒေမှာလည်း ပါပြီးသားဖြစ်ပါတယ်။ နောက်မှာဆိုလို့ရှိရင် သက်ဆိုင်ရာဘဏ္ဍာငွေစီမံခန့်ခွဲမှုအပိုင်းနဲ့ဆိုရင်လည်း သက်ဆိုင်ရာတည်ဆဲဥပဒေတွေနဲ့အညီ ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ဒီနေရာမှာတော့ သီးခြားထည့်သွင်းရန် မလိုပါကြောင်း ပညာရေးဝန်ကြီးဌာနရဲ့ သဘောထားမှတ်ချက်ကို တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဒေါက်တာမောင်မောင်ဝင့်(ဗဟန်းမဲဆန္ဒနယ်)**။ ။ အမှတ်စဉ် ၉၇ ပုဒ်မခွဲ(ခ)မှာ ပါရှိတဲ့ သင်ယူမှုဖွံ့ဖြိုးရေးအတွက် သင်ရိုးညွှန်းတမ်းနှင့် ကိုက်ညီသောနည်းစနစ်များကို လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိသည်လို့ တင်ထားတဲ့ကိစ္စဟာ ကျွန်တော်တို့ အကြိမ်ကြိမ် ဆွေးနွေးထားတဲ့နေရာမှာလည်း ဒါကိုပဲ ထောက်ခံထားတာဖြစ်တဲ့အတွက်ကြောင့် ဥပဒေကြမ်းကော်မတီက ဒီပုဒ်မခွဲ(ခ)ကို တည်ဖို့ရန်အတွက် တင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးသောင်းဟန်၊ ယင်းမာပင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့ ကိစ္စက Research နဲ့ဆိုင်ပါတယ်။ ဒီရည်ရွယ်ချက်ဟာ အင်မတန်မှ ကောင်းပါတယ်။ တက္ကသိုလ်တိုင်းမှာ Research Activity ရှိဖို့လိုအပ်တယ်ဆိုတာ ကမ္ဘာ့တက္ကသိုလ်တွေကလည်း ပြဋ္ဌာန်းထားပြီးသား ဖြစ်ပါတယ်ခင်ဗျား။ သို့ပေမယ့် ရည်ရွယ်ချက်ဘယ်လိုပဲ ကောင်းပေမယ့်လို့ ဒီနေရာမှာတော့ ကျွန်တော်တို့က အထူးတလည်ဒီကိစ္စကို ဖော်ပြဖို့ မလိုအပ်ဘူးလို့ ကျွန်တော်တို့ ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီကိစ္စနှင့်ပတ်သက်လို့ ဆိုင်ရာအဆင့်မြင့်ဥပဒေတွေမှာ သေချာပေါက်ထည့်သွင်းရေးသားမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီကိစ္စနှင့်ပတ်သက်လို့တော့ စိတ်ပူစရာမလိုဘဲနဲ့ ပယ်ဖျက်လိုက်ရင်ကောင်းမယ်လို့ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၉၇ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်ကကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် အမှတ်စဉ် ၉၇ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ အသစ်ဖြည့်စွက်ချက်နှင့် ပတ်သက်ပြီးတော့ ဦးသောင်းဟန်ရဲ့ အဆိုပြုချက်ကို ပညာရေးဝန်ကြီးဌာနရဲ့ သဘောထားမှတ်ချက်ကလည်း မလိုအပ်ကြောင်းနဲ့ ဥပဒေကြမ်းကော်မတီက လည်း ဒီအတွက်မလိုအပ်ကြောင်း တင်ပြဆွေးနွေးသွားပါတယ်။ ဒါကြောင့်ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ဖြစ်တဲ့ ဦးသောင်းဟန်ရဲ့ ပြင်ဆင်အဆိုပြုချက် ထည့်သွင်းရန်မလိုကြောင်းကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးသောင်းဟန်ရဲ့ ပြင်ဆင်အဆိုပြုချက် ပယ်ဖျက်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၀၁ စာမျက်နှာ ၅၀ ဦးသောင်းဟန်၊ ယင်းမာပင်မဲဆန္ဒနယ်မှ အဆိုပြုဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေနဲ့ အမှတ်စဉ် ၁၀၁ မှာ ပြင်ဆင်ချက်အဆို တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီရဲ့ တင်သွင်းထားတဲ့ပြင်ဆင်ချက်ဟာ ကျွန်တော်တို့ သဒ္ဒါနည်းအရ သင်ကြားနေသောဆရာလို့ ဒီလိုဆရာကိုအထူးပြုတဲ့ပုဒ်ဟာ ဆရာရဲ့ရှေ့မှာရှိနေတော့ သင်ကြားနေတဲ့ ဆရာ၊ သင်ကြားနေခြင်းမဟုတ်ဘဲနဲ့ ဒီဘာသာကို သင်တော့သင်တယ်။ သင်ကြားနေတာမဟုတ်ဘူး။ နားနေတာလည်းဖြစ်ချင်ဖြစ်မယ်ပေါ့။ ဒီလိုဟာမျိုး ဆရာနဲ့လွဲမှားသွားစရာအကြောင်းရှိပါတယ်။ ပုဒ် အထားအသိုကြောင့်။ ဒါကြောင့်မို့လို့ ကျွန်တော်က ဒီအပိုဒ်ကို ပညာရေးအဆင့်အသီးသီးတွင် သင်ကြားနေသော ဘာသာရပ်အားလုံးကို တန်ဖိုးထားပြီး ယင်းဘာသာရပ်များနှင့်စပ်လျဉ်း၍ ဆရာ များအကြား ခွဲခြားဆက်ဆံခြင်းမရှိစေရလို့ ဒီလိုပြင်ဆင်ရန် အဆိုတင်သွင်းခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ရဲ့အဆိုအား အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီမှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမောင်မောင်ဝင့်(ဗဟန်းမဲဆန္ဒနယ်)**။ ။ ဒီကိစ္စဟာ အချက်အလက်အားဖြင့် အရေးကြီး ပါတယ်ခင်ဗျား။ အရေးကြီးပေမယ့် ဒီကိစ္စကို ကျွန်တော်တို့ ဥပဒေမှာစာအားဖြင့် ဖော်ထုတ်တဲ့အခါမှာ အထိုက်အလျောက် ကျစ်ကျစ်လျစ်လျစ်ရှိပြီး အဓိပ္ပာယ်ပီပြင်ဖို့လည်း လိုအပ်တယ်လို့ ကျွန်တော်တို့ ထင်တဲ့အတွက် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ရေးသားတဲ့နေရာမှာ ပညာရေးအဆင့် အသီးသီးတွင် ဘာသာရပ်အားလုံးကို တန်ဖိုးထားပြီး သင်ကြားနေသောဆရာများအကြား ခွဲခြားဆက်ဆံခြင်းမရှိစေ ရလို့ ပြင်ဆင်ထားပါတယ်ခင်ဗျား။ ဒီစာပိုဒ်ကို ကျွန်တော်တို့ ဖတ်ကြည့်တဲ့အခါမှာ အဓိပ္ပာယ်က ပီပီ

ပြင်ပြင်လေးရှိနေပြီးတော့ တင်ပြချက်ကလည်း ပိုမိုကျစ်လျစ်တယ်လို့ ထင်တဲ့အတွက်ကြောင့် ဥပဒေကြမ်းကော်မတီ၏ ရေးသားတင်ပြချက်ကို အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးသောင်းဟန်ရဲ့ အဆိုပြုချက်အား ဥပဒေကြမ်းကော်မတီက ထပ်ဆင့်အဆိုပြုတဲ့နေရာမှာ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ကို လွှတ်တော်က လက်ခံပေးဖို့ တင်ပြသွားပါတယ်။ ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၅၄၊ အမှတ်စဉ် ၁၀၉ ဦးသောင်းဟန်၊ ယင်းမာပင်မဲဆန္ဒနယ် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ အမှတ်စဉ် ၁၀၉ ကျွန်တော်ရဲ့ပြင်ဆင်ချက်အဆိုကတော့ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲ(ခ) လုပ်ငန်းသဘာဝအရ သီးခြားခွင့်ပြုချက်ဖြင့် ထူထောင်ဖွင့်လှစ်ထားသည့် အဆင့်မြင့်ပညာကျောင်းများမှအပ ကျန်အဆင့်မြင့်ပညာကျောင်းများတွင် မိမိတို့၏ သင်ကြားရေးနှင့်စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် တက္ကသိုလ်ကောင်စီကိုလည်းကောင်း၊ ဒီဂရီ၊ ကောလိပ်နှင့် သိပ္ပံကျောင်းများတွင် သင်ကြားရေးနှင့်စီမံခန့်ခွဲရေးကောင်စီကိုလည်းကောင်း၊ သက်ဆိုင်ရာပညာရေးဥပဒေတို့နှင့်အညီ ဖွဲ့စည်းခွင့်ပြုရမည်လို့ကျွန်တော် ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီဘက်က အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ကို ဥပဒေကြမ်းကော်မတီက ဒီအတိုင်းအတည်ပြုရန် တင်ပြထားပါတယ်။ အဲဒါကတော့ ပုဒ်မခွဲ(ခ)ပါ လုပ်ငန်းသဘာဝအရ သီးခြားခွင့်ပြုချက်ဖြင့် ထူထောင်ဖွင့်လှစ်ထားသည့် အဆင့်မြင့်ပညာကျောင်းများမှအပ ကျန်အဆင့်မြင့်ပညာကျောင်းများတွင် မိမိတို့၏ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် တက္ကသိုလ်ကောင်စီကို သက်ဆိုင်ရာပညာရေးဥပဒေတို့နှင့်အညီ ဖွဲ့စည်းခွင့်ပြုရမည်လို့ ပါရှိပါတယ်။ တကယ်တော့ အဆင့်မြင့်ပညာအဆင့်မှာ တက္ကသိုလ်တွေတင်မဟုတ်ဘဲနဲ့ ကျွန်တော်တို့ ဒီဂရီကောလိပ်တွေ၊ ကောလိပ်တွေနဲ့ သိပ္ပံတွေလည်း ပါဝင်မှာဖြစ်ပါတယ်။ ဒီတော့ အဲဒီဟာတွေအတွက် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းသာဆိုရင် ဒီဂရီကောလိပ်တို့၊ ကောလိပ်တို့၊ သိပ္ပံတို့ကလည်းပဲ တက္ကသိုလ်ကောင်စီကိုဖွဲ့ရမည်လို့အဓိပ္ပာယ်သွားရောက်ပါတယ်။ ဒါကြောင့်မို့လို့လဲ ကျွန်တော် ခွဲခြားပြီးတော့ ပိုမိုရှင်းလင်းအောင်လို့

တက္ကသိုလ်ကောင်စီကိုလည်းကောင်း၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံကျောင်းများတွင် သင်ကြားရေးနှင့်စီမံခန့်ခွဲရေးကောင်စီကိုလည်းကောင်း သက်ဆိုင်ရာပညာရေး ဥပဒေတို့နှင့်အညီ ဖွဲ့စည်းခွင့်ပြုရမည်လို့ ဒီလိုပြင်ဆင်ခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ရဲ့ ပြင်ဆင်ချက်ကို အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်ခင်ဗျား။

**ဒေါက်တာမောင်မောင်ဝင့်(ဗဟန်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီပုဒ်မနဲ့ ပတ်သက်လို့ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များဆွေးနွေးတဲ့အခါမှာ ကျွန်တော်တို့ တိုင်ပင်ခဲ့ပါတယ်။ ဒီလိုတိုင်ပင်တဲ့အခါမှာ ဘွဲ့ပေးသောနေရာများမှာသာ University Council ရှိသင့်တယ်လို့ ကျွန်တော်တို့ကို အကြံပြုပါတယ်။ ဆိုချင်တဲ့သဘောက တက္ကသိုလ်များရှိတဲ့နေရာမှာသာ ကောင်စီရှိပြီးတော့ ကျန်တက္ကသိုလ်များ Affiliatiion အနေနဲ့သာ ရှိသင့်တယ်လို့ အကြံပြုထားတာ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့က နဂိုအတိုင်း အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ထဲမှာပါရှိတဲ့ လုပ်ငန်းသဘာဝအရ သီးခြားခွင့်ပြုချက်ဖြင့် ထူထောင်ဖွင့်လှစ်ထားသည့် အဆင့်မြင့်ပညာကျောင်းများမှအပ ကျန်အဆင့်မြင့်ပညာကျောင်းများတွင် မိမိတို့၏သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန်အတွက် တက္ကသိုလ်ကောင်စီကို သက်ဆိုင်ရာပညာရေးဥပဒေနှင့်အညီ ဖွဲ့စည်းခွင့်ပြုရမည်ဆိုတဲ့ အကြံပြုချက်၊ တင်ပြချက်ကို လက်ခံနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၅၅၊ အမှတ်စဉ် ၁၁၀ အသစ်ဖြည့်စွက်ချက် ဦးခင်မောင်သီ၊ လှိုင်လင်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(လှိုင်လင်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စာမျက်နှာ ၅၅၊ အမှတ်စဉ် ၁၁၁၊ အပိုဒ် ၆၁ တည်ဆဲဥပဒေပုဒ်မ ၅၇ ကို ပုဒ်မခွဲ(ဂ)ကို ပယ်ဖျက်ရန် ကျွန်တော်အဆိုပြုထားပါတယ်။ ပုဒ်မ ၅၇ ပုဒ်မခွဲ(ဂ) အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီသည် တက္ကသိုလ်နှင့် ကောလိပ်နှင့် သိပ္ပံများ

၏လွတ်လပ်သော ကိုယ်ပိုင်စီမံခန့်ခွဲမှုကို မထိခိုက်စေဘဲ ပေါင်းစပ်ဖြည့်စည်းညှိနှိုင်းဆောင်ရွက်ပေးခြင်းဖြင့် ကျောင်းများ၏ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရမည်လို့ ဒီဥပဒေမှာ ပြဋ္ဌာန်းထားပါတယ်။ ဒီဥပဒေမှာ အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီရဲ့ အခိပ္ပာယ်ဖွင့်ဆိုချက်ကိုလည်း ကျွန်တော်တို့ အမျိုးသားပညာရေးဥပဒေမှာ အတည်ပြုထားခဲ့ပြီးဖြစ်ပါ၍ ကျွန်တော်၏ ပြင်ဆင်ရန်တင်ပြထားသော ပုဒ်မ ၅၇၊ ပုဒ်မခွဲ(ဂ)ကို ရုပ်သိမ်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်တင်ပြချက်ဖြစ်တဲ့ စာမျက်နှာ ၅၅၊ အမှတ်စဉ် ၁၁၀ အသစ်ဖြည့်စွက်ချက် အပိုဒ် ၄၀ အမျိုးသားပညာရေးဥပဒေပုဒ်မ ၅၇ ပုဒ်မခွဲ(ဂ)တွင် (က) တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများဆိုသည့်စကားရပ်ကို တက္ကသိုလ်နှင့် ဒီဂရီကောလိပ်၊ ကောလိပ်နှင့်သိပ္ပံများဆိုသည့် စကားရပ်ဖြင့်လည်းကောင်း (ခ)ပါရှိသော အဆင့်မြင့် ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီဆိုသည့် စကားရပ်ကို ပုဒ်မ ၂၇ အရဖွဲ့စည်းသော ကော်မတီဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်ဟု ပြင်ဆင်တင်ပြချက်အား လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၅၇၊ အမှတ်စဉ် ၁၁၅ ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမှတ်စဉ် ၁၁၅ အပိုဒ်အနေနဲ့ ကျွန်တော်တို့ အသစ်ဖြည့်စွက်တင်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄၂ ပုဒ်မခွဲ(ဆ)မှာ မိမိနှစ်သက်ရာကျောင်းသို့မဟုတ်ဒေသများကို လွတ်လပ်စွာလျှောက်ထားပိုင်ခွင့်ရှိတယ်လို့ ပါပါတယ်ခင်ဗျား။ ဥပဒေတစ်ခုသည် ရိုးရှင်းဖို့၊ သဘာဝကျဖို့၊ လက်တွေ့ကျင့်သုံးနိုင်ခြင်းရှိ/မရှိ လေ့လာသုံးသပ်ဖို့လိုပါတယ်။ ဒါနဲ့

ပတ်သက်လို့ ဒီဥပဒေအတိုင်းသာထားမယ်ဆိုရင် အခြေခံပညာကျောင်းတွေမှာ ရန်ကုန်တိုင်းဒေသကြီးလိုမျိုးမှာဆို ဒဂုံ(၁)တို့၊ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းတို့၊ အ.မ.က(၅) ဒဂုံတို့ကို အားလုံးဝိုင်းပြီးတော့လျှောက်ကြမှာ ဖြစ်ပါတယ်။ အလားတူပဲ အဆင့်မြင့်ကျောင်းတွေမှာလည်းပဲ မြို့ကြီးပြကြီးတွေကိုပဲ လျှောက်ကြမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေမှာ လက်တွေ့ကျကျဖြစ်နိုင်ဖို့အတွက် ကျွန်တော် ဖြည့်စွက်တဲ့အပိုဒ်ကတော့ ဆရာများ၏တာဝန်ထမ်းဆောင်ခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနနှင့်ကျောင်းများ၏ လိုအပ်ချက်ပေါ်မူတည်ပြီး စိစစ်ရွေးချယ်ခန့်အပ်တာဝန်ပေးသည့် စနစ်ထားရှိခြင်း ဖြစ်ပါတယ်။ ပြင်ဆင်အတည်ပြုပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အသစ်ဖြည့်စွက်ချက်ဖြစ်တဲ့ ဦးတင်မောင်ဦးရဲ့ အဆိုပြုတင်ပြချက်ကို ဥပဒေကြမ်းကော်မတီက သဘောထားပြောဖို့လိုပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီက ရွှေပြည်သာ မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးတင်ပြတဲ့ ပြင်ဆင်ချက်အဆိုဟာ ဥပဒေရဲ့ရည်ရွယ်ချက်နဲ့ အကျိုးသက်ရောက်မှုနဲ့အညီ ပိုမိုဆီလျော်ပြည့်စုံတဲ့အတွက် သဘောတူ ထောက်ခံပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးတင်မောင်ဦးရဲ့ အဆိုပြုချက်ကို ဥပဒေကြမ်းကော်မတီက ထောက်ခံကြောင်း တင်ပြသွားပါတယ်။ ဦးတင်မောင်ဦးရဲ့ အဆိုပြုချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၁၆ ဒေါက်တာနေလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာနေလင်း(ဆိပ်ကမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြတဲ့(ဇ) ပညာသင်ယူမှုမပြီးဆုံးမီ အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူမှုရပ်တန့်ခဲ့ရသော ကျောင်းသားများအတွက် သင့်လျော်သောပညာသင်ယူခွင့် တစ်ခုခုပြန်လည်ရရှိစေရန် လိုအပ်သောအစီအမံများ သတ်မှတ်ထားရှိခြင်း အပိုဒ်ကိုဆွေးနွေးမှာ ဖြစ်ပါတယ်။ ဒီအပိုဒ်ဟာ ကျွန်တော်တို့ နှစ်ပိုင်းရှိပါတယ်။ တစ်ပိုင်းကတော့ ပညာသင်ယူမှုမပြီးဆုံးမီနှင့် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူမှုရပ်တန့်ခဲ့ရသော ဆိုတဲ့အပိုင်းဖြစ်ပါတယ်။ ပညာသင်ယူမှုမပြီးဆုံး

မိမှာဆိုတဲ့အခါမှာ ကျောင်းပညာရေးနှင့်ပတ်သက်ပြီးတော့ အခြေခံပညာရေး၊ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရေး၊ အဆင့်မြင့်ပညာရေးဖြစ်တဲ့ တက္ကသိုလ်၊ ကောလိပ်များမှာ သင်ကြားနေတဲ့ ကျောင်းသား/ကျောင်းသူများဖြစ်သလို အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူမှုရပ်တန့်ခဲ့ရသောမှာလည်း ကျန်းမာရေးကြောင့်ဖြစ်စေ၊ စီးပွားရေးကြောင့်ဖြစ်စေ၊ လူမှုရေးကြောင့်ဖြစ်စေ၊ နိုင်ငံရေးကြောင့်ဖြစ်စေ ကျောင်းထွက်ခဲ့ရတဲ့ ကျောင်းသားများဖြစ်ပါတယ်။ ဒီအပိုဒ်ဟာ ကျောင်းပြန်လည်လက်ခံခွင့်နှင့် ပတ်သက်တဲ့အပိုင်းဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံဖြည့်စွက်တဲ့အသစ် (ဇ)ဟာ မူလဥပဒေ အမျိုးသားပညာရေးဥပဒေရဲ့ အခန်း(၁၁) ပညာရေးစီမံခန့်ခွဲမှုရဲ့အောက်မှာပါရှိတဲ့ ပုဒ်မ ၅၈ ဝန်ကြီးဌာနရဲ့လုပ်ငန်းတာဝန်များနဲ့ ဖော်ပြထားတဲ့အချက် (၆)ချက်မှာ ထပ်မံဖြည့်စွက်တဲ့အချက်ဖြစ်ပါတယ်။ အဲ့ဒီတော့ ဒီအသစ်ထပ်မံဖြည့်စွက်တဲ့အချက်ဟာ ကျောင်းပြန်လည်လက်ခံခွင့်နဲ့ပဲပတ်သက်တဲ့အတွက်ကြောင့် ဒါပညာရေးစီမံခန့်ခွဲမှုနဲ့သာ သက်ဆိုင်တယ်လို့ ကျွန်တော်အနေနဲ့ယူဆပါတယ်။ ပုဒ်မ ၅၈ မှာဖော်ပြထားတဲ့ ဝန်ကြီးဌာနရဲ့လုပ်ငန်းတာဝန်များဟာ မဟာဗျူဟာများရေးဆွဲခြင်း၊ မူဝါဒများချမှတ်ခြင်း၊ ပညာရေးအရည်အသွေးစံနှုန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနဲ့ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၊ ပညာရှင်များနဲ့ပူးပေါင်းဆောင်ရွက်ခြင်း၊ ဘဏ္ဍာရေးစီမံခန့်ခွဲခြင်းတို့ပဲ ပတ်သက်နေတာတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ တင်ပြပါဒီ(ဇ)ကို ပညာရေး အခန်း(၁၁) ပညာရေးစီမံခန့်ခွဲမှုခေါင်းစဉ်အောက်မှာ ပုဒ်မအသစ်တစ်ခုအနေနဲ့ ဖြည့်စွက်ပေးပါရန် အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးမြသိန်း၊ မုဒုံမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြသိန်း(မုဒုံမဲဆန္ဒနယ်)**။ ။ ဒီစာပိုဒ်ကို ကျွန်တော်အနေနဲ့တော့ အောက်ပါအတိုင်း ပြင်ဆင်ချင်ပါတယ်။ ပညာသင်ကြားနေဆဲတွင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ကြားမှု ရပ်တန့်ခဲ့ရသော ကျောင်းသားများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာရပ်ကွက်ရှိ မူလတန်းကျောင်းမှ ဆရာဆရာမများ ပညာသင်ကြားရပ်တန့်နေသော ကျောင်းသားများကို ပြန်လည်သင်ကြားပေးရမည် ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ပြင်ဆင်ချက်ကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနရဲ့ ဆွေးနွေးသွားတဲ့ကိုယ်စားလှယ်နှစ်ဦးအပေါ်မှာ ပညာရေးဝန်ကြီးဌာနရဲ့ သဘောထားဆွေးနွေးပေးပါ။

**မူကြမ်း**

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးဆုံး ကိုယ်စားလှယ်တော်ကြီး ဒေါက်တာနေလင်း၊ ဆိပ်ကမ်းမဲဆန္ဒနယ်က ဆွေးနွေးသွားတဲ့ အပေါ်မှာသဘော ထားမှတ်ချက်တင်ပြရမယ်ဆိုလို့ရှိရင်တော့ ဒါသည်ပညာသင်ယူမှု မပြီးဆုံးမီ အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူမှုရပ်တန့်နေသော ကျောင်းသားများအတွက် သင့်လျော်သော ပညာသင်ယူခွင့် တစ်ခုခုပြန်လည်ရရှိစေရန်လိုအပ်သော အစီအမံများကို သတ်မှတ်ထားရှိခြင်းဆိုတာဟာ မူလကိုယ် စားလှယ်တော်ကြီး တင်ပြသွားသလိုပဲ ကျွန်တော်တို့ကခုနက ဒီ ၅၈ မှာပါတဲ့ မူဝါဒတွေ၊ မဟာဗျူဟာတွေ၊ စီမံချက်တွေထဲမှာ ရေးဆွဲသွားရမှာဖြစ်တဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ (ဇ)အနေနဲ့ တင်ပြချက်ဟာ ပိုမိုဆီလျော်တယ်လို့ သဘောထားမှတ်ချက်တင်ပြလိုပါတယ်။ ထပ်မံပြီးရှင်းလင်းအောင်တင်ပြရင်ဥပဒေကြမ်းကော်မတီရဲ့ သဘောထားမှတ်ချက်အတိုင်း ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒုတိယအချက်အနေနဲ့ကတော့ ကျွန်တော်တို့ ဦးမြသိန်း၊ မုဒုံမဲဆန္ဒနယ်ကနေပြီးတော့ တင်ပြတဲ့ အချက်အပေါ်မှာတော့ ဒါဟာ ပညာသင်ကြားနေဆဲမှာဆိုတာက ဒါဟာမူလတန်းအဆင့်တင်မဟုတ်ပါဘူး။ အခြားသောအဆင့်များပါနိုင်တဲ့အတွက် ဒီအချက်ကတော့ နည်းနည်းကျယ်ကျယ်ပြန့်ပြန့်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ သဘောထားမှတ်ချက်အတိုင်းပဲ ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ အသစ်ဖြည့်စွက်ချက် အပိုဒ်(ဇ)နှင့် ယှဉ်ပြီးတော့မှ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးဖြစ်တဲ့ ဆိပ်ကမ်းမဲဆန္ဒနယ်က ဒေါက်တာနေလင်း၊ မုဒုံမဲဆန္ဒနယ်က ဦးမြသိန်းတို့ နှစ်ဦးက ပြင်ဆင်အချက်အဆိုတင်သွင်းသွားတာ ဖြစ်ပါတယ်။ ပထမဦးစွာ ဆိပ်ကမ်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာနေလင်းတင်သွင်းတဲ့ ပြင်ဆင်ချက်နဲ့ပတ်သက်ပြီးတော့ ဥပဒေကြမ်းကော်မတီအနေနဲ့ သဘောမတူကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ ကျိုးကြောင်းဖော်ပြချက်ကတော့ အခန်း (၁၁) ပညာရေးစီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှုခေါင်းစဉ်အောက်တွင် ပုဒ်မအသစ်အဖြစ်သာ ဖြည့်စွက်သင့်ပါတယ်လို့ ပြင်ဆင်ထားပါတယ်။ ဒေါက်တာနေလင်းရဲ့ ပြင်ဆင်တင်ပြချက်ဟာ ဥပဒေအကြောင်းအချက်အလက် ပြင်ဆင်ချက်မဟုတ်ဘဲနဲ့ ပုဒ်မရဲ့ အထားအသိုနေရာကို ပြင်ဆင်ခြင်းဖြစ်ပါတယ်။ ဒီဟာနဲ့ပတ်သက်ပြီးတော့ တစ်ဆက်တစပ်တည်း ပုဒ်မအထား

အသို နှင့်ပတ်သက်ပြီးတင်ပြရရင် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးစောလှထွန်းကနေပြီးတော့မှ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ရန် တင်ပြပြီးတော့ လွှတ်တော်မှာ အတည်ပြုပြီးခဲ့တဲ့ စာမျက်နှာ ၅၆ အမှတ်စဉ် ၁၁၄ အသစ်ဖြည့်စွက်ချက် အပိုဒ် ၄၂ အမျိုးသားပညာရေးဥပဒေပုဒ်မ ၅၈ ပုဒ်မခွဲ(စ)၏နောက်တွင် ပုဒ်မခွဲ(ဆ)နှင့် (ဇ)အောက်ပါအတိုင်းအသစ်ဖြည့်စွက်ရမည်ဆိုတဲ့ ပြင်ဆင်ချက်က လွှတ်တော်ကအတည်ပြုပြီးသားဖြစ်တဲ့အတွက် တစ်ဆက်တည်း အမှတ်စဉ်ရမှာပဲ ဖြစ်ပါတယ်။ အဲဒီတော့ ၅၈ ပုဒ်မခွဲ(ဆ)ရဲ့အောက်မှာ (ဇ)ကိုတစ်ဆက်တည်းအမှတ်စဉ်ရမှာဖြစ်ကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ ဆက်လက်ပြီးတော့မှ မုဒုံမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမြသိန်း တင်သွင်း တဲ့ ပြင်ဆင်ချက်နဲ့ပတ်သက်ပြီးတော့ ဥပဒေကြမ်းကော်မတီအနေနဲ့ သဘောမတူကြောင်း ဆက်လက်တင်ပြအပ်ပါတယ်။ ကျိုးကြောင်းဖော်ပြချက်ကတော့ ဦးမြသိန်းရဲ့ ပြင်ဆင်တင်ပြချက်ဟာ ပညာသင်ကြားနေဆဲတွင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ကြားမှုရပ်တန့်ခဲ့ရသော ကျောင်းသားများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာရပ်ကွက်ရှိ မူလတန်းကျောင်းမှ ဆရာ ဆရာမများ ပညာသင်ကြားရပ်တန့်နေသော ကျောင်းသားများကို ပြန်လည်သင်ကြားပေးရမည်ဟု ဖြစ်ပါသည် ပြင်ဆင်ထားပါတယ်။ ဥပဒေအချက်အလက်အကြောင်းအရာများဟာ ကျဉ်းမြောင်းပြီးတော့ မူလတည်ဆဲဥပဒေရဲ့ ရည်ရွယ်ချက်နဲ့လည်း လျော်ညီမှုမရှိပါကြောင်း တင်ပြအပ်ပါတယ်။ မနေ့က ၆-၄-၂၀၁၅ ရက်နေ့မှာ ပြင်ဆင်တင်ပြတဲ့ လွှတ်တော်ကိုယ်စားလှယ်ကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဆောင်(I-2) မှာ ဖိတ်ကြားပြီးတော့ ဆွေးနွေးစဉ်ကလည်း ကိုယ်စားလှယ်အနေနဲ့ တက်ရောက်ခြင်းမရှိတဲ့အတွက် တက်ရောက်လာကြတဲ့ဥပဒေကြမ်းကော်မတီနဲ့ အသီးသီးသောကိုယ်စားလှယ်များဟာ ဥပဒေကြမ်း အတည်ပြုသဘောတူထားပြီးလည်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်တင်ပြချက်၊ အသစ်ဖြည့်စွက်ချက် (ဇ) ပညာသင်ယူမှု မပြီးဆုံးမီ အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူမှုရပ်တန့်ခဲ့ရသော ကျောင်းသားများအတွက် သင့်လျော်သော ပညာသင်ယူခွင့်တစ်ခုခု ပြန်လည်ရရှိစေရန် လိုအပ်သော အစီအမံများ သတ်မှတ်ထားရှိခြင်းလို့ဆိုတဲ့ ပြင်ဆင်တင်ပြချက်ကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်ကကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်ကကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၅၈ အမှတ်စဉ် ၁၂၀ ဦးမင်းဆွေ၊ ဒိုက်ဦးမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမင်းဆွေ(ဒိုက်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ စာမျက်နှာ ၅၈ အမှတ်စဉ် ၁၂၀ မှာ အမျိုးသား လွှတ်တော်က အမျိုးသားပညာရေးဥပဒေပုဒ်မ ၆၂ ကို အောက်ပါအတိုင်း အစားထိုးရမည်။ (က) နိုင်ငံ၏ ပညာရေးအသုံးစရိတ်ကို (၅)နှစ်အတွင်း သင့်လျော်သည့်ရာခိုင်နှုန်းအထိ နှစ်စဉ်တိုးမြှင်နိုင်ရန် ရည်မှန်းဆောင်ရွက်ရမည်လို့ အတည်ပြုထားပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ပုဒ်မ ၆၂ ပုဒ်မခွဲ(က) နိုင်ငံတော်၏ ပညာရေးအသုံးစရိတ်အားလုံး၏ ၂၀ ရာခိုင်နှုန်းအထိ ရောက်ရှိ ရေးအတွက် ရည်မှန်းချက်ထားဆောင်ရွက်ရမည်လို့ ပြင်ဆင်ထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တကယ်တော့ နိုင်ငံတော်ရဲ့ဘတ်ဂျက်ကို ကျွန်တော်တို့က ပညာရေးကဏ္ဍ ကိုဦးစားပေးရမယ်၊ ကျန်းမာရေးကဏ္ဍကို ဦးစားပေးရမယ်၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို ဦးစားပေး ရမယ်၊ စက်မှုကဏ္ဍဦးစားပေးရမယ်လို့ တောင်းဆိုလို့မရပါဘူး။ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ဘတ်ဂျက် ကိုစီမံခန့်ခွဲဖို့အတွက် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၀ ပုဒ်မခွဲ(ဂ) ဘဏ္ဍာရေး ကော်မရှင်သည် အပိုဒ် ခွဲ(၁)မှာ ပြည်ထောင်စုနယ်မြေ အသုံးစရိတ်များပါရှိသော ပြည်ထောင်စု၏အရ အသုံးခန့်မှန်းခြေငွေစာရင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက် ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေမှ ဘဏ္ဍာငွေများကို သင့်လျော်သလိုဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စတစ်ရပ်အနေဖြင့် ထောက်ပံ့ခြင်း၊ ချေးငွေများခွင့်ပြုခြင်းအပါအဝင် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း သို့မဟုတ် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော် သို့ထောက်ခံတင်ပြရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ကျွန်တော်တို့နိုင်ငံတော်ရဲ့ဘတ်ဂျက်မှာ အများဆုံး သုံးစွဲနေတယ်လို့ ပြောနေတဲ့ ကာကွယ်ရေးဝန်ကြီးဌာနရဲ့အသုံးစရိတ်ဟာဆိုလို့ရှိရင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ ၁၉.၆ ရာခိုင်နှုန်းရှိခဲ့ပြီးတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ၁၇.၂ ရာခိုင်နှုန်းပဲရှိခဲ့ပါ တယ်။ ဒါဆိုလို့ရှိရင် ကျွန်တော်တို့ ဒီနေ့ လောက်ကိုင်လိုအခြေအနေမျိုးကို မျှော်မှန်းထားမယ်ဆိုရင် ကာကွယ်ရေးဝန်ကြီးဌာနရဲ့ ဘတ်ဂျက်က လျှော့လို့မရပါဘူး။ ဒါဆိုရင် ကျွန်တော်တို့က ကာကွယ်ရေး ဝန်ကြီးဌာနက ၂၀ ရာခိုင်နှုန်းသုံးမယ်။ ပညာရေးဝန်ကြီးဌာနက ၂၀ ရာခိုင်နှုန်းသုံးမယ်ဆိုရင် ကျန်တဲ့ ကဏ္ဍတွေအတွက် ၆၀ ရာခိုင်နှုန်းပဲကျန်မှာဖြစ်ပါတယ်။ ဒါဆိုလို့ရှိရင် ကျွန်တော်တို့က ဆင်းရဲမွဲတေမှု

ပပျောက်ရေး၊ တောင်သူလယ်သမားအကျိုးစီးပွားမြှင့်တင်ရေး၊ တောနှင့်မြို့လူနေမှုဘဝကွာခြားမှု ကျဉ်းမြောင်းစေရေးဆိုတာတွေ၊ စက်မှုဖွံ့ဖြိုးတိုးတက်မှုဖြစ်စေရေးဆိုတာတွေကို ကျွန်တော်တို့က ဆောင်ရွက်ဖို့အတွက် အခက်အခဲဖြစ်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပုဒ်မ ၆၂ ပုဒ်မခွဲ (က)သည် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကိုကျော်လွန်ခြင်း၊ နိုင်ငံတော်ရဲ့လက်ရှိအခြေအနေနဲ့ မကိုက်ညီခြင်းတို့ကြောင့် ၎င်းအပိုဒ်အား ပယ်ဖျက်ပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်၊ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပုဒ်မ ၆၂ နဲ့ပတ်သက်တဲ့ မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း နိုင်ငံရဲ့ ပညာရေးအသုံးစရိတ်ကို (၅)နှစ်အတွင်း တစ်နိုင်ငံလုံး၏အသုံးစရိတ်၏ ၂၀ ရာခိုင်နှုန်း အနည်းဆုံးသုံးစွဲရမည်ဆိုတဲ့ ပြင်ဆင်ချက်ကို ပြန်လည်ပြဋ္ဌာန်းပေးဖို့ ကျွန်တော်တင်သွင်းပါတယ်။ ဒီလိုတင်သွင်းတဲ့အခါမှာ အကျိုးအကြောင်း ဖော်ပြချက်အနေနဲ့ကတော့ ဦးဆုံး ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ အရ ဘဏ္ဍာရေးကော်မရှင်ရဲ့ လုပ်ပိုင်ခွင့်တွေကိုကြောင့်ဆိုတဲ့အချက်ကို ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ ရိုးရိုးသားသားလေ့လာတဲ့ ကျွန်တော့်အနေနဲ့ကတော့ သဘောမတူပါဘူး။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၀ မှာ ၂၀ ရာခိုင်နှုန်းကို ဟန့်တားနိုင်တဲ့ပြဋ္ဌာန်းချက် တစ်ခုမှမပါ ဘူးလို့ ကျွန်တော် ရိုးသားစွာယုံကြည်ပါတယ်။ အဲဒီအပြင် ခိုင်မာတဲ့ဘဏ္ဍာရေးစနစ်ကို ဖြစ်ပေါ်စေတဲ့ အထိကို တွန်းအားပေးနေတဲ့အတွက် ၂၀ ရာခိုင်နှုန်းကိစ္စသည် အခြေခံဥပဒေအရ ဆန့်ကျင်တယ်လို့ ကျွန်တော်မယူဆပါဘူး။ ဒါနံပါတ်(၁)ပါ။ နံပါတ်(၂)ကတော့ ကျွန်တော်တို့လွှတ်တော်အတွင်းမှာ မေးကြတဲ့မေးခွန်းတွေ၊ အဆိုတွေအရ နောက် ကျွန်တော်တို့ ကိုယ်တိုင်ဖွံ့ဖြိုးရေးလုပ်ငန်းတွေလုပ်တဲ့ အခါမှာကျောင်းတွေရဲ့ပညာသင်ကြားမှုအခြေအနေ ဘယ်လောက်ဆိုးရွားနေတယ်ဆိုတာ ကျွန်တော်တို့ သိပါတယ် ကျောင်းတွေ ဥပဓိရုပ်မကောင်းတာတွေ၊ ဆရာဆရာမတွေလိုအပ်တာတွေ နောက်တစ်ခါ နှစ်စဉ် လူဦးရေက ရပ်တန့်နေတာ မဟုတ်ဘူး။ တိုးပွားနေတယ် အဲဒီလိုတိုးပွားနေတဲ့အမျှ ကျောင်းသူ ကျောင်းသားအရေအတွက်နှင့်အညီ ကျွန်တော်တို့နိုင်ငံအတွက် ကျောင်းသားလူငယ်တွေလောက် ကြီးမားတဲ့ အရင်းအနှီးမရှိပါဘူး။ ဒီအရင်းအနှီးအတွက် အနာဂတ်ရင်းနှီးမြှုပ်နှံမှုကြီးကို ကျွန်တော်တို့ လုပ်ပေးကြရပါမယ်။ ဒါကြောင့် ပညာရေးအသုံးစရိတ် ၂၀ ရာခိုင်နှုန်း (၅)နှစ်အတွင်း အနည်းဆုံး

သုံးရမယ်ဆိုတာ နိုင်ငံရဲ့အနာဂတ်အတွက် အကောင်းဆုံးရင်းနှီးမြှုပ်နှံမှုတစ်ခုကို ကျွန်တော်တို့ ဒီဥပဒေမှာထည့်သွင်းပေးနိုင်မှာပါ။ နံပါတ်(၃)အချက်ကတော့ နောင်ဘယ်သူပဲအစိုးရဖြစ်ဖြစ်၊ ဘယ်သူပဲသမ္မတဖြစ်ဖြစ် ပညာရေးနဲ့ပတ်သက်လို့ရှိရင် ၂၀ ရာခိုင်နှုန်းအခုလိုသတ်မှတ်ထားမယ်ဆိုရင် သူရဲ့ တာဝန်ယူမှုတွေ၊ တာဝန်ခံမှုတွေကို ကျွန်တော်တို့ အတိအကျထိန်းကျောင်းနိုင်ပါမှာ။ ကျွန်တော်တို့ နိုင်ငံမှာ ဥပဒေမရှိတဲ့အတွက် အပြောနဲ့ အလုပ်မညီဘဲနဲ့ ရှောင်ထွက်သွားတဲ့ကိစ္စတွေ အများကြီးရှိပါတယ်။ ဒါကြောင့် ဥပဒေပြဋ္ဌာန်းထားခြင်းဟာ ပိုမိုကောင်းမွန်တဲ့အတွက် အခု အမျိုးသားပညာရေး ဥပဒေ ပုဒ်မ ၆၂ ကို မူလအဆိုပြု ပြဋ္ဌာန်းချက်အတိုင်းထားရှိပေးရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ကို ကျွန်တော် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်နန်းစေအွာ၊ ဘားအံမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မအနေဖြင့် ပြင်ဆင်ရန်တင်ပြချက် ပုဒ်မ ၆၂ ပုဒ်မခွဲ(က)မှာ နိုင်ငံတော်ရဲ့ပညာရေးအသုံးစရိတ်ကို နိုင်ငံတော်အသုံးစရိတ် အားလုံး၏ ၂၀ ရာခိုင်နှုန်းအထိ နှစ်စဉ်တိုးမြှင့်နိုင်ရေးအတွက် ရည်မှန်းချက်ထားရှိဆောင်ရွက်ရမည်လို့ ကျွန်မအနေနဲ့ ပြင်ဆင်ထားပါတယ်။ ဒီနေရာမှာ နှစ်စဉ်ဆိုတဲ့စကားလုံးကို တိုးမြှင့်နိုင်ရေး အရှေ့မှာ မထားဘဲနဲ့ ရည်မှန်းချက်ထားရှိဆိုတဲ့အရှေ့မှာ နှစ်စဉ်ရည်မှန်းချက်ထားရှိဆောင်ရွက်ရမည်လို့ ပြန်ပြီးတော့ ပြင်ဆင်ချင်ပါတယ်ရှင့်။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ မနေ့က ကျွန်မတို့တစ်တွေသည် ဥပဒေပညာရှင်တွေနဲ့ရော၊ ဥပဒေကြမ်းကော်မတီနဲ့ပါ ညှိနှိုင်းဆောင်ရွက်ထားပြီးဖြစ်တဲ့အတွက်ကြောင့် ဥပဒေကြမ်းရဲ့သဘောထားအတိုင်းပဲ ကျွန်မက လိုက်နာပါမယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာစိုးရင်၊ ကမာရွတ်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(ကမာရွတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ပုဒ်မနှင့်ပတ်သက်ပြီးတော့ ကျွန်တော်ဆွေးနွေးလိုတဲ့ အကြောင်းကတော့ ပညာရေးကဏ္ဍနှင့်ဆိုင်တဲ့အသုံးစရိတ် ၂၀ ရာခိုင်နှုန်းအထိ ထားရှိမယ်ဆိုတဲ့အချက်ကိုတော့ ကျွန်တော့်အနေနဲ့ သဘောတူပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်လေ့လာသမျှ အခြား နိုင်ငံတကာဥပဒေတွေမှာလည်းပဲ ဒီလိုပဲ ထည့်သွင်းရေးဆွဲထားတာကို ကျွန်တော်လေ့လာရပါတယ်။ အဲဒီတော့ ကျွန်တော်ဒီမှာ ပြင်ဆင်ချင်တာကတော့ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့အချက်မှာ ထပ်မံဖြည့်စွက်လိုတဲ့အချက်ဖြစ်ပါတယ်။ ဒါကတော့ ဒီနေ့ ကျွန်တော်တို့နိုင်ငံမှာကျင့်သုံးနေတဲ့ နှစ်စဉ်

ဘတ်ဂျက်ရေးဆွဲတဲ့စနစ်နဲ့လိုက်လျောညီထွေရှိစေဖို့အတွက် ကျွန်တော့်အနေနဲ့ နှစ်စဉ်တိုးမြှင့်ဆောင်ရွက်ရမည်ဆိုတဲ့အချက်ကလေးကို ဖြည့်စွက်ချင်ပါတယ်။ ဒါလေးပါပဲ။ အဲဒီတော့ ကျွန်တော် အဆိုပြုချက်ကို အပြည့်ဖတ်ရမယ်ဆိုရင် နိုင်ငံတော်၏ ပညာရေးအသုံးစရိတ်ကို နိုင်ငံတော်အသုံးစရိတ်အားလုံး၏ ၂၀ ရာခိုင်နှုန်းအထိ ရောက်ရှိရေးအတွက် ရည်မှန်းချက်ထားပြီး နှစ်စဉ်တိုးမြှင့်ဆောင်ရွက်ရမည်လို့ အဆိုပြုချင်ပါတယ်။ လွှတ်တော်က ဆွေးနွေးပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်းဖြစ်ပါတယ်။ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ကန့်လန့်ဖြတ်ဇယားစာမျက်နှာ ၅၈ အမှတ်စဉ် ၁၂၀ ပုဒ်မ ၄၅ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၆၂ ကို အောက်ပါအတိုင်း အစားထိုးရမည်။ အစားထိုးရမည့် ပုဒ်မ ၆၂ ပုဒ်မခွဲ(က)ကတော့ နိုင်ငံတော်၏ ပညာရေးအသုံးစရိတ်ကို နိုင်ငံတော်အသုံးစရိတ်အားလုံး၏ ၂၀ ရာခိုင်နှုန်းအထိ ရောက်ရှိစေရေးအတွက် ရည်မှန်းချက်ထားရှိဆောင်ရွက်ရမည်လို့ ဥပဒေကြမ်းကော်မတီက ပြင်ဆင်အဆိုပြုထားပါတယ်။ ဒိုက်ဦးမဲဆန္ဒနယ်က ကိုယ်စားလှယ်ကြီး ဦးမင်းဆွေ၊ သယ်န်းကျွန်းမဲဆန္ဒနယ်က ကိုယ်စားလှယ်ကြီး ဦးသိန်းညွန့်၊ ဘားအံမဲဆန္ဒနယ်က ဒေါ်နန်းစေအွာ၊ ကမာရွတ်မဲဆန္ဒနယ်က ဒေါက်တာစိုးရင်တို့ရဲ့ ပြင်ဆင်အဆိုပြုချက်များအပေါ်မှာ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီနဲ့ သက်ဆိုင်ရာကော်မတီများ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြရာမှာ နိုင်ငံတော်အတွက် အလွန်တရာမှ အရေးကြီးဆုံးဟာ ပညာရေးကဏ္ဍဖြစ်ပါတယ်။ HRD ကိစ္စကို တာဝန်ယူဆောင်ရွက်ရတဲ့၊ လုပ်ရတဲ့ဝန်ကြီးဌာနရဲ့ အနေအထား၊ နိုင်ငံတော်ရဲ့အနေအထား၊ နိုင်ငံတော်ရဲ့ဘတ်ဂျက်အနေအထား၊ နိုင်ငံတကာမှာ ရေးဆွဲပြဋ္ဌာန်းထားတဲ့ ဥပဒေတွေရဲ့ ပညာရေးနဲ့ပတ်သက်တဲ့ ဥပဒေတွေရဲ့ အနေအထားကို ကျွန်တော်တို့ ကြည့်ရှုလေ့လာသုံးသပ်ပြီးတော့မှ ဒီ ၂၀ ရာခိုင်နှုန်းအထိ ရောက်ရှိအောင် ရည်မှန်းချက်ထားဆောင်ရွက်ရမည်ဆိုတာ ရေးဆွဲတင်ပြခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံ

ဥပဒေနဲ့ ညီညွတ်ကြောင်း ပထမဦးစွာ တင်ပြလိုပါတယ်။ နောက်ပြီးရင် ကျွန်တော်တို့ ပညာရေးမူဝါဒ ကော်မရှင်ရဲ့သက်တမ်းကို ကျွန်တော်တို့ (၅)နှစ်သတ်မှတ်ထားဖော်ပြထားပြီး ဥပဒေထဲမှာ ရေးဆွဲထားပြီးဖြစ်ပါတယ်။ ပညာရေးစီမံကိန်းကာလတွေကိုလည်း ကျွန်တော်တို့ (၅)နှစ်တာကာလနဲ့ ရေးဆွဲထားတာဖြစ်တဲ့အတွက်ကြောင့် (၅)နှစ်အတွင်းဆိုတဲ့ စကားရပ်ကို ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ထားပါတယ်။ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေအသုံးစရိတ် တောင်းခံတာဖြစ်တဲ့အတွက်ကြောင့် နှစ်စဉ်ဆိုတဲ့ စကားလုံးကို ကျွန်တော်တို့ ပယ်ဖျက်ထားပါတယ်။ နိုင်ငံ၏၊ နိုင်ငံတော်၏၊ တစ်နိုင်ငံလုံး အသုံးစရိတ်၏ဆိုတဲ့ စကားလုံးတွေဟာ စကားရပ်များဟာ ကျွန်တော်တို့ ဘဏ္ဍာရေးဆိုင်ရာ အသုံးအနှုန်းများနှင့်ကိုက်ညီမှုမရှိတဲ့အတွက်ကြောင့်၊ ကိုက်ညီစေရန် နိုင်ငံတော်၏ နိုင်ငံတော်အသုံးစရိတ်အားလုံး၏ဟု ကျွန်တော်တို့ ပြင်ဆင်ဆောင်ရွက်ထားပါတယ်။ နောက်တစ်ချက်တင်ပြလိုတာကတော့ ကျွန်တော်တို့ ကိုယ်စားလှယ်ကြီးများဆွေးနွေးသလို နှစ်စဉ်တိုးမြှင့်သုံးစွဲရန်မှာ စကားလုံးအရ ကျွန်တော်တို့ ဒါဟာ နိုင်ငံတော်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာနှင့် ဘဏ္ဍာရေးကော်မရှင်တို့ရဲ့ လုပ်ပိုင်ခွင့်ထဲမှာလည်း ပါဝင်နေတာဖြစ်ပါတယ်။ ဒါကြောင့်မို့ ဥပဒေကြမ်းကော်မတီအနေနဲ့ ကျွန်တော်တို့ အဆိုပြုချက်ဖြစ်တဲ့ အားလုံးကိုလည်း ခြုံငုံမိပြီး ဖော်ပြထားတဲ့ အဆိုပြုချက်ဖြစ်တဲ့ နိုင်ငံတော်၏ ပညာရေးအသုံးစရိတ်ကို နိုင်ငံတော်အသုံးစရိတ်အားလုံး၏ ၂၀ ရာခိုင်နှုန်းအထိ ရောက်ရှိစေရေးအတွက် ရည်မှန်းချက်ထားရှိဆောင်ရွက်ရမည်ဆိုတဲ့ အဆိုပြုပြဋ္ဌာန်းချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ဥပဒေကြမ်းကော်မတီကိုယ်စား တင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ နိုင်ငံတော်၏ ပညာရေးအသုံးစရိတ်ကို နိုင်ငံတော်အသုံးစရိတ်အားလုံး၏ ၂၀ ရာခိုင်နှုန်းအထိရောက်ရှိစေရေးအတွက် ရည်မှန်းချက်ထားရှိဆောင်ရွက်ရမည်ဆိုတဲ့ ပြင်ဆင်ချက်အဆိုကို လွှတ်တော်ကကန့်ကွက်ရန်ရှိပါသလား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီကိုယ်စား တင်ပြသွားတဲ့ တပ်မတော်သားကိုယ်စားလှယ်ရဲ့ အဆိုပြုတင်ပြချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၅၉ အမှတ်စဉ် ၁၂၂ ဦးသောင်းဟန်၊ ယင်းမာပင်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်က အမှတ်စဉ် ၁၂၂ ကို တကယ်ကတော့ ဥပဒေကြမ်းကော်မတီရဲ့ အမျိုးသား လွှတ်တော်၏ အတည်ပြုချက်အတိုင်းဆိုတဲ့ ခြေဆင်းကို ကျွန်တော်သဘောတူပါတယ်။ သို့သော် ကျွန်တော်အကြမ်းရေးပြီးတော့ ကျွန်တော်က ဒီမှာတင်လိုက်တဲ့အခါမှာ အဲဒီပညာရေးဆိုတဲ့ စကားလုံး ကျသွားတဲ့ သဘောရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီအမှတ်စဉ် ၁၂၂ ကတော့ ဥပဒေကြမ်းကော်မတီရဲ့ အတည်ပြုချက်အတိုင်း ကျွန်တော်ဆွေးနွေးလိုပါတယ်။ ကျွန်တော် တစ်ကယ်ပြင်ချင်တာကတော့ အောက်အပိုဒ်ဖြစ်တဲ့ ပုဒ်မခွဲ(က)မှာပါတဲ့ စေတနာရှင်ဆိုတဲ့ စကားလုံးကို ကျွန်တော် အလှူရှင်ဆိုတာနဲ့ ပြောင်းလဲပြီးတော့ ပြင်ဆင်ချင်ပါတယ်။ စေတနာရှင်ဆိုတာကတော့ ကျွန်တော်တို့ ဝိဝါဒကွဲစရာရှိ ပါတယ်။ လှူချင်မှလှူအုံးမယ်။ လှူပြီးသားလည်းဖြစ်ချင်ဖြစ်မယ်ပေါ့။ အဲဒီလိုသဘောမျိုးရှိတယ်လို့ ယူဆပါတယ်။ အလှူရှင်လို့သုံးလိုက်ခြင်းအားဖြင့်ကတော့ ဒါဟာဥပဒေသဘောတရားအရ အငြင်းပွား ဖွယ်လည်းမရှိတော့ ပိုမိုကျစ်လျစ်သွားတယ်လို့ ကျွန်တော် ဒီလိုသဘောပေါက်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပုဒ်မခွဲ(က)မှာပါတဲ့ ပြဋ္ဌာန်းချက်မှာ စေတနာရှင်ဆိုတဲ့ စကားလုံးအစား ကျွန်တော်က အလှူရှင်အဖြစ်နဲ့ အလှူရှင်ဆိုတဲ့ စကားလုံး နဲ့ပြောင်းလဲပြီးတော့ ပြဋ္ဌာန်းချက်ကိုတင်သွင်းခြင်းဖြစ်တဲ့ အတွက် ကျွန်တော့်ရဲ့ ပြင်ဆင်ချက်အဆိုအား အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက အမှတ်စဉ် ၁၂၂ နဲ့ ၁၂၃ အတွက် တပေါင်းတည်း ရှင်းလင်းဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်လန့်ဖြတ်ဇယား စာမျက် နှာ ၅၉ အမှတ်စဉ် ၁၂၂ မှာ ဥပဒေကြမ်းကော်မတီအနေနဲ့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ပုဒ်မ ၆၃ မှာ သက်ဆိုင်ရာကျောင်း သို့မဟုတ် ပညာရေးအဖွဲ့အစည်း သည်ဆိုတာကို အဆိုပြုထားပါတယ်။ ယင်းမာပင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဟန်ရဲ့ ပြင်ဆင်အဆိုပြုချက်ကတော့ ခုနကတင်ပြသလိုပဲ စာကျန်သွားတယ်လို့ပဲယူဆပြီး အဆိုပြုချက်ကို ပြန်ရုပ်သိမ်းတယ်လို့ ဥပဒေကြမ်းကော်မတီက သဘောရပါတယ်။ ဒါကြောင့်မို့ အမှတ်စဉ် ၁၂၂ ကို ဥပဒေကြမ်းကော်မတီက အဆိုပြုထားတဲ့အတိုင်း သက်ဆိုင်ရာကျောင်းသို့မဟုတ်

ပညာရေးအဖွဲ့အစည်းသည်ဆိုတဲ့ အဆိုပြုချက်ကို လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၅၉ အမှတ်စဉ် ၁၂၃ မှာ ပုဒ်မ ၆၃ ပုဒ်မခွဲ(က)အတွက်ကို ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန်ရဲ့ ပြင်ဆင်အဆိုပြုချက်ဖြစ်တဲ့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ဖြစ်တဲ့ ဘဏ္ဍာငွေသုံးစွဲရာတွင်တည်ဆဲ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲပြီး စာရင်းဇယားမှတ်တမ်းများကို စေတနာရှင်နှင့် အများပြည်သူတို့ ထင်သာမြင်သာရှိစေရန် ဆောင်ရွက်ရမည်ဆိုတဲ့ စကားမှာ ကျွန်တော်တို့ စေတနာရှင်ဆိုတဲ့ စကားရပ်နဲ့ အလှူရှင်ဆိုတဲ့ စကားရပ်ကို အစားထိုးပြီး ပြင်ဆင်အဆိုပြုထားတာ တွေ့ရပါတယ်။ ဦးသောင်းဟန်၊ ယင်းမာပင်မဲဆန္ဒနယ် တင်ပြတဲ့ပြင်ဆင်အဆိုပြုချက် အလှူရှင်ဆိုသော စကားလုံးဟာ ပိုပြီးပြည့်စုံပြီး ပိုမိုတိကျတဲ့အတွက်ကြောင့် ဦးသောင်းဟန်၊ ယင်းမာပင်မဲဆန္ဒနယ်ရဲ့ အဆိုပြုတင်ပြချက်ကို ဥပဒေကြမ်းကော်မတီက ထောက်ခံပါကြောင်း တင်ပြ အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်လန့်ဖြတ်ဇယား အမှတ်စဉ် ၁၂၂ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၂၃ ဦးသောင်းဟန်ရဲ့ ပြင်ဆင်အဆိုပြုချက်ကို ဥပဒေကြမ်းကော်မတီက ထောက်ခံတင်ပြထားပါတယ်။ ဒါကြောင့် ဦးသောင်းဟန်ရဲ့ ပြင်ဆင်အဆိုပြုချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးသောင်းဟန်ရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များ အချိန်ကို မှန်မှန်ကန်ကန်ကျင့်သုံးနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ၄း၀၀ နာရီကျော်လွန်ပြီးလုပ်စရာမလိုတော့ပါဘူး။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြုသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့

အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၁)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၈ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့ကို ၁၅း၄၀ နာရီအချိန်တွင် ရပ်နားပါသည်။]